# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၇၆)

Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။
"သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။"
(ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အခြေခံကောင်းများဖော်ဆောင်ပေး

နေပြည်တော် ဒီဇင်ဘာ ၁၅

**နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က နှစ် (၄၀)မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-**

ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော နှစ် (၄၀)မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းပေးပြီးနောက် ရခိုင်ပြည်နယ်နေ့ကို ရွေးချယ်သတ်မှတ်ရာ၌ ပထမအကြိမ် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲ စတင်ကျင်းပသည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို

စာမျက်နှာ ၃ ကော်လံ ၁ ※

**သာယာလှပသော ငပလီကမ်းခြေ၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ မြေသြဇာကောင်းမွန်သော မြောက်ပိုင်းလွင်ပြင်ဒေသတို့သည် နိုင်ငံတကာက အထူးစိတ်ဝင်စားသော မြေပေါ်၊ မြေအောက် သဘာဝသယံဇာတများဖြစ်ပြီး မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သည်လည်း တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာတစ်ခုဖြစ်။**

# ကြိုတင်ပြင်ဆင်မှုများဖြင့် လှုပ်ရှားစည်ဝေနေသည့် နှစ်(၄၀)မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား



သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ၊မင်းမင်းဇော်
ဓာတ်ပုံ-ဌေးအောင်

စစ်တွေ ဒီဇင်ဘာ ၁၄

နှစ်(၄၀) ပြည့် ရခိုင်ပြည်နယ်နေ့ ရောက်ရှိပြီ။ ပတ္တမြားရတုတိုင်ခဲ့ပြီဖြစ်သည့် ရခိုင်ပြည်နယ်နေ့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးပြီး ခမ်းနားထည်ဝါစွာကျင်းပရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး စစ်တွေမြို့ ဝက်ပါကွင်းတွင် ရခိုင်ရိုးရာ ကျင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

# တောင်လှေကားမြို့ရှောင်လမ်း ၂၀၁၅ အတွင်း အပြီးဖောက်လုပ်မည်

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ-ခရမ်းစိုးမြင့်

ပြင်ဦးလွင်မြို့သည် ပုဂံမင်းလက်ထက် သက္ကရာဇ် ၁၂၁၂ အေဒီ ၁၈၅၀တွင် စတင်တည်ထောင်ခဲ့သည်ဟုသိရပြီးနောက် တစ်ဖန်ပြင်ဦးလွင်ဆိုသည့် အမည်ကို သက္ကရာဇ် ၁၁၄၉၊ အေဒီ ၁၇၈၇၊ ပဒုံမင်းလက်ထက်ထုတ်ပြန်သည့် အမိန့်တော်တစ်ခု၌ ပါရှိသောကြောင့် ထိုနှစ်များကတည်းက တည်ရှိနေပြီဟု ယူဆရသည်။

နှစ်(၁၀၀)ပြည့်ပွဲတော်ကို ၁၉၉၆ ခုနှစ် ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ ကျင်းပခဲ့သည်။ မြို့မှာပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ ပေမြင့်ပြီး တောင်ပေါ်မြို့ဖြစ်သောကြောင့် အမြဲအေးမြ၍နေပေသည်။ မြို့ပြင်ဦးလွင်ကို တောင်လှေကားမြို့၊ နှင်းမှုံမြို့ဟုလည်းကောင်း တင်စားခေါ်ဝေါ်ကြသည်။ မန္တလေးမြို့နှင့်လည်း ၄၂ မိုင်သာ ဝေးကွာသောကြောင့် အလည်လာသူ၊ အပန်းဖြေအနားယူသူများဖြင့် အမြဲမပြတ် စည်ကားများပြားလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■



ပြင်ဦးလွင်မြို့ရှောင်လမ်းကို စက်ကြီးများဖြင့်မြေညှိလမ်းကြိတ် ဆောင်ရွက်နေစဉ်။


ယနေ့ မာတိကာ

ရွှေးကောက်ပွဲ အနိုင်ရရှိသည့် ရှင်ဇိုအာဘေး — စာ ၄

ကျွန်တော်နဲ့ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများ (ဆောင်းပါး) — စာ ၆

အမေရိကန်အစိုးရ၏ ပညာသင်ဆုအစီအစဉ် ထူးချွန်ကျောင်းသားလူငယ်များအတွက် စတင် — စာ ၁၂

ချယ်လ်ဆီးသုံးမှတ် အသာပြန်ရ — စာ ၁၄


**ကြော်ငြာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ရောင်စုံကြော်ငြာ အချပ်ပို လေးမျက်နှာနှင့် အဖြူအမည်း ရှစ်မျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ-ကိုရီးယားဆက်ဆံရေးတိုးတက်ခိုင်မာ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖော်ဆောင်နေချိန်တွင် ကိုရီးယားကလည်း မြန်မာနိုင်ငံအပေါ် မိတ်ကောင်းဆွေကောင်းနိုင်ငံအဖြစ် အလေးထား ဆက်ဆံလာခဲ့သည်ကို သတိပြုမိသည်။ မြန်မာနှင့်ကိုရီးယားသမ္မတနိုင်ငံတို့သည် ပထဝီအနေအထားအရ ဝေးကွာသော်လည်း အစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိကြသည့် နိုင်ငံများဖြစ်ကြပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနှင့် ကိုရီးယားနိုင်ငံတို့အကြား ဆက်ဆံရေးသည်တဖြည်းဖြည်း နက်ရှိုင်းတိုးတက်လာခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး တက်ရောက်ရန်ရောက်ရှိခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စသောကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထွန်းကားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အပြန်အလှန် ဖလှယ်မှုတိုးမြှင့်ရေး၊ ဆိပ်ကမ်းနှင့် ရေလမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးနှင့် ဇီဝလက်နက်မပြန့်ပွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုသည် ၂၀၁၅ ခုနှစ်တွင် နှစ် (၄၀) ပြည့်မြောက်တော့မည်ဖြစ်၍ နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာလည်း တိုးတက်လျက်ရှိပါသည်။ ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံအပေါ် အကူအညီပေးရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံအကြား တရားဝင်ဖွံ့ဖြိုးရေးအကူအညီ (ODA)၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်နေပါသည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏ ဆဋ္ဌမမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာသန်းပေါင်း ၁၅၇၀ ရှိကာ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ တောင်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်းသုံးထောင်ကျော်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုအဆင့်(၆)ရှိကြောင်း သိရသည်။ သို့ပါ၍ မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ဆက်ဆံရေးသည် အဘက်ဘက်မှ တိုးတက်လာလျက်ရှိရာ မြန်မာပြည်သူများအတွက် အကျိုးစီးပွား ရလဒ်ကောင်းများ ဆက်လက်ဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ၂၀၁၅ ခုနှစ်၊ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက် (၄)ရပ်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက်အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။
- ☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့်စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့များ လုပ်ငန်းစဉ်ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ယဉ်ကျေးမှုဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အီတလီနိုင်ငံအစိုးရ၏ အကူအညီဖြင့် ကျင်းပသော Capacity Building for Safeguarding Cultrual Heritage in Myanmar Phase II စီမံကိန်း၏ အပိုင်း-၂ ဖြစ်သော Working session on Disaster Risk Preparedness for Pyu Ancient Cities World Heritage လုပ်ငန်းစဉ် ညှိနှိုင်းစည်းဝေးကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်ထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် UNESCO မှ ပညာရှင်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း ရှေးဟောင်းပျူမြို့ သုံးမြို့၏ တာဝန်ခံများနှင့် ပူးပေါင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းစဉ်ညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်ပြီး ရရှိလာသည့် အကျိုးရလဒ်များအပေါ် ဒေသနှင့်ကိုက်ညီပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့်လက်တွေ့ကျသော စီမံကိန်းဖြစ်လာစေရေးအတွက် ချွတ်ယွင်းချက်အနည်းဆုံး အကောင်အထည်ဖော် ဆောင်နိုင်ရန် ဖြည့်စွက်ဆွေးနွေးမှာ ကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးပွဲသို့ UNESCO (ရန်ကုန်)ဌာနေကိုယ်စားလှယ်နှင့် ပညာရှင်များ၊ သရေခေတ္တရာ Drafting Team၊ ဗိဿနိုး Drafting Team၊ ဟန်လင်း Drafting Team၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးအသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ဒီဇင်ဘာ ၁၂ ရက်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ ဒေါ်မိမိတင်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ရှင်းလင်းဆွေးနွေးသည်။ ဆေးတိုက်ကျွေးမည့် အသက်အရွယ်မှာ အသက်နှစ်နှစ်အထက်မှ အသက် ၇၀ အောက်အထိ ကျန်းမာသောသူများကို ဆေးတိုက်ကျွေးမည်ဖြစ်ပြီး ဆေးတိုက်အဖွဲ့များမှ အိမ်တိုင်ရာရောက် ဆေးတိုက်ကျွေးမည်ဖြစ်ကြောင်း သိရှိရသည်။

**လှလှ**

# သီပေါမြို့နယ်၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်

**သီပေါ ဒီဇင်ဘာ ၁၄**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ (ဒုတိယပတ်) လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာ စုရပ်၌ ကျင်းပရာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများသည် မိုင်းပွန်လမ်းမှ မန္တလေး၊ လားရှိုး ပြည်ထောင်စုလမ်းမကြီး မန်ဟဲကျေးရွာအထိ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် မြို့နယ်အား/ကာ ဦးစီးအရာရှိ ဒေါ်သန်းရွှေမာ ဦးဆောင်ပြီး စံဖိတ်ကျေးရွာ ဘောလုံးကွင်း၌ စုပေါင်း ကိုယ် လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

**စိုင်း(သီပေါ)**

# မိတ္ထီလာတွင် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲဆင်နွှဲ

**မိတ္ထီလာ ဒီဇင်ဘာ ၁၄**

မိတ္ထီလာမြို့ ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီခွဲက ကျင်းပခဲ့သည်။

ယင်းလူထု စုပေါင်းလမ်းလျှောက်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများစုပေါင်း၍ နန်းတော်ကုန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအနီးမှ အောင်ဆန်း ရပ်ကွက် အထက (၄) ကွင်းပြင်အထိ စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးအလေ့အကျင့်များ ရရှိလာနိုင်သည့်အပြင် ပူးပေါင်းညီညွတ်စွာ ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**





ပြည်တွင်းသတင်း

※ *ရှေ့ဖုံးမှ*

ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ် (၄၀) မြောက်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် သဘာဝပထဝီ အနေအထားအရတည်ရှိသည့် မြောက်မှတောင်သို့ သွယ်တန်းနေသော ရခိုင်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်နှင့်ထိစပ်နေသော ကမ်းရိုးတန်း၊ သာယာလှပသော ငပလီကမ်းခြေ၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ မြေဩဇာကောင်းမွန်သော မြောက်ပိုင်း လွင်ပြင်ဒေသတို့သည် နိုင်ငံတကာက အထူးစိတ်ဝင်စားသောမြေပေါ်၊ မြေအောက်သဘာဝသယံဇာတများဖြစ်ပြီး မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သည်လည်း တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာတစ်ခု ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက္ကသိုလ်များ၊ ကောလိပ်များ၊ စက်မှုအထက်တန်းကျောင်းများ၊ အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကိုလည်း ဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်ရှိပြည်သူများ မျှော်လင့်တောင့်တနေသော ရခိုင်ပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ပြည်မနှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်၏ သဘာဝသယံဇာတများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် မကြာမီဖြစ်ထွန်းလာမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ပုဏ္ဏားကျွန်းစက်မှုဇုန်၊ ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း လူ့အဖွဲ့အစည်းနှစ်ခုအကြား ပဋိပက္ခများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ တည်ငြိမ်မှုရရှိနေပြီဖြစ်ရာ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများနှင့်အတူ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပေသည်။ ထိုသို့တည်ဆောက်လျက်ရှိရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပြီး လုပ်ဆောင်စရာရှိသည်များ စဉ်ဆက်မပြတ်ညှိနှိုင်းဆောင်ရွက်



**ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တတိယအဆင့် အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်ပေါင်တန်း၍ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းတာဝန် ပေးအပ်ထားသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညီလာခံခန်းမတွင် ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းညှိနှိုင်းပြီး ဆက်လက်လုပ်ဆောင်စရာရှိသည်များကို စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပြီး အောက်ခြေမှာ ဖြေရှင်းနိုင်သည့် ကိစ္စရပ်များအား ချက်ချင်းဖြေရှင်းပေးပြီး မဖြေရှင်းနိုင်သည့် ကိစ္စများကို အထူးလုပ်ငန်းအဖွဲ့တွင် ဆွေးနွေးညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဥပဒေ လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်မှသာ ဖြေရှင်းနိုင်မည့်ကိစ္စရပ်များမှာ အချိန်ယူရမည်ဖြစ်သောကြောင့် လက်ငင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များအား ဌာနဆိုင်ရာ စီမံခန့်ခွဲမှုဘောင်အတွင်းမှ အမြန်ဆုံးဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန် ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှု တိုးချဲ့မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းလျက်ရှိကြောင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် One Stop Service ကိုထိရောက်စွာ ဆောင်ရွက်ပေးရေး၊ ပြည်တွင်း ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေးနှင့် အာဆီယံစီးပွားရေးဆိုင်ရာ ပြင်ဆင်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မကြာမီအကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အထူးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ အကြံပေး ပုဂ္ဂိုလ် ဒေါက်တာဇော်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အစည်းအဝေး တက်ရောက်လာသူများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများအား ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ညှိနှိုင်း ရှင်းလင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

■ *ရှေ့ဖုံးမှ*

ထို့အပြင် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စု အဝေးပြေးကားလမ်းမကြီးနှင့် ဆက်စပ်လမ်းအပိုင်းများဖြစ်ကြသည့် သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်ကားလမ်း၊ ကွတ်ခိုင်- တာမိုးညဲ-မုံးစီး-တာပါး အဝေးပြေး ကားလမ်းမကြီးများအပေါ် ရောက်ရှိပြီး မြို့တွင်း၌ခရီးသည်တင်နှင့် အဝေးပြေးကုန်တင်ကားများ ရှုပ်လာသည်။

ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် ပြင်ဦးလွင် မြို့ရှောင်ကားလမ်းကို မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စု လမ်းမကြီးအား BOT စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသော အေးရှားဝေါလ်လမ်းဖောက်လုပ်ရေးကုမ္ပဏီက ၁၉-၁၂-၂၀၁၂ ရက်နေ့က စတင်၍ဆောင်ရွက်ခဲ့သည်။

ပြင်ဦးလွင် မြို့ရှောင်လမ်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းသုတေသနဌာနက တိုင်းတာ ပုံထုတ်ပေးသော လမ်းအကျယ် ၄၄ ပေကို ၁-၁-၂၀၁၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ဆောင်ရွက်ရမည့် မြေကြီးလုပ်ငန်း ၄၅၀၀၀ ကျင်းမှာ ဆောင်ရွက်ပြီးဖြစ်သည်။ Sub-base Course ဖြန့်းလွှာ ကိုးလက်မခင်းခြင်းနှင့် ရေဖျန်းမြေကြိတ်မြေညှိလုပ်ငန်းများကို စက်ကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

တံတားလုပ်ငန်းများတွင် Culvert များမှာ ၂၆ ခင်း လျာထားပြီး တစ်ပြိုင်နက်တည်း ဆောင်ရွက်နေကြောင်း၊ လမ်းခင်းခြင်းလုပ်ငန်းတွင် လမ်းဖြတ်ပိုင်းလျာထားချက်အား Sub-Base Course ဖြန့်းလွှာ ၁၅ လက်မထု၊ Cement Stabilized Gravel Base Course 8" လက်မထု၊ Prime Coat၊ Wearing Course (AC)2 လက်မထုတို့ကို လာမည့် ၂၀၁၅ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ မြို့ရှောင်လမ်း ဖောက်လုပ်ရေးစီမံကိန်းမန်နေဂျာဦးသက်ဆွေကပြောသည်။

ပြင်ဦးလွင် မြို့ရှောင်လမ်း၏ လမ်းအူကြောင်း စုစုပေါင်းအရှည် ၁၂မိုင်၊ ၆ ဖာလုံရှိပြီး လမ်းအစမှာ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်း၏ မိုင်တိုင်အမှတ် (၃၇/၀)၏ လက်ယာဘက်မှ စတင်ခွဲထွက်ပြီး လမ်းအဆုံးတွင် ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ်(၄၇/၄) ပွဲကောက်ကားတိုးဂိတ်အနီး၌ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် ပြန်လည်ဆုံသည်။

❖ *ကျောဖုံးမှ*

ခေါ်မြစ်ငယ်မြစ်မှ ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျော်ကြားထင်ရှားပြီး ကြီးမားကျယ်ပြန့်သည့် အင်းတော်ကြီးအိုင်၊ အင်းလေးအိုင်များကဲ့သို့ပင် နှစ်စဉ်ဆောင်းခိုငှက်များ ဝင်ထွက်သွားလာခိုလှုံရာ နေရာဒေသတစ်ခုအဖြစ် ပလိပ်ရေတိမ်အင်းသည် ယခုအခါ ကျော်ကြားလျက်ရှိနေသည်။ ပလိပ်ရေတိမ်အင်းအတွင်းတွင် ကြာလင်ပန်း၊ ရေမှော်၊ ကနဖော့၊ ဟင်းချန်၊ ရေကန်စွန်းစသည့် အပင်များ ပေါက်ရောက်လျက်ရှိပြီး ရေငှက် မျိုးစိတ် ၃၇ မျိုး၊ အခြားငှက်မျိုးစိတ်ခုနစ်မျိုး၊ ငါးမျိုးစိတ်ရှစ်မျိုး ကျက်စားလျက်ရှိသည့်အပြင် ကျောရိုးမဲ့ သတ္တဝါများ၊ ရေမြွေ၊ ရေချိုကဏန်းနှင့်ခရုမျိုးစိတ်များရှိကြောင်း သိရသည်။

ရေငှက် မျိုးစိတ်များထဲတွင် စစ္စလီ၊ မောက်တင်၊ တောင်နှန်း၊ ဟသ်ာ၊ တောဝမ်းဘဲ၊ ဘဲရစ်၊ ဘဲအ၊ ဘဲခေါင်းစိမ်း၊ ရိုဗယ်လာဘဲ၊ တစီးမှုတ်၊ ခရုတုတ်၊ ခရုစုပ် ခေါင်းမည်း၊ ဥပန်း၊ တင်ကျီး၊ ငဟစ်မဲ့၊ အော်ယော၊ ငဟစ်နှင့်ဗျိုင်းတို့ပါဝင်သည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လေ့လာချက်များအရ ရေငှက်မျိုးစိတ် ၃၀ ၊ ဆောင်းခိုငှက် ၁၁ မျိုးနှင့် ဒေသရင်းငှက်မျိုးစိတ် ၁၉ မျိုးရှိကြောင်း သိရသည်။ ငှက်မျိုးစိတ်များထဲတွင် ကမ္ဘာ့ရှားပါးစာရင်းဝင် ဥပန်းငှက်မျိုးနှင့်တင်ကျီး၊ တောင်နှန်း၊ ဘဲရစ်၊ ဘဲမြီးသွယ်၊ ရေငှက်ကြီး၊ ခရုစုပ်၊ ခရုတုတ်၊ ငဟစ်မဲ့၊ ငဟစ်မျိုးစိတ်တို့သည် အကောင်ရေများပြားစွာ ကျက်စားနေထိုင်ကြကြောင်း သိရသည်။ ထို့အပြင် အင်းအတွင်း အကောင်ရေနည်းပါးရှားလွန်းသည့် ဆောင်းခိုငှက်များလည်း လာရောက်ကျက်စားကြပြီး ဒေသမျိုးရင်း ငှက် ၁၅ မျိုးခန့်သည် ပလိပ်အင်းအတွင်း တစ်နှစ်ပတ်လုံး နေထိုင်ကျက်စားလျက်ရှိနေသည်။

မြန်မာနိုင်ငံသို့ ရာသီအလိုက်လာရောက်ကျက်စားကြသည့် ဆောင်းခိုငှက် ၁၁ မျိုးသည် ကမ္ဘာ့မြောက်ဖျားပိုင်း ခရီးမိုင်ပေါင်း ၆၀၀၀ ကျော်မှ လာရောက်ဆောင်းခိုကြပြီး ပလိပ်အင်းဒေသသို့နှစ်စဉ် နိုဝင်ဘာလတွင်ရောက်ရှိကြ၍ မတ်လကုန်တွင် မူရင်းဒေသသို့ ပြန်လည်ထွက်ခွာသွားကြသည်။ မြန်မာနိုင်ငံတွင် ငှက်များ၏ အရေးကြီးဒေသ (Important Bird Area) ၅၅ ခု ဖော်ထုတ်သတ်မှတ်ထားရာ ပလိပ်ရေတိမ်အင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ရေငှက်များသည်အများအားဖြင့် လူနှင့် ဝေးရာသဘာဝပတ်ဝန်းကျင်များတွင်သာ နေထိုင်ကျက်စားတတ်ကြသော်လည်း ပလိပ်အင်းကဲ့သို့ ကားလမ်း၊ ရထားလမ်းနှင့် အင်းပတ်လည်တွင်ကျေးရွာများရှိနေပြီး အင်းစပ်တွင်လည်း လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများရှိနေသော နေရာဒေသတွင် မည်သူ့ကိုမျှ ဂရုမပြုဘဲ ရေငှက်အကောင်ရေမျိုးစုံများပြားစွာ ကျက်စားလျက်ရှိနေသည်မှာ ပလိပ်ရေတိမ်အင်း၏ ထူးခြားချက်တစ်ခုဟု ဆိုရမည်ဖြစ်သည်။



**ပလိပ်ရေတိမ်အင်း၌ လာရောက်နားခိုသည့် ဆောင်းခိုငှက်များကိုတွေ့ရစဉ်။**

ထို့ကြောင့် ပလိပ်ရေတိမ်အင်းသည် သဘာဝအလှများနှင့်သာမက ထူးခြားဆန်းပြားပြီး ရေငှက်မျိုးစုံနှင့်ဆောင်းခိုငှက်တို့ ပျော်မြူးရာဒေသတစ်ခုအဖြစ် တည်ရှိနေသည့်အပြင် "မြို့ပုဂံ၊ ရွာပလိပ်" ဆိုသည့်အတိုင်း ဘုရားစေတီပုထိုးများ ပေါများလှ၍ လမ်းပန်းဆက်သွယ်ရေးမှာလည်း ကောင်းမွန်ချောမွေ့သဖြင့် သွားရောက်လေ့လာ လည်ပတ်ရန်နေရာကောင်းတစ်ခုပင်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

နိုင်ငံတကာသတင်း



## ရွေးကောက်ပွဲအနိုင်ရရှိသည့် ရှင်ဇိုအာဘေး

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက ပါလီမန်အမတ်နေရာ ၄၇၅ ဦးရှိသည့်အနက် ၃၀၀ ခန့်ဖြင့် အနိုင်ရကြောင်း မဲရုံများက ကြေညာသည်။

ဝန်ကြီးချုပ်သည် ၎င်း၏စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အထမြောက်အောင်မြင်စေရန် ရှောင်တခင်ရွေးကောက်ပွဲကို သတ်မှတ်ချိန်ထက် နှစ်နှစ်စောပြီး ကျင်းပခဲ့ကြောင်းသိရသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာ့တတိယစီးပွားရေးအကောင်းဆုံးနိုင်ငံဖြစ်သည်ဟု ကမ္ဘာ့ဘဏ်၏ ညွှန်းကိန်းအရသိရသည်။ သို့သော် လွန်ခဲ့သောနှစ်အနည်းငယ်က စီးပွားရေးကျဆင်းမှုများဖြင့်ရင်ဆိုင်ခဲ့ရသည်။

ရှင်ဇိုအာဘေးအနိုင်ရရှိခြင်းသည် မဲဆန္ဒရှင်များအနေဖြင့် နှစ်နှစ်တာရှိခဲ့သော အာဘေးအစိုးရအပေါ် အကောင်းမြင်ကြခြင်းကြောင့်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ပြောကြားသည်။

ရှင်ဇိုအာဘေးက ၎င်း၏မူဝါဒများသည် ဂျပန်နိုင်ငံအား မူလလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေနိုင်မည့်အပြင် ကမ္ဘာ့အလယ်တွင်လည်း ပြန်လည်တောက်ပလာစေမည်ဖြစ်ကြောင်း မကြာသေးမီက မဲဆွယ်စည်းရုံးရေးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

နိုင်ငံ၏ စီးပွားရေးဦးမော့လာရေးအတွက် ရည်ရွယ်လုပ်ဆောင်သည့်အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲတွင် ရှင်ဇိုအာဘေး၏ ပါတီအနိုင်ရရှိမှုအပေါ် ပြည်သူက အားထားသည့် အသွင်မမြင်ကြောင်း တိုကျိုမှ ဘီဘီစီသတင်းထောက်က ပြောသည်။

**ဘီဘီစီ(အာရှ)**

## ဘော်စတွန်ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က ဖမ်းဆီး

**ဘော်စတွန် ဒီဇင်ဘာ ၁၄**

လူဖြူအရာရှိက လူမည်းအမျိုးသားအား သေနတ်ဖြင့် ပစ်ခတ်မှုအပါအဝင် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့၌ အကြီးအကျယ်ဆန္ဒပြမှုဖြစ်ပွားလျက်ရှိရာ လူဒါဇင်ပေါင်းများစွာတို့အား ရဲအဖွဲ့က ဖမ်းဆီးလိုက်သည်။

စနေနေ့က ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သော ဘော်စတွန်ပြည်သူများအား ရဲတပ်ဖွဲ့က ရဟတ်ယာဉ်များ၊ စက်သေနတ်များနှင့်အတူ အဓိကရုဏ်းရှင်းလင်းရေး ပြုလုပ်ခဲ့ကြောင်း ဘော်စတွန်ဂလုပ် သတင်းစာက ဖော်ပြသည်။

"ဆန္ဒပြသူအချို့က ဥပဒေကိုလိုက်နာခြင်းမရှိတဲ့အတွက် ဖမ်းဆီးတာပါ" ဟု ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်ပရိုကိုပီယိုက ပြောသည်။

ရဲတပ်ဖွဲ့အနေဖြင့် ဆန္ဒပြသူများအား တားဆီးကာကွယ်ရေးကို အလေးအနက်ထားဆောင်ရွက်ခဲ့ပါကြောင်း ပရိုကိုပီယိုက ထပ်လောင်းပြောကြားသည်။ ထိုအတောအတွင်း လူမှုရေးမီဒီယာများက ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြင်ပမှဝင်ရောက်ဆန္ဒပြမည့်သူများအား တားဆီးမှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။

မက်ဆာချူးဆက်ပြည်နယ်လွှတ်တော်ရုံးအနီး တနင်္ဂနွေနေ့က ပြုလုပ်သောဆန္ဒပြမှုတွင် လူပေါင်း ၁၅၀၀ ကျော် ပါဝင်ဆန္ဒပြခဲ့သည်ဟုဆိုသည်။

**(ဘီဘီစီ)**




## အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည် ယူကေကာကွယ်ရေးဝန်ကြီးအတည်ပြု ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၁၄**

လာမည့်လအတွင်း အီရတ်နိုင်ငံ၌ ရာပေါင်းများစွာသော ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားလိမ့်မည်ဖြစ်ကြောင်း ယူကေကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖော်လွန်က အတည်ပြုပြောကြားသည်။

အိုင်အက်စ် စစ်သွေးကြွများအား တိုက်ခိုက်လျက်ရှိသော အီရတ်တပ်ဖွဲ့ဝင်များအား သင်တန်းပေးရန် ရာဂဏန်းအနည်းငယ်ရှိသော ဗြိတိသျှတပ်ဖွဲ့ဝင်များ စေလွှတ်သွားမည်ဖြစ်ကြောင်း ဖော်လွန်က ကြေညာခဲ့သည်။ ယူကေအခြေစိုက် ဂါးဒီးယန်းသတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

"အီရတ်တွင် လာမယ့်လမှာ ဖြန့်ကြက်မည့် ဗြိတိသျှတပ်ဖွဲ့ဝင်တွေဟာ လေကြောင်းတိုက်ခိုက်မှု တာဝန်တွေအပြင် ကားဗုံးနဲ့ ထရပ်ကားဗုံးတိုက်ခိုက်မှုတွေမှာ ကိုင်တွယ်ဖြေရှင်းနိုင်မယ့်တပ်ဖွဲ့ဝင်တွေကို သင်တန်းပေးသွားမှာဖြစ်ပါတယ်" ဟု ဖော်လွန်၏ ပြောကြားချက်ကို ကိုးကားလျက် အဆိုပါ သတင်းစာက ဖော်ပြသည်။

အဆိုပါ တိုက်ပွဲဝင်အသင့်တပ်ဖွဲ့ဝင်များကို အမေရိကန်ဦးဆောင်သော စင်တာလေးခု၌ ဖြန့်ကြက်သွားမည်ဟု ဆိုသည်။ ယင်းစင်တာလေးခုမှ တစ်ခုသည် ကာဒစ္စတန်ဒေသ၌ရှိပြီး သုံးခုမှာ မြို့တော်ဘဂ္ဂဒက်၌ ရှိသည်။

အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို အမေရိကန်တို့က တိုက်ခိုက်သွားမည်ဟု အမေရိကန်ပူးတွဲစစ်ဆင်ရေးအကြီးအကဲ မာတင်ဒမ့်ဆေးက လွန်ခဲ့သည့်လတွင် ပြောကြားခဲ့ပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ရေးသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။



**(ပရက်စ်တီဗွီ)**

## ကမ္ဘာကြီးပူနွေးလာမှုကို ကိုင်တွယ်ရန် မူကြမ်းသဘောတူညီချက်ရရှိ

**လီမာ ဒီဇင်ဘာ ၁၄**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး နိုင်ငံများက မည်သို့ မည်ပုံကိုင်တွယ်ဆောင်ရွက်ရန် သဘောတူညီချက်တစ်ရပ်ရရှိသွားပြီဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက လာမည့်နှစ် ထိပ်သီးအစည်းအဝေးတစ်ရပ်တွင် တင်ပြမည့် မူဘောင်တစ်ရပ်ကို သဘောတူလိုက်ခြင်းဖြစ်သည်။

ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပခဲ့သည့် ရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲတွင် သဘောတူညီမှုရရှိခဲ့သည့်မူကြမ်းအပေါ် သဘောထားကွဲလွဲချက်များ ရှိသော်လည်း မူဘောင်အရ သဘောတူလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ကမ္ဘာကြီးပူနွေးလာမှုအပေါ် ကိုင်တွယ်နိုင်ရေး ဆင်းရဲသောနိုင်ငံများနှင့် ချမ်းသာသောနိုင်ငံများအကြား သဘောတူညီချက်ရရှိရန် အခက်အခဲများဖြစ်စေခဲ့သည်။

**(ဘီဘီစီ)**

## ရဲတပ်ဖွဲ့ဝင် ၁၉ ဦး တိုက်ခိုက်ခံရပြီး သေဆုံး

**အန်ဘာ ဒီဇင်ဘာ ၁၄**

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ မြို့တစ်မြို့ကို အိုင်အက်စ်စစ်သွေးကြွများက တိုက်ခိုက်စဉ် အနည်းဆုံးရဲတပ်ဖွဲ့ဝင် ၁၉ ဦးယင်းတို့၏ ဌာနအရပ်၌ ပိတ်မိပြီး အသတ်ခံလိုက်ရကြောင်း တာဝန်ရှိသူများက ပြောသည်။

အန်ဘာပြည်နယ်၏မြို့တော် ရာမာဒီမြို့အနောက်ဘက် မိုင် ၂၀ အကွာ အယ်လ်ဝါဖာမြို့ကို အဆိုပါ အကြမ်းဖက်သမားများက ထိန်းချုပ်ရန်ကြိုးစားရာမှ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

"ရဲတပ်ဖွဲ့ဝင်တွေက သောကြာနေ့ကတည်းက အိုင်အက်စ်စစ်သွေးကြွတွေနဲ့ တိုက်ခိုက်နေတာပါ။ ဒါပေမယ့် လက်နက်မရှိတဲ့အတွက်ကြောင့် ရှုံးနိမ့်သွားတာပါ"ဟု တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရာမာဒီမြို့အနောက်ဘက်ရှိ အခြားမြို့နှစ်မြို့ဖြစ်သည့် ရာမာဒီဟစ်နှင့် ကူဆိုင်ရာမြို့များကိုလည်း ယင်းအိုင်အက်စ်တို့က ထိန်းချုပ်ထားသည်။ အိုင်အက်စ်တို့က ရာမာဒီအနောက်ဘက် အယ်လ်ဘဂ္ဂဒက်မြို့ကိုလည်း ထိန်းချုပ်ထားသည်။

**(ပရက်စ်တီဗွီ)**

## မြေမြှုပ်မိုင်းရှင်းသူ ၁၂ ဦး တိုက်ခိုက်ခံရပြီးသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ မိုင်းရှင်းလင်းရေးအဖွဲ့ဝင် ၁၂ ဦးအပါအဝင် အနည်းဆုံးလူ ၂၀ သေဆုံးသွားကြောင်း တာဝန်ရှိသူများကပြောသည်။

ဟယ်လ်မန်းပြည်နယ် မိုင်းရှင်းလင်းရေးအဖွဲ့များအား တိုက်ခိုက်ခြင်းသည် အာဖဂန်နစ္စတန်နိုင်ငံ၏ ရန်သူဖြစ်ကြောင်း သမ္မတအက်ရှ်ဂါနီက ပြောသည်။ ထို့အပြင် အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက မြို့တော်ကဘူးလ်၌ ဘတ်စ်ကားတစ်စီးအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ အနည်းဆုံးတပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးခဲ့ကြောင်း၊ တရားရေးထိပ်တန်းပုဂ္ဂိုလ်တစ်ဦးလည်း သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံခြားတပ်များ ရုပ်သိမ်းရန်ပြင်ဆင်နေချိန် တာလီဘန်တို့က တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာသည်။

**(ဘီဘီစီ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ မိသားစုပိုင်စီးပွားရေးလုပ်ငန်းများ

ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

စီးပွားရေးဗဟုသုတဟာ အမှန်တော့ သီအိုရီနဲ့လက်တွေ့ပေါင်းစပ်ထားတဲ့ ပညာရပ်ဖြစ်ပါတယ်။ သီအိုရီအခိုင်မာမရှိရင် လက်တွေ့မှာ အခက်အခဲတွေ့နိုင်ပြီး လက်တွေ့မကျတဲ့ သီအိုရီဟာလည်း အသုံးဝင်မှုအားနည်းမှာသာဖြစ်ပါတယ်။ ကျွန်တော့်ကို မကြာခဏဝေဖန်ကြပါတယ်။ ပြောတာတွေရေးတာတွေဟာ အလွန်သီအိုရီဆန်တယ်။ လက်တွေ့မကျဘူးလို့ ပြောဆိုကြတယ်။ အပြောခံရတာ မဆန်းပါဘူး။ ကိုယ်နဲ့အယူအဆတွေ အမြင်မတူရင် ပြောကြ၊ ဝေဖန်ကြမှာသာဖြစ်ပါတယ်။ တစ်ခုတော့ သတိပြုစေချင်ပါတယ်။ ဒီအကြောင်းကို ကျွန်တော့်ရဲ့ ဘွဲ့လွန်သင်တန်းတွေကို အမြဲပြောပါတယ်။ ကျောင်းတက်တုန်း သီအိုရီပိုင်အောင်လုပ်ပါ။ သီအိုရီတတ်ရင် လက်တွေ့မှာ အခက်အခဲနည်းနိုင်ပါတယ်။ တကယ်တော့ သီအိုရီဆိုတာ လက်တွေ့အတွေ့အကြုံတွေကို စနစ်တကျစုစည်းမှုတွေသာ ဖြစ်ပါတယ်။ မိုးပေါ်က ကျလာတာမဟုတ်ပါဘူး။

**သီအိုရီနဲ့ လက်တွေ့ဆက်စပ်မှုကို ထင်ရှားစွာဖော်ပြခဲ့တဲ့ ကိစ္စတစ်ရပ်က လွန်ခဲ့တဲ့ အနှစ် ၅၀ကျော်တုန်းက လက်ခံခဲ့တဲ့ စီးပွားရေးသီအိုရီတစ်ခုဖြစ်ပါတယ်။ ဒါကတော့ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများဟာ ခေတ်မမီတော့တဲ့အတွက် ဆိတ်သုဉ်းပြီး ပျောက်ကွယ်သွားမယ်လို့ ပညာရှင်များကဟောကိန်းထုတ်ခဲ့ကြတယ်။ မိသားစုစီးပွားရေးလုပ်ငန်းတွေဟာ အောင်မြင်မှုရှိနိုင်မှာ မဟုတ်ဘဲ ခေတ်သစ်အရင်းရှင်စနစ်ကြောင့် ပျက်သုဉ်းလိမ့်မယ်လို့ ပြောခဲ့ကြတယ်။ မိသားစုပိုင်စီးပွားရေးလုပ်ငန်းအတွင်းမှာ မိသားစုအတွင်းမကျေလည်မှုတွေဖြစ်ပေါ်လာလိမ့်မယ်လို့ ယူဆခဲ့ကြတယ်။ အဘိုးက ခုံဖိနပ်စီးခဲ့ရာမှ မြေးလက်ထက်ရောက်တဲ့အခါ ခုံဖိနပ်ကိုပြန်စီးရတဲ့ အဆိုတစ်ခုကို ထုတ်ခဲ့ကြတယ်။ ၂၀ ရာစုအတွင်းမှာလည်း ပညာရှင်တွေပြောခဲ့သလို မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွေ မှေးမှိန်လာခဲ့တာ တွေ့ရပါတယ်။**

ဒါပေမယ့် ၂၁ ရာစုမှာတော့ အခြေအနေတွေ ပြောင်းလဲခဲ့တာ တွေ့ရှိရပါတယ်။ တစ်ကမ္ဘာလုံးမှာ အကြီးမားဆုံးအဖြစ်ယူဆလို့ရတဲ့ ကုမ္ပဏီ ၅၀၀ အနက် ၂၀၀၅ ခုနှစ်မှာ (၁၅ ရာခိုင်နှုန်း)ရှိပြီး ၂၀၁၄ ခုနှစ်မှာ (၁၉ ရာခိုင်နှုန်း)အထိ တိုးတက်လာကြောင်း တွေ့ရ ပါတယ်။ အခုလိုဖြစ်ရတာကလည်း စီးပွားရေး တိုးတက်လာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများကြောင့် ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာလည်း မိသားစုပိုင်စီးပွားရေးလုပ်ငန်းများဟာ အခွန့်ရှည်စွာ ရပ်တည်နိုင်ခဲ့ကြပါတယ်။ စောစောက ကုမ္ပဏီ ၅၀၀အနက် အမေရိကန်နိုင်ငံရဲ့ အရေအတွက်ဟာ ၁၅ ရာခိုင်နှုန်းခန့်ရှိတာကို တွေ့ရှိရပါတယ်။ ဥရောပနိုင်ငံများမှာ ကုမ္ပဏီကြီးများအနက် ၄၀ ရာခိုင်နှုန်းက မိသားစုပိုင် လုပ်ငန်းများဖြစ်ကြောင်း တွေ့ရပါတယ်။

အမှန်တော့စီးပွားရေးနယ်နိမိတ်မှာ မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွေဟာ လွှမ်းမိုးလျက်ရှိကြောင်း တွေ့ရပါတယ်။ ကမ္ဘာကျော် နေ့စဉ်သတင်းစာဖြစ်တဲ့ နယူးယောက်မြို့က New York Times၊ လန်ဒန်မြို့က Daily Mail တို့ဟာ မိသားစုပိုင်တွေဖြစ်ပါတယ်။ BMW, Ford စတဲ့ မော်တော်ယာဉ်များကလည်း မိသားစုပိုင်ကုမ္ပဏီတွေက ထုတ်လုပ်လျက်ရှိပါတယ်။ မြန်မာပြည်မှာ အသုံးများတဲ့ Samsung မိုဘိုင်းတယ်လီဖုန်းများဟာ မိသားစုပိုင်စီးပွားရေးလုပ်ငန်းကထုတ်လုပ်တာဖြစ်ပြီး Sky Net အစီအစဉ်ကကြည့်ရှုရတဲ့ Fox တီဗွီအစီအစဉ်များဟာ မိသားစုပိုင်လုပ်ငန်းက ထုတ်လုပ်ခြင်းဖြစ်ပါတယ်။ တစ်နှစ်ဝင်ငွေဒေါ်လာ သန်းတစ်ထောင်ကျော်တဲ့ လုပ်ငန်းများအနက် ၂၀၂၅ မှာ ၃၇ ရာခိုင်နှုန်းခန့်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ယခုအချိန်မှာ ၁၆ ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။

ဘာကြောင့် ယခုလိုဖြစ်ရသလဲ၊ ပညာရှင်တွေမျှော်မှန်းသလို မဖြစ်ဘဲ မိသားစုပိုင်လုပ်ငန်းများ ဘာကြောင့်ရှင်သန်လျက်ရှိသလဲ၊ အနောက်နိုင်ငံများမှာ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများဟာ အားနည်းချက်များကို ရင်ဆိုင် ပိုင် စီးပွားရေးလုပ်ငန်းများရဲ့ အဓိကစိန်ခေါ်မှုဟာ သားစဉ်မြေးဆက်လက်ဆင့်ကမ်းမှုပဲဖြစ်ပါတယ်။ ကိုယ်မရှိရင် ဘယ်သူနဲ့ အစားထိုးမလဲဆိုတဲ့ ပြဿနာဟာ အလွန်သိမ်မွေ့တဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

အရှေ့တောင်အာရှဒေသကို သုံးသပ်ရာမှာ တစ်နှစ်ဝင်ငွေ ဒေါ်လာသန်းတစ်ထောင်ထက်များတဲ့ ကုမ္ပဏီများအနက် ၈၅ ရာခိုင်နှုန်းဟာ မိသားစုပိုင်တွေဖြစ်ကြပြီး လက်တင်အမေရိကဒေသမှာ ၇၅ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံမှာ ၆၇ ရာခိုင်နှုန်းရှိပြီး တရုတ်နိုင်ငံမှာ ၄၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ ၆၅ ရာခိုင်နှုန်းရှိပြီး အာဖရိကနိုင်ငံများအနက် ၃၅ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ လုပ်ငန်းတိုးချဲ့နိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုအတွက်ဘဏ္ဍာရေးအထောက်အပံ့ရရန် ခဲယဉ်းတဲ့အတွက် မိသားစုအတွင်း အရင်းအနှီးရှာဖွေခဲ့ကြရတာ တွေ့ရပါတယ်။ အရင်းအနှီးဈေးကွက် ပေါ်ပေါက်လာတာနဲ့အမျှ မိသားပိုင်လုပ်ငန်းတွေအတွက် အခွင့်အရေးအသစ်တွေ ပေါ်ပေါက်လာတာ တွေ့ရပါတယ်။ မိသားစုပိုင်လုပ်ငန်းဖြစ်တဲ့အတွက် ပြင်ပတစ်ဖက် အရင်းအနှီးတွေကို ဟန့်တားတဲ့ သဘောမဆောင်ပါဘူး၊ ပြင်ပအစုရှယ်ယာရှင်တွေကို ဖိတ်ခေါ်နိုင်ပြီး တစ်ဖက်ကလည်း မိသားစုပိုင်ဆိုင်မှုကို လက်လွှတ်စရာမလိုအောင် ထိန်းသိမ်းနိုင်စွမ်းရှိပါတယ်။

မိသားစုပိုင်စီးပွားရေးလုပ်ငန်းများ အခုလို ဆက်လက်ရှင်သန်မှုဟာ အခြေခံအချက်လေးရပ်အပေါ် မူတည်နေကြောင်း သုံးသပ်လို့ရပါတယ်။ ပထမအချက်က ထူးချွန်ပြောင်မြောက်တဲ့မျိုးရိုးစဉ်ဆက်က ဆင်းသက်လာကြသူတွေမို့ အရည်အချင်းအပြည့်အဝရှိပါတယ်။ ဒါကြောင့်လည်း လုပ်ငန်းကို အောင်အောင်မြင်မြင် ထိထိရောက်ရောက် စီမံနိုင်စွမ်းရှိပါတယ်။ ဒုတိယအချက်က ကာလရှည်အမြင်ရှိတဲ့အကြောင်းပဲ ဖြစ်ပါတယ်။ တတိယအချက်ကတော့ အကြွေးတင်မှုကိုရှောင်ကြတဲ့ကိစ္စဖြစ်ပါတယ်။ အကြွေးယူမှုကို ဦးစားမပေးတဲ့အတွက် အကြွေးဝန်ထုပ်ကို ထမ်းဆောင်ရန် မလိုတော့တာ တွေ့ရပါတယ်။ နောက်ဆုံးအချက်ကတော့ မိသားစုပိုင်စီးပွားရေးလုပ်ငန်းများအနေနဲ့ ဝန်ထမ်းရေးရာကိစ္စရပ်များမှာ ပိုပြီးအဆင်ပြေကြောင်း တွေ့ရပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားများအကြား ယုံကြည်မှုတည်ဆောက်နိုင်ပြီး ဆက်ဆံရေးပြေလည်ချောမွေ့နိုင်တာ တွေ့ရပါတယ်။

မိသားစုပိုင် စီးပွားရေးလုပ်ငန်းများရဲ့ အလုပ်ခွင် ယဉ်ကျေးမှုဟာ မြင့်မားပြီး ခေါင်းဆောင်မှုနဲ့ပတ်သက်၍လည်းကောင်း၊ ဝန်ထမ်းများကို အားပေးအားမြှောက်ပြုမှုနဲ့ပတ်သက်၍လည်းကောင်း ပိုမိုထိရောက်တာကို တွေ့ရပါတယ်။ မိသားစုပိုင် စီးပွားရေး လုပ်ငန်းများဟာ ကာလရှည်တည်တံ့ ရပ်တည်လာခဲ့တာမို့ စားသုံးသူများ၊ ဖောက်သည်များရဲ့ ယုံကြည်အားကိုးမှုကို ရရှိနိုင်ကြောင်း တွေ့ရပါတယ်။

မိသားစုပိုင်စီးပွားရေးလုပ်ငန်းများရဲ့ အဓိကပြဿနာဟာ မိသားစုအတွင်း စည်းလုံးညီညွတ်မှုပဲဖြစ်ပါတယ်။ အချင်းချင်း အဆင်ပြေနေသရွေ့လုပ်ငန်းများ တည်တံ့နိုင်ပြီးပဋိပက္ခပေါ်ပေါက်လာသည်နဲ့အမျှ အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်ရတာတွေ့ရပါတယ်။ မိသားစုဝင်အတွင်း မျိုးဆက်တစ်ဆက်မှ နောက်တစ်ဆက်ကို လက်ပြောင်းလွှဲတဲ့နေရာမှာ အထူးသတိထားရမှာ ဖြစ်ပါတယ်။

မိသားစုပိုင် စီးပွားရေးလုပ်ငန်းများ ရှင်သန်ရန်အတွက် မိသားစုအကြားနဲ့ လုပ်ငန်းအကြား ကျေးဇူးကို မျှမျှတတရှိအောင် စီစဉ်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ တစ်ဖက်က လုပ်ငန်းရဲ့ပိုင်ဆိုင်မှုကို မိသားစုအတွင်း ဆက်လက်ထိန်းသိမ်းပြီး နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုတွေကို ကျွမ်းကျင်တဲ့သူတွေကို စီမံလုပ်ဆောင်နိုင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**❄ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများရဲ့ အလုပ်ခွင်ယဉ်ကျေးမှုဟာ မြင့်မားပြီး ခေါင်းဆောင်မှုနဲ့ပတ်သက်၍လည်းကောင်း၊ ဝန်ထမ်းများကို အားပေးအားမြှောက်ပြုမှုနဲ့ပတ်သက်၍လည်းကောင်း၊ ပိုမိုထိရောက်တာကို တွေ့ရပါတယ်။ မိသားစုပိုင်စီးပွားရေးလုပ်ငန်းများဟာ ကာလရှည်တည်တံ့ ရပ်တည်လာခဲ့တာမို့ စားသုံးသူများ၊ ဖောက်သည်များရဲ့ ယုံကြည်အားကိုးမှုကို ရရှိနိုင်ကြောင်း တွေ့ရပါတယ်**

ဖြေရှင်း နိုင်ခဲ့တာတွေ မြင်ရပါတယ်။ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများကို ဦးစီးတဲ့သူတွေဟာ လက်ဆင့်ကမ်းရာမှာ အရည်အချင်းရှိသူကိုသာ လွှဲပြောင်းကြတာတွေ့ရပါတယ်။ မိမိရဲ့ကလေးတွေကို စနစ်တကျပြုစုပျိုးထောင်ပြီး စီးပွားရေးပညာများကို သင်ကြားစေပါတယ်။ မိသားစုပိုင်လုပ်ငန်းမှာ အတွေ့အကြုံရအောင် အောက်ခြေအဆင့်ကစပြီး အလုပ်ဝင်စေခဲ့တယ်။ အခုလို အတွေ့အကြုံတွေ စုစည်းအချိန်ယူပြီးမှ လုပ်ငန်းကို ဦးဆောင်တဲ့ တာဝန်များကိုလည်း ပေးအပ်လျက်ရှိပါတယ်။

**မိသားစုပိုင် လုပ်ငန်းများကို ဦးစီးသူတွေဟာ လုပ်ငန်းများကို ကျစ်ကျစ်လျစ်လျစ်စီမံအုပ်ချုပ်နိုင်ကြောင်း တွေ့ရှိရပါတယ်။ မိသားစုလုပ်ငန်းဖြစ်တာမို့ သားစဉ်မြေးဆက် ကာလရှည်အမြင်ရှိပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မိသားစုပိုင် စီးပွားရေးလုပ်ငန်းအနေနဲ့ ပတ်သက်ပြီး အတွေးအခေါ်နှစ်ရပ်ယှဉ်ပြိုင်လွန်ဆွဲနေကြောင်း တွေ့မြင်ရပါတယ်။ တစ်ဖက်က ရှေးအစဉ်အလာကို လက်ကိုင်လာတဲ့ လုပ်ငန်းများအနေနဲ့ နိုင်ငံရေးအဆက်အသွယ်တွေကို အားကိုးပြီး ပြိုင်ဆိုင်မှုကို ပိတ်ပင်လိုတဲ့ဆန္ဒရှိကြတယ်။ မိမိရထားတဲ့ အခွင့်အရေးကို လက်မလွှတ်ချင်တဲ့သဘောရှိကြတာ တွေ့ရပါတယ်။ ခေတ်မီတဲ့ မိသားစုစီးပွားရေးလုပ်ငန်းများဟာ စည်းစနစ်တကျ စီမံအုပ်ချုပ်မှုကို ဦးစားပေးကြပါတယ်။ ပွင့်လင်းမြင်သာမှုကို အခြေခံပြီး လှုပ်ရှားကြတယ်။ ကာလရှည် အမြင်ရှိပြီး ကာလတိုအကျိုးအမြတ်ရမှုကို ရှောင်ရှားပါတယ်။ မိသားစု**

**မြန်မာနိုင်ငံမှာလည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကြောင့် စီးပွားရေး အဆောက်အအုံကို ပုံစံအမျိုးမျိုး ဖော်ထုတ်နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း စီးပွားရေးလုပ်ငန်းအများစုဟာ မိသားစုပိုင်လုပ်ငန်းများဖြစ်တယ်။ ဒီလုပ်ငန်းများကို တစ်ဖက်က အများပိုင်ကုမ္ပဏီအဖြစ် ပြုပြင်ပြောင်းလဲရန် လိုအပ်သလို တစ်ဖက်ကလည်း ဒီမိသားစုပိုင်လုပ်ငန်းတွေကိုစနစ်တကျ စီမံခန့်ခွဲဦးစီးနိုင်မှုဟာ အရေးကြီးပါတယ်။ အမှန်တော့ ပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှုကို သပ်သပ်ရပ်ရပ်ခွဲခြားဖို့သာ ဖြစ်ပါတယ်။ မိသားစုပိုင်ဖြစ်တာမို့ မိသားစုက စီမံရတယ်ဆိုတဲ့အမြင် အယူအဆ ရှိစရာမလိုပါဘူး။ ပိုင်ဆိုင်မှုကို လက်မလွှတ်ဘဲ ခေတ်မီစီမံခန့်ခွဲမှုမျိုးကို အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းကြီးအများစုမှာ မိသားစုပိုင်တွေဖြစ်ကြပါတယ်။ အခုလိုမိသားစုပိုင်ဆိုင်မှုကြောင့် ဆိုးကျိုးရှိတယ်လို့ ယူဆလို့မရပါဘူး။ မိသားစုပိုင်ကို စည်းကမ်းတကျ စီမံအုပ်ချုပ်နိုင်စွမ်းရှိရင် အများပိုင်ကုမ္ပဏီတွေနဲ့ ရင်ပေါင်တန်းနိုင်မှာသာဖြစ်ပါတယ်။ ကျွန်တော် တိုက်တွန်းချင်တာကတော့ မိသားစုပိုင်လုပ်ငန်းများ စနစ်တကျ ဖွဲ့စည်းစီမံအုပ်ချုပ်ဖို့ပဲဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးမှာဖြစ်နေတဲ့ အခြေအနေတွေ သင်ခန်းစာတွေယူပြီး မိမိလုပ်ငန်းတွေကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်အောင် လုပ်စေချင်ပါတယ်။



## စာသင်ကျောင်းဆောင်နှင့် ပညာရွှေမြေစာကြည့်တိုက်ဖွင့်

**ပွင့်ဖြူ ဒီဇင်ဘာ ၁၄**

ယခုအခါ နိုင်ငံတော်အစိုးရမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပညာရေး အဆင့်မြင့်တင်မှုများ ကို ဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ စာသင်ကျောင်းဆောင်သစ်များတိုးချဲ့တည်ဆောက်ခြင်းနှင့် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရွှေလေ့ကျေးရွာ၌ ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၄၀ နှင့် မိဘပြည်သူများမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၄၀ နှင့် အလျားပေ ၉၀၊ အနံ ပေ၃၀ အုတ်ပတ်၊ သွပ်မိုး နှစ်ထပ် ကျောင်းဆောင်သစ်ကို ဆောက်လုပ်နိုင်ခဲ့သည်။

ထို့နောက် ပညာရွှေမြေ စာကြည့်တိုက် တည်ဆောက်ရန် မြေနေရာ ပေ (၂၅ × ၃၀) ပတ်လည်နှင့် ၂၉ လက်မ ဖလက်တီဗွီတစ်လုံးကို နေပြည်တော်မှ ဦးမြသောင်း၊ ဒေါ်ရစ်ခြယ်ဉာဏ်ကလည်းကောင်း၊ နေပြည်တော်မှ ဦးခင်မောင်မြင့်၊ ဒေါ်ဝင်းနုက ကွန်ပျူတာတစ်စုံကိုလည်းကောင်း၊ ဦးဇော်မင်းက ငွေကျပ်တစ်သိန်းဖိုးရှိသည့် သုတ၊ ရသ စာအုပ်များကို လည်းကောင်း လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းမှ အလှူငွေကျပ် ငါးသိန်း၊ ဒေသခံပြည်သူများမှ အလှူငွေကျပ် ၂၅ သိန်း စုစုပေါင်း သိန်း ၃၀ ဖြင့် အုတ်ပတ်၊ သွပ်မိုးတစ်ထပ်တိုက် အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရွှေလေ့ကျေးရွာ၌ ပညာရွှေမြေ စာကြည့်တိုက်ဖွင့်နှင့် အမှတ် (၁၀၉) အမက စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက သတ်မှတ်နေရာများ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီး ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုအားပေးခဲ့သည်။

"အခုလို ပညာရေးဝန်ကြီးဌာနက ရန်ပုံငွေချပေးခဲ့လို့ ပိုပြီးအဆင်ပြေသွားတာပါ။ ဒီစာသင်ကျောင်းဆောင်က ဦးတို့ငယ်ငယ်တုန်းကတည်းက ဆောက်ထားခဲ့ပြီး ထရံကာကျောင်းဖြစ်တာမို့ အတော်ကိုဟောင်းနေပါပြီ။ ပြန်ဆောက်ရအောင်ကလည်း ငွေကြေးအခက်အခဲကြောင့် နှောင့်နှေးနေခဲ့ရပါတယ်၊ စာကြည့်တိုက်ပါ တွဲဖွင့်နိုင်ခဲ့တဲ့အတွက် ကျေးရွာအတွင်းမှ စာဖတ်ဝါသနာရှင်များ အပါအဝင်ကလေးများအတွက်လည်း ဗဟုသုတတိုးပွားနိုင်မှာဖြစ်၍ အလွန်ကိုဝမ်းသာမိပါတယ်"ဟု ရွှေလေ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ပြောသည်။

သတင်း-ဇူလိုင်မိုး
ဓာတ်ပုံ-အိမ့်ထက်မှူး



လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၁) ဗဟန်းမှ ရင်သွေးငယ် ၁၅၀တို့ ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျောင်းအားကစားကွင်း၌ကျင်းပရာ ပြိုင်ပွဲဝင်ကစားနည်း ၂၂ မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ကြစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

သတင်းဆောင်းပါး

# ပတ္တမြားရတု ရခိုင်ပြည်နယ်နေ့အကြိုစကားသံများ

အမေး၊ အရေး
မောင်မောင်မြင့်ဆွေ၊ မင်းမင်းဇော်

**စစ်တွေ ဒီဇင်ဘာ ၁၄**


ရခိုင်ပြည်နယ်အတွက်မင်္ဂလာသတင်း၊ ရခိုင်ပြည်နယ်နှစ်(၇၀)ပြည့် ပတ္တမြားရတုနှင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးခြင်း အထိမ်းအမှတ်နေ့ကို စစ်တွေမြို့ ဝေသာလီ အားကစားပြိုင်ကွင်း၌ ခမ်းနားကြီးကျယ်စွာ ကျင်းပတော့မည်။ ထူးခြားသော အခမ်းအနားနှင့်ပတ်သက်၍ စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားဆောင်ရွက်နေသည့်တာဝန်ရှိသူများနှင့် မေးမြန်းခဲ့ရာ ၎င်းတို့၏စကားသံများကိုရေးသား ဖော်ပြလိုက်ပါသည်။

**ဦးမိုးဟိန်း**
**ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

အရင်တုန်းက ရခိုင်ပြည်နယ်နေ့ကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက သာမန်ပဲကျင်းပခဲ့ကြတယ်။ အခုလိုရခိုင်ပြည်နယ်နေ့ကို ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပတာ ပထမဆုံးအကြိမ်ပဲဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ရခိုင်ပြည်နယ်ဟာ တည်ငြိမ်အေးချမ်းတယ်။ ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာတွေကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ခမ်းခမ်းနားနား ကျင်းပနိုင်ဖို့အတွက် အခမ်းအနားအစီအစဉ် ၂၂ ခုနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံကျော်တေးသံရှင်တွေ၊ တေးသရုပ်ဖော်အကတွေ၊ ကောင့်ဒေါင်းအစီအစဉ်နဲ့ မီးရှူး မီးပန်း လွှတ်တင်တာတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒီရခိုင်ပြည်နယ်နေ့မှာ ထူးခြားတာက ရခိုင်ပြည်နယ်ကြီး ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိတဲ့ အထိမ်းအမှတ်အခမ်းအနား ပါဝင်တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ အစိုးရအနေနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်ဆိုတာ ပြသတဲ့အခမ်းအနားလည်း ဖြစ်ပါတယ်။ ဒီအခမ်းအနားကို စစ်တွေမြို့ဝေသာလီ အားကစားပြိုင်ကွင်းမှာ ကျင်းပမှာဖြစ်ပြီး ရခိုင်ရိုးရာကျင်ပြိုင်ပွဲကို ဝက်ပါကွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။


**ဦးမိုးဟိန်း**
**ညွှန်ကြားရေးမှူး၊**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**


**ဒေါ်သာစိန်**
**ကျောင်းအုပ်ဆရာမကြီး**
**အထက(၄)စစ်တွေ**


**ဝိုင်းစုခိုင်သိန်း**
**(အနုပညာရှင်)**

**ဝိုင်းစုခိုင်သိန်း (အနုပညာရှင်)**

အရင်က ရခိုင်ပြည်နယ်ကို အကြိမ်ကြိမ်လာရောက်ဖျော်ဖြေဖူးပါတယ်။ ရခိုင်ပြည်နယ်နေ့ အခမ်းအနားပွဲကို ပထမဆုံးအကြိမ်ဖျော်ဖြေခြင်းပါပဲ။ ဖျော်ဖြေမယ့် သီချင်းတွေကတော့ သတ်မှတ်ထားတာ မရှိပါဘူး။ ပရိသတ်အကြိုက်သီချင်းတွေကို ဖျော်ဖြေသွားမှာပါ။ ဒီပွဲမှာ အခြားအနုပညာရှင်မောင်နှမတွေဖြစ်တဲ့ နီနီခင်ဇော်၊ အေသင်ချိုဆွေနဲ့ ရခိုင် ဂီတအနုပညာရှင်တွေလည်း ပါဝင်သီဆိုဖျော်ဖြေမှာဖြစ်ပါတယ်။

**ဦးဦးကျော်ညွန့်**
**ဦးစီးအရာရှိ(နည်းပညာ)**
**ကျေးလက်ဦးစီးဌာန**

ကျွန်တော်ကတော့ ရခိုင်ရိုးရာ ကျင်အားကစားပြိုင်ပွဲ ကွင်းတည်ဆောက်ရေး တာဝန်ယူထားပါတယ်။ ကွင်းတည်ဆောက်နိုင်ဖို့ ကွင်းတစ်ခုလုံးရဲ့ ခန့်မှန်းခြေ စာရင်းတွက်ချက်ပြီး ပြိုင်ကွင်းကိုတစ်လခန့်ကြိုတင်ပြင်ဆင်တည်ဆောက်ခဲ့ပါတယ်။ ရိုးရာဆိုင်းဝိုင်းကြီးတွေ၊ ဆိုင်းဘုတ်တွေ၊ ဧည့်ခံအဆောင်တွေ၊ ပွဲကြည့်စင်တွေကိုပါ ထည့်သွင်းတည်ဆောက်ထားတာဖြစ်ပါတယ်။ တာဝန်ရှိသူတွေကလည်း ကြီးကြပ်ပေးလျက်ရှိပါတယ်။

**ဦးသိန်းရွှေ**
**အုပ်ချုပ်သူ**
**မင်းပြားမြို့နယ် ကျင်အားကစားအဖွဲ့**

ကျွန်တော်တို့ ကျင်အားကစားအဖွဲ့မှာ ကစားသမား ၁၀ ဦးပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်အတွက် အကောင်းဆုံးဆုကိုရရှိအောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ စားသောက်နေထိုင်ရေးကအစ သွားလာရေးအဆုံး စီစဉ်ပေးထားလို့ အားလုံးအဆင်ပြေချောမွေ့ပါတယ်။

**ဒေါ်သာစိန်**
**ကျောင်းအုပ်ဆရာမကြီး**
**အမှတ်(၄) အခြေခံပညာ**
**အထက်တန်းကျောင်း၊ စစ်တွေမြို့**

ဒီဝေသာလီ အားကစားပြိုင်ကွင်းထဲမှာ ကျင်းပမယ့် နှစ်(၇၀) ပြည့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲနဲ့ ရခိုင်ပြည်နယ်မှာ ၂၄ နာရီ လျှပ်စစ်မီးရရှိတဲ့ အခမ်းအနားမှာ ကပြဖျော်ဖြေနိုင်ဖို့ ကျွန်မတို့အဖွဲ့တွေ အစမ်းလေ့ကျင့်နေတာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့က ရိုးမရံစီတေးသီချင်းနဲ့ အထက ၁၊ ၂၊ ၄ အပါအဝင် အထကခွဲ (မကျည်းပင်) က ကျောင်းသူ ၉၀ နဲ့ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။

---

## ❍ ရွှေဖုံးမှ

နှစ်(၇၀) ပြည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် မဟာဓာတ်အားလိုင်းမှ ရခိုင်ပြည်နယ်အား လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးခြင်း ပြုလုပ်မည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွက် ဝမ်းသာဂုဏ်ယူစရာကောင်းသည့် နေ့အဖြစ်လည်း သမိုင်းမှတ်တမ်းဝင်မည်ဖြစ်သည်။


ကျင်ပြိုင်ပွဲ ယှဉ်ပြိုင်မည့်သူများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

နှစ်(၇၀) ပြည့် ရခိုင်ပြည်နယ်နေ့အခမ်းအနားကျင်းပမည့် စစ်တွေမြို့ ဝေသာလီအားကစားကွင်းတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသည်ကို တွေ့ရသည်။ ကွင်း၏ လေးဖက်လေးတန်တွင် ပွဲကြည့်စင်များ တည်ဆောက်ထားရာ စုစုပေါင်း ပွဲကြည့်စင်ကိုးခုရှိသည်။ ဝေသာလီကွင်း၏ တစ်ဖက်တစ်ချက်တွင် ကြီးမားသော အယ်လ်အီးဒီဘုတ်နှစ်ခု တပ်ဆင်ထားရာ အခမ်းအနားကျင်းပပုံများကို တိုက်ရိုက်မြင်တွေ့ကြည့်ရှုနိုင်မည်ဖြစ်သည်။

ဝေသာလီကွင်း၏ စင်မြင့်ကိုလည်း စနစ်တကျတည်ဆောက်ထားပြီး ပရိသတ်များ ထင်သာမြင်သာ တွေ့မြင်နိုင်မည့်အနေအထားတွင် တည်ရှိသည်။ စင်မြင့်၏ လက်ဝဲဘက်အရှေ့ခြမ်းတွင် ဖျော်ဖြေရေးစင်မြင့်သဖွယ် ပြုလုပ်ထားသည့် ရခိုင်ရိုးရာ လှေကြီးတစ်စင်းကိုလည်း တည်ဆောက်ပြင်ဆင်ထားသည်။ ရိုးရာ လှေကြီးပေါ်တွင် တေးဂီတဖျော်ဖြေမှုများအဖြစ် နာမည်ကြီး အဆိုတော်များ၊ ရခိုင်ဂီတပညာရှင်များက သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

နှစ် (၇၀) ပြည့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် သရုပ်ပြဖျော်ဖြေမှုများကျင်းပမည့် ဝေသာလီအားကစားကွင်း မြက်ခင်းပြင်ကိုလည်းပြုပြင်ထားသည်ကို တွေ့ရသည်။ ဝေသာလီအားကစားကွင်းအတွင်း ဖျော်ဖြေရေးအတွက် စစ်တွေမြို့ရှိ အထက ကျောင်းများမှ နဝမတန်းကျောင်းသူလေးများ၏ မြူးကြွလှုပသည့် တေးဂီတသရုပ်ဖော်လေ့ကျင့်နေမှုများကိုလည်းမြင်တွေ့နေရသည်။ နေပူပူတွင် မမောမပန်းလေ့ကျင့်နေကြသည့် ရခိုင်ပြည်နယ် သမီးပျိုလေးများ၏ ပြည်နယ်နေ့ အထိမ်းအမှတ် ဖျော်ဖြေမှုကို တက်ကြွရွှင်လန်းစွာဖြင့် ဖွင့်ပွဲအခမ်းအနားတွင်မြင်တွေ့ရတော့မည်ဖြစ်သည်။

ဆက်လက်ပြီး နှစ် (၇၀) ပြည့် ရခိုင်ပြည်နယ်နေ့တွင်ကျင်းပမည့် ရခိုင်ရိုးရာ ကျင်ပြိုင်ပွဲကျင်းပရာ စစ်တွေမြို့ရွာကြီးတောင်ရပ်ကွက် ဝက်ပါကွင်းသို့ ရောက်ရှိခဲ့သည်။ ကျယ်ဝန်းသောကွင်းအတွင်း ခံ့ညားသောအဝင်မုခ်ဦးမှသည် လျှောက်လမ်း တစ်လျှောက် သပ်ရပ်စွာ ပြင်ဆင်ထားသည်ကို တွေ့ရသည်။

ဝက်ပါကွင်းအတွင်း ကျင်ပြိုင်ပွဲများကျင်းပမည့် အချင်းပေ ၆၀ ကျယ်ဝန်းပြီး မြေပြင်ထက် တစ်ပေခန့်မြင့်အောင် သဲဖို့ထားသည့် စက်ဝိုင်းပုံသဏ္ဍာန်ကျင်ကွင်းကို ထူးခြားစွာ မြင်တွေ့ရသည်။ ရခိုင်ရိုးရာကျင် အားကစားသမားများ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်သည့်အပြင် လာရောက် အားပေးကြည့်ရှုမည့် ပရိသတ်များလွတ်လပ်စွာ ကြည့်ရှုနိုင်ရန်လည်း ပွဲကြည့်စင်နေရာများကို စနစ်တကျတည်ဆောက်ပေးထားသည်ကိုတွေ့ရသည်။

ကျင်ပြိုင်ကွင်းအတွင်း၌ ရခိုင်ရိုးရာ အက ဖျော်ဖြေရေး အဖွဲ့များ၊ ကျင်ပြိုင်ပွဲဝင်များ၊ ဧည့်သည်တော်များအတွက် ကြည့်ရှုရန်နေရာများကို စနစ်တကျပြင်ဆင်ပြုလုပ်ထားသည်။ ကျင်ပြိုင်ကွင်းအနီးတွင် မြန်မာ့ဆိုင်းဝိုင်း စင်မြင့်ရှိနေသည်။ ကျင်ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ် စိတ်ဓာတ် တက်ကြွလာစေရန်နှင့် အားမာန်အပြည့် ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ့ဆိုင်းဝိုင်းဖြင့်တီးလုံးများ တီးကာပံ့ပိုးပေးမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်တဖွားဖွားပေါ်ပေါက်လာစေရန်ဖြစ်သည်။

ကျင်ပြိုင်ပွဲကျင်းပမည့် ဝက်ပါကွင်းပတ်လည် အချို့နေရာများတွင် "ရခိုင်ရိုးရာ သမိုင်းစိုင်လာ ဇာခါမပျက် ကျင်ပွဲဆက်" "စိုင်လာမြင့်မား ရခိုင်သား၊ စွမ်းအားဂုဏ်တင် ရခိုင်ကျင်" စသည့် ရခိုင်ရိုးရာ အားကစားစိတ်ဓာတ် မြှင့်တင်ရေး ဆောင်ပုဒ်များကို ဖော်ပြထားသည်။ ထိုဆောင်ပုဒ်များကား ပြိုင်ပွဲဝင်များရော လာရောက်အားပေးကြမည့် ပရိသတ်များပါ စိတ်ဓာတ်နိုးကြားတက်ကြွစေရန်ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ နှစ် (၇၀) ပြည့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်ပြိုင်ပွဲကို ရခိုင်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်မှ ပြိုင်ပွဲဝင်ပေါင်း ၁၇၀ ခန့် လာရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်နေ့အခမ်းအနားအတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စစ်တွေမြို့အတွင်း ကြိုတင်ပြင်ဆင်မှုများဖြင့် စည်ဝေလှုပ်ရှားလျက်ရှိသည်။ အခမ်းအနားအတွက် ပြင်ဆင်မှုများ၊ ဖျော်ဖြေရေးအတွက် လေ့ကျင့်မှုများ၊ ကျင်ပြိုင်ပွဲအတွက် အားကြိုးမာန်တက်လေ့ကျင့်မှုများဖြင့် အေးချမ်းတည်ငြိမ်ပြီး ငြိမ်းချမ်းနေသောရခိုင်ပြည်နယ်မြို့တော် စစ်တွေ၏ မြင်ကွင်းကား ရန်ခုန်စိတ်လှုပ်ရှားဖွယ် ဖြစ်နေတော့သည်။


ဝေသာလီကွင်းအတွင်း ကျောင်းသူလေးများ အစမ်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။

---

## ❂ ကျောဖုံးမှ

ရတနာပုံ၊ ဧရာဝတီတို့ယှဉ်ပြိုင်ခွင့်ရရှိထားသော အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲမဲခွဲမှုများကို ပြီးခဲ့သည့်ရက်ပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည်။

AFC Cup ပြိုင်ပွဲကို အသင်းပေါင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံက ရတနာပုံ (သို့) ရန်ကုန်၊ ဧရာဝတီအသင်းတို့ ယှဉ်ပြိုင် ခွင့်ရရှိထားသည်။ အုပ်စုခွဲဝေထားမှုအရ ရတနာပုံ (သို့) ရန်ကုန်အသင်းမှာ တောင်တရုတ်(ဟောင်ကောင်)၊ Global (ဖိလစ်ပိုင်)၊ ပါဟန်း (မလေးရှား) တို့နှင့်အတူ အုပ်စု (G) တွင် ကျရောက်လျက်ရှိသည်။ ဧရာဝတီအသင်းမှာမူ အုပ်စု (H) တွင် ဆန်ဒန်း(သို့) အရီမာ(အင်ဒိုနီးရှား)၊ Lao Fc (လာအို)၊ နယူးရောဒီးယန့် (မော်လ်ဒိုက်) တို့နှင့်အတူ ကျရောက်နေသည့်အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်မည်ဖြစ်ပြီး အိမ်ကွင်း အဝေးကွင်း နှစ်ကျော့ကစားရမည်ဖြစ်သည်။

အာရှ ချန်ပီယံလိဂ်ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခွင့်ရရှိထားသော ရတနာပုံအသင်းမှာ Play-off ပထမအဆင့်တွင် ဝါရီရာ (စင်ကာပူ)နှင့် စတင်ကစားရမည်ဖြစ်သည်။ ယင်းပွဲစဉ်ကို အိမ်ကွင်း၌ လက်ခံကစားခွင့်ရရှိမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၄ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပနိုင်ရန်ကြိုးပမ်းလျက်ရှိသည်။ ရတနာပုံအသင်းမှာ Play-off ပထမအဆင့်တွင် အနိုင်ရပါက ဒုတိယအဆင့်တွင် တရုတ်ကလပ် ကွမ်ကျိုးအသင်းနှင့် အဝေးကွင်း၊ ဒုတိယအဆင့်တွင် အနိုင်ရပါက တတိယအဆင့် ဩစတြေးလျကလပ် မာရီနာအသင်းနှင့် အဝေးကွင်းထပ်မံကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲများကို တစ်ကျော့တည်းသာ ကစားရမည်ဖြစ်ပြီး သရေကျနေပါက အချိန်ပို၊ ပယ်နယ်တီကစားရမည်ဖြစ်သည်။

ပြည်တွင်းသတင်း

# လယ်ယာကဏ္ဍ ခေတ်နှင့်အမီယှဉ်ပြိုင်နိုင်ရေး စိုက်ပျိုးရေး၊ စာပေနှင့် ဂီတပညာရှင်များ တောင်သူလယ်သမားများနှင့်အတူ ပါဝင်ကူညီ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တောင်သူ လယ်သမားများ လက်ဝယ်သို့ စိုက်ပျိုးရေးပညာများ ဖြန့်ဖြူးပြန့်ပွားခြင်း အပါအဝင် ပုဂ္ဂလိကအခန်းကဏ္ဍမှ လယ်ယာကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံပါဝင်လာစေရေးတို့အတွက် စာပေ၊ ကဗျာ၊ ဂီတပညာရှင်များ၏ စွမ်းပကားကို ရယူ၍ တောင်သူလယ်သမားဂုဏ်ပြုတေးသီချင်းပြိုင်ပွဲများကို ကျင်းပပေးခြင်းအားဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက် ၇ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် အလုပ်အမှုဆောင်များဖြစ်ကြသည့် တေးဂီတပညာရှင် ဦးလွင်မြင့်၊ ဦးညွန့်လှိုင်လှိုင်၊ ပျဉ်းမနားမြင့်လှိုင်တို့ ပါဝင်သော ဂီတစာဆိုပညာရှင်အဖွဲ့အား ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ အော်ဂဲနစ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ကွင်း၏ မုခ်ဦးရှေ့တွင် လက်ခံတွေ့ဆုံ၍ ဂုဏ်ပြုလက်ဆောင်များ တစ်ဦးချင်းကိုပေးအပ်ပြီး တောင်သူလယ်သမား ဂုဏ်ပြုတေးဂီတပြိုင်ပွဲ၏ ယနေ့ထိ ပြိုင်ပွဲဝင်တေးသီချင်း ၁၅၅ ပုဒ် ရောက်ရှိလာသည့်အနက်မှ ပညာရှင်အဖွဲ့အနေဖြင့် စိစစ်ရွေးချယ် ထားရှိမှုအခြေအနေများကို လေ့လာဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဂီတပညာရှင်များသည် စိုက်ကွင်းအတွင်း အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထားသော ထိုင်ဝမ် မူရင်းမျိုး သဘော်စိုက်ခင်းသို့ရောက်ရှိပြီး အသီးများဖြစ်ထွန်း၍ ဈေးကွက်ဝင် အောင်မြင်နေမှုများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ကွင်း၌ခင်းကျင်းပြသထားသည့် ပိန္နဲပျိုးပင်၊ နာနတ်ပျိုးပင်၊ ခရမ်းပျိုးပင်များနှင့်ခြံထွက် နာနတ်သီး၊ ငှက်ပျောသီး၊ သဘော်သီး၊ သခွားမွေး၊ ပိန်းဥ၊ ကန်စွန်းဥများကို ကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီးက ဂီတပညာရှင်များအား ခြံထွက်သီးနှံများကို တစ်ဦးချင်းသို့ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တစ်နေ့တန် ၅၀၀ ထုပ်ပိုး သိုလှောင်ဖြန့်ဖြူးပေးနိုင်သည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ခေတ်မီအအေးခန်းစနစ် သိုလှောင်ရုံအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အောက်ခြေအမာခံတည်ဆောက်ရေး လုပ်ငန်းများပြီးစီးမှု သံကူကွန်ကရစ်တိုင်များ စိုက်ထူပြီးစီးမှုတို့ကို စစ်ဆေးကြည့်ရှုပြီး**(အောက်ပုံ)** တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီရေး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး စိုက်ကွင်းအတွင်း၌ လေ့လာရေးရောက်ရှိနေသည့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးစိုက်ပျိုးရေးခြံများမှ ပညာရှင်ဝန်ထမ်းများအား တစ်ဧကပိဿာ ၁၂၀၀ ထွက်ရှိသည့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ တောင်သူပညာပေးစိုက်ကွင်း၌ တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ Techno-value အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် Soil Complex Micro Organism Test Field သုတေသနစိုက်ခင်းသို့ ရောက်ရှိကြပြီး မြန်မာ့စိုက်ပျိုးရေး ပညာရှင်များနှင့် ကိုရီးယားစိုက်ပျိုးရေးပညာရှင်များ ပူးပေါင်း၍ သုတေသနပြု စိုက်ပျိုးထားရှိသော အာလူးစိုက်ခင်း၊ ခရမ်းစိုက်ခင်း၊ သခွားမွေးစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ကိုရီးယားပညာရှင်ဒေါက်တာ Lee Son Kim နှင့် ပညာရှင်များအား စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တစ်လုံးလျှင် တစ်တန်ခန့် အလေးချိန်ရှိသည့် Hallowen မျိုး ရွှေဖရုံသီးမျိုးစေ့ထုတ်စိုက်ခင်းသို့ရောက်ရှိပြီး အပွင့်များ စတင်ပွင့်နေပြီဖြစ်သည့် ရွှေဖရုံပင်ကြီးအားကြည့်ရှုစစ်ဆေးပြီး မျိုးစေ့များကို စနစ်တကျထုတ်လုပ်၍ တောင်သူများထံ ဖြန့်ဖြူးပေးနိုင်ရေး အထူးကြိုးကြပ်ဂရုစိုက် ဆောင်ရွက်ကြရန် ပညာရှင်များအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခု နေပြည်တော်ကောင်စီနယ်မြေရှိ စံနမူနာပြစံပြ တောင်သူပညာပေးစိုက်ကွင်းများ၏ အောင်မြင်မှု အလားအလာများကို နိုင်ငံနှင့်အဝန်း ပျံ့နှံ့ရောက်ရှိရေးအတွက် ဂီတပညာရှင်များ၏ စွမ်းအားဖြင့် တောင်သူပညာပေး ဂုဏ်ပြုတေးသီချင်းများဖြင့် ယှဉ်ပြိုင်ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ အားကိုရရှိနိုင်ရန် အတွက်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍကို ခေတ်နှင့်အမီ ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ စာပေပညာရှင်များ၊ ဂီတပညာရှင်များတို့သည် မိမိတို့တတ်စွမ်းနိုင်သည့် အခန်းကဏ္ဍမှ တောင်သူလယ်သမားများနှင့် နိုင်ငံတော်ကိုပါ ပါဝင်ကူညီအလုပ်အကျွေးပြုကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သွေးလှူဒါန်းမှုအတွက် ထောက်ပံ့ပေးပြီး လူနာများအခမဲ့သွေးသွင်းကုသနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသော(၃၈)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်စွာ ကုသမှုပေးခြင်းအပိုင်းမှာ အဓိကပါဝင်သည့် သွေးသွင်းကုသခြင်းနှင့် သွေးလှူဘဏ်လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လိုအပ်သောပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ပေးခြင်း၊ သင့်လျော်သော နေရာနှင့် အဆောက်အအုံတို့ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုးတက်လာသော ဆေးပညာနှင့်အညီ သွေးမှ သွေးပစ္စည်းအမျိုးမျိုးကိုခွဲခြားပြီး ရောဂါအလိုက် လိုအပ်သည့်အမျိုးအစားကို ပေးသွင်းကုသနိုင်ပြီ ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိမိအသက်ကိုပဓာနမထားဘဲ ဇီဝိတဒါနဖြစ်မြောက်အောင် လှူဒါန်းခဲ့ကြသည့် သွေးလှူရှင်များကို အသိအမှတ်ပြု ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် နှစ်စဉ် ဒီဇင်ဘာ ၁၄ ရက်တွင် သွေးလှူရှင်များဂုဏ်ပြုပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် သွေးလှူဒါန်းမှုများအတွက် ကုန်ကျစရိတ်များကို ထောက်ပံ့ပေးလျက်ရှိပြီး လူနာများအတွက် အခမဲ့သွေးသွင်းကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သွေးလှူရှင်များအနေဖြင့် မိမိတို့၏သွေးကို အစဉ်အမြဲသန့်ရှင်းနေအောင် ထိန်းသိမ်းကြပြီး အကြိမ်ရာကျော်တိုင် လှူဒါန်းနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ အလှူငွေများလက်ခံခြင်း၊ သွေးလှူရှင်သံဃာတော်များအား ဂုဏ်ပြုမှတ်တမ်းများ ဆက်ကပ်ခြင်းတို့ ဆောင်ရွက်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၉ နာရီတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ကျင်းပသော Myanmar Japan Medical Congress ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် Fujita Health University ၏ တာဝန်ရှိသူတို့က ဆွေးနွေးရှင်းလင်းပြောကြားကြပြီး အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာအားကစား

# အိုးထရက်ဖို့ဒ်တွင် မန်ယူတို့ လီဗာပူးကို ဂိုးပြတ်နိုင်

**မန်ချက်စတာ ဒီဇင်ဘာ ၁၄**

ပရီမီယာလိဂ်ပွဲစဉ်(၁၆) တနင်္ဂနွေနေ့ပွဲစဉ်အဖြစ် မန်ယူနှင့် လီဗာပူးတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ယူက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နည်းပြ ဗန်ဟားလ်လက်ထက်၌ မန်ယူတို့ ရာသီအစက ခြေစွမ်းမမှန်သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အိမ်ကွင်းရော၊ အဝေးကွင်းပါ နိုင်ပွဲများ ဆက်တိုက်ရရှိခဲ့သည်။ မန်ယူတို့က အိမ်ရှင်ပီပီအနိုင်ရရေး ကြိုးစားသလို လီဗာပူးကလည်း ပြန်လည်တုံ့ပြန်ကစားနိုင်သဖြင့် ပွဲမှာ အကြိတ်အနယ်ဖြစ်ခဲ့သည်။


မန်ယူအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ရွန်းနီက ပွဲချိန် ၁၂ မိနစ်တွင် သွင်းယူပေးပြီး ပွဲကို ဦးဆောင်ခဲ့သည်။ မန်ယူတို့ လီဗာပူးတိုက်စစ်ကို ခုခံကစားရမှုကြောင့် ဖယ်လိုင်နီ၊ ဖီးလ်ဂျုံး၊ အီဗန့်၊ ရွန်းနီတို့ အဝါကတ်ပြခံရသည်။ မန်ယူအတွက် ဒုတိယဂိုးကို မာတာက သွင်းယူပေးပြီး ပထမပိုင်းအပြီးတွင် မန်ယူတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ဒုတိယပိုင်း ၄၆ မိနစ်တွင် လီဗာပူးမှ လာလာနာအစား တိုက်စစ်မှူး ဘာလော့တယ်လီ ဝင်ကစားခဲ့သည်။ လီဗာပူးတို့ ချေပဂိုးရရှိရေး ဖိကစားခဲ့သော်လည်း တိုက်စစ်မှူး ဗန်ပါစီက မန်ယူအတွက် တတိယဂိုး သွင်းယူပေးသည်။ ပွဲချိန် ၇၇ မိနစ်တွင် ရွန်းနီအစား ဖယ်လ်ကာအို ဝင်ရောက်ကစားသည်။ ပွဲအပြီးတွင် မန်ယူတို့ လီဗာပူးကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြီးခဲ့သည့်ရာသီက အိုးထရက်ဖို့ဒ်ကွင်းတွင် မန်ယူတို့ လီဗာပူးကို ရှုံးနိမ့်ခဲ့သော်လည်း ယခုပွဲအနိုင်ကြောင့် ပြန်လည်ချေပနိုင်ခဲ့သည်။

ယခုပွဲအပြီး မန်ယူတို့ ၃၁ မှတ်ဖြင့် တတိယနေရာ၌ ရပ်တည်နေပြီး ဇယားထိပ်၌ ဦးဆောင်နေသည့် ချယ်လ်ဆီးနှင့် မန်စီးတီးတို့ကို ဖိအားပေးနေဆဲဖြစ်သည်။

လီဗာပူးဘက်မှ ဂျိုးအလန်၊ ဘာလော့တယ်လီ၊ ဂျရတ်တို့ အဝါကတ်ပြခံရသည်။ မန်ယူတို့က ဘောလုံးပိုင်ဆိုင်မှုများသော်လည်း လီဗာပူးတို့က ဂိုးကန်သွင်းခွင့် ပိုမိုရရှိခဲ့သည်။



**တိုက်စစ်မှူး ရွန်းနီ မန်ယူအတွက် ဦးဆောင်ဂိုး သွင်းယူပေးစဉ်။**

**စီးရီးအေ**

အီတလီစီးရီးအေ ပွဲစဉ်(၁၅) ယှဉ်ပြိုင်ကစားကြရာ ဂျူဗင်တပ်စ်နှင့် ဆမ်ဒိုးရီးယားတို့ပွဲတွင် တစ်ဂိုးစီ သရေကျပြီး ရိုးမားက အဝေးကွင်း၌ ဂျီနိုအာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ပါးမားနှင့် ကက်ဂလီယာရီတို့ ဂိုးမရှိ သရေပွဲဖြစ်ပြီး ဗီရိုနာက အူဒီးနိစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ **သီဟ-ရေးသည်**

# သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**ဗန်းမော် ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မြန်မာနိုင်ငံ သွေးလှူရှင်များနေ့ အထိမ်းအမှတ်အရ သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က သူနာပြုသင်တန်းကျောင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သွေးလှူရှင်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **ဝါဝါ(ဗန်းမော်)**

# ဖူဆယ်လိဂ်ပြိုင်ပွဲ အသင်း (၁၀)သင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် MFF ဖူဆယ်လိဂ်ပြိုင်ပွဲကို အသင်း (၁၀) သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (လှိုင်)၌ တစ်နေ့လျှင် ငါးပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ဖူဆယ်လိဂ်ပြိုင်ပွဲကို MIC အသင်း၊ ရန်ကုန်စီးတီးအသင်း၊ UPT အသင်း၊ YG အသင်း၊ Winner အသင်း၊ မြို့မအသင်း၊ PU အသင်း၊ YUC အသင်းနှင့် အလုံအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကျော့ ပွဲစဉ်များကို ဒီဇင်ဘာ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉ ရက်၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၊ ၄၊ ၇၊ ၉ ရက်များတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအဖွင့်နေ့အဖြစ် ဒီဇင်ဘာ ၁၇ ရက်တွင် လှိုင်အသင်းနှင့် အလုံအသင်း၊ UPT အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ YG အသင်းနှင့် MIC အသင်း၊ Winner အသင်းနှင့် YUC အသင်း၊ မြို့မအသင်းနှင့် PU အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖူဆယ်လိဂ်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ်ကတည်းက ကျင်းပခဲ့ပြီး လက်ရှိချန်ပီယံ နေပြည်တော်အသင်းမှာ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့ပေ။ **ဖိုးသော်ဇင်**

❍ ကျောဖုံးမှ

ဆွေးနွေးခဲ့ပါတယ်။ အာဆီယံ-ကိုရီးယားပူးတွဲကြေညာချက်ကိုလည်း အောင်မြင်စွာထုတ်ပြန် ကြေညာနိုင်ခဲ့ပါတယ်။ ဒါကြောင့် အာဆီယံနဲ့ ကိုရီးယားဆက်ဆံရေး ရှေ့ဆက်ပြီးအလားအလာကောင်းတွေရှိပါတယ်။ တိုးတက်အောင်လည်း နှစ်ဖက်စလုံးက လမ်းညွှန်ချက်တွေကို Plan of Action တွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိပူးပေါင်းဆောင်ရွက်မှုတွေအပြင် ရှေ့ဆက်ပြီးတော့လည်း စံပြကျေးရွာသစ် စီမံကိန်းတည်ဆောက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ ပြည်သူချင်းဆက်နွှယ်မှုမှာလည်း မြန်မာနိုင်ငံက ပညာတော်သင်တွေစေလွှတ်ပြီး ကိုရီးယားဘက်ကလည်း မြန်မာနိုင်ငံကို ပညာတော်သင်တွေ အပြန်အလှန်စေလွှတ်ရေး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူတဲ့ နှစ်အတွင်း နောက်ဆုံးဥက္ကဋ္ဌအဖြစ် တာဝန်ယူကျင်းပတဲ့ အစည်းအဝေးလည်းဖြစ်ပါတယ်။ အိမ်ရှင်အဖြစ်ကိုရီးယားက အစည်းအဝေးကြီး အောင်မြင်အောင်ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့တာတွေ့ရပါတယ်။ အာဆီယံနဲ့ ကိုရီးယားဆက်ဆံရေးတိုးတက်ဖြစ်ထွန်းအောင် ဆက်လက်ကြိုးပမ်းကြမယ်ဆိုတဲ့ သဘောတူညီချက်တွေရရှိခဲ့ပါတယ်။

**ဒေါက်တာကံဇော်(ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)**

ကိုရီးယားနဲ့ မြန်မာတို့ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးတဲ့


ဦးကျော်ဆန်း (ပြည်ထောင်စုဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)

အခါမှာ အထူးသဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကဏ္ဍကြီး(၃)ခုလုံးမှာ ဆောင်ရွက်ဖို့ဆွေးနွေးနိုင်ခဲ့ပါတယ်။ အာဆီယံ-ကိုရီးယား မူဘောင်ထဲမှာ ဆွေးနွေးတာတစ်ခုပါသလို မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနဲ့လည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

အာဆီယံ-ကိုရီးယား အစည်းအဝေးမှာ အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်နိုင်ငံတွေ (၂၅)ကြိမ်မြောက်အစည်းအဝေးကို ကိုယ်စားပြုတာဖြစ်ပြီး အဓိကခေါင်းစဉ်ကတော့ အာဆီယံနဲ့ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)ကြိမ်မြောက်အခမ်းအနားကို မြန်မာနိုင်ငံက ၂၀၁၄ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတာဖြစ်တဲ့အတွက် ပူးတွဲသဘာပတိလုပ်ဖို့ တက်ရောက်တာလည်းဖြစ်ပါတယ်။

အာဆီယံ-ကိုရီးယားဆက်ဆံရေးဆောင်ရွက်မှုဟာ အခုအကြိမ်ဆို ဒုတိယအကြိမ် ပြုလုပ်ခဲ့တာဖြစ်ပြီး ပထမအကြိမ်အနေနဲ့ လွန်ခဲ့တဲ့ ငါးနှစ် ဇွန်လက ဂျေဂျူးကျွန်းမှာ တစ်ကြိမ်ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆွေးနွေးတဲ့အပိုင်းမှာ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာဆိုရင် လယ်ယာကဏ္ဍတိုးတက်လာဖို့အတွက် နည်းပညာတွေပူးပေါင်းဆောင်ရွက်မှု၊ လယ်ယာကဏ္ဍမှာလိုအပ်တဲ့ လက်တွန်းထွန်စက်၊ ထွန်စက်အကြီး၊အသေး၊ ဘက်စုံရိတ်သိမ်းခြွေလှေ့စက်တွေကို ကိုရီးယားနိုင်ငံ Daedong စက်မှုလုပ်ငန်းအနေနဲ့ မြန်မာနိုင်ငံကို အရစ်ကျစနစ်နဲ့တင်ပို့ရောင်းချပေးမှာဖြစ်တယ်။

အဲဒီရောင်းချမှုတွေနဲ့အတူ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို တစ်ဖက်က လက်မှုလယ်ယာမှ စက်မှုလက်ယာသို့ အသွင်ကူးပြောင်းရေးဆောင်ရွက်နေသလို အခြားတစ်ဖက်ကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ သူတို့ရဲ့ အောင်မြင်ခဲ့တဲ့၊ တစ်ကမ္ဘာလုံးကို ပျံ့နှံ့ဆောင်ရွက်နေတဲ့ အာဆီယံနိုင်ငံတွေကလည်း အဓိကစံနမူနာအဖြစ် ဆောင်ရွက်နေတဲ့ ကျေးရွာသစ်စီမံကိန်းကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်မှုတွေအားလုံးဟာ ၂၀၁၁ ခုနှစ် အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီနဲ့ ကိုရီးယားအစိုးရတို့ကပေးတဲ့ နည်းပညာဆိုင်ရာ အထောက်အကူ၊ လုပ်ငန်းဆိုင်ရာ အထောက်အကူတွေအပြင် ကိုရီးယားအစိုးရကနေပေးတဲ့ နှစ်ရှည်ချေးငွေတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် စက်မှုလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ လယ်ယာထွက်ကုန်ပစ္စည်းတွေကို မြန်မာနိုင်ငံအတွင်းမှာ တပ်ဆင်ထုတ်လုပ်နိုင်တဲ့အထိ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါဟာ ဝန်ဆောင်မှုအဆင့်အထိ သွားနေတာဖြစ်တဲ့အတွက် လယ်ယာကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအပြင် နည်းပညာလွှဲပြောင်းမှုအထိ ဘက်စုံပူးပေါင်းဆောင်ရွက်နေတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးကျော်ဆန်း (ပြည်ထောင်စုဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**

မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံကလည်း ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှာပါ။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီးတဲ့နောက်မှာမှ စက်မှုနိုင်ငံအဖြစ် ဆက်လက်ထူထောင်ပြီးချမ်းသာတဲ့နိုင်ငံဖြစ်အောင်လုပ်ကြရမှာပါ။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လယ်ယာကဏ္ဍမှာ အဓိကဆောင်ရွက်နေတဲ့ နည်းလမ်းဖြစ်တဲ့ လူ၊ ကျွဲ၊ နွားနဲ့လုပ်တဲ့ မိရိုးဖလာနည်းကနေပြီး ထုတ်လုပ်မှုကိုလည်း တိုးတက်စေနိုင်တဲ့၊ အရည်အသွေးကိုလည်း မြင့်မားစေနိုင်တဲ့၊ အလေအလွင့်ကိုလည်း နည်းစေနိုင်တဲ့ တစ်နှစ်ကို နှစ်သီး၊ သုံးသီး ရာသီမရွေးစိုက်ပျိုးနိုင်တဲ့ စက်မှုလယ်ယာစနစ်ကို သွားကြရမှာဖြစ်ပါတယ်။

အဲဒီလို စက်မှုလယ်ယာစနစ်သွားဖို့ဆိုရင် လယ်သမားတွေအတွက် လယ်ယာသုံးစက်ကိရိယာတွေ အများအပြား လိုအပ်ပါတယ်။ ဒါကြောင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းတွေကို လယ်သမားတွေက လက်ငင်းဝယ်ယူအသုံးပြုဖို့ဆိုတာ အင်မတန်ခက်ပါတယ်။ အဲဒီလိုအခြေအနေရှိတဲ့အတွက် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ပေးမှုနဲ့ကိုရီးယားနိုင်ငံရဲ့အကူအညီကိုရယူပြီး ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီကထုတ်လုပ်တဲ့ လယ်ယာသုံးစက်ကိရိယာ


ဒေါက်တာကံဇော် (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန)

တွေကို အရစ်ကျဆပ်တဲ့စနစ်နဲ့ ဝယ်ယူဖို့စီစဉ်ခဲ့ပါတယ်။အဲဒီ လယ်ယာသုံးစက်ကိရိယာတွေကို လယ်သမားတွေအသုံးပြုနိုင်အောင် အရစ်ကျဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

ဒီလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကရော၊ လွှတ်တော်ကပါ အတည်ပြုပြီးဖြစ်တဲ့အတွက် စတင်အကောင်အထည်ဖော်နေပါပြီ။ Daedong မှ ထုတ်လုပ်တဲ့ စက်ကိရိယာတွေဟာ အခုပထမသုတ်အနေနဲ့ ဒီဇင်ဘာ ၂ ရက်၊ ၃ ရက်က သင်္ဘော စတင်ပါတယ်။ မြန်မာနိုင်ငံကို ဒီဇင်ဘာ ၂၀ ရက် ကျော်ကျော်ဆိုရင် ရောက်မှာပါ။ ဒေါ်လာသန်း ၁၀၀ ဖိုး စက်ကိရိယာတွေကို သုံးကြိမ်ဝယ်ယူမှာပါ။ ဒီပစ္စည်းတွေရောက်တဲ့အခါမှာ ဝယ်လိုတဲ့ လယ်သမားများကို ကြိုက်ရောင်းကြိုက်ဝယ်စနစ်နဲ့ အရစ်ကျ ပြန်လည်ရောင်းချပေးပါမယ်။ အဲဒီတော့ ကာလစုစုပေါင်း ခုနစ်နှစ် ဖြစ်ပါတယ်။ လယ်သမားများအနေနဲ့ တန်ဖိုးကြီးမားတဲ့စက်တွေကို ခုနစ်နှစ်ဆိုင်းနဲ့ ဝယ်ယူနိုင်ကြပြီး တန်ဖိုးနည်းတဲ့ စက်တွေကိုတော့ နှစ်နှစ်၊ သုံးနှစ် ဆိုင်းနဲ့ ဝယ်ယူနိုင်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့က Daedong ကုမ္ပဏီကို ခုနစ်နှစ်အတွင်းမှာ အားလုံးကို အရစ်ကျ ပြန်လည်ပေးဆပ်သွားမှာဖြစ်ပါတယ်။

အဲဒီက ဝယ်ယူမယ့် လယ်ယာသုံးစက်ကိရိယာတွေကတော့ လက်တွန်းထွန်စက်တွေပါတယ်။ မြင်းကောင်ရေ ၂၈ ကောင်ကနေပြီး ၉၀ အထိရှိတဲ့ ထွန်စက်အသေး၊ အလတ်၊ အကြီးအမျိုးမျိုးပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့အသုံးတည့်တဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေပါတယ်။ လယ်သမားတွေအနေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ဝယ်ယူနိုင်ခွင့်ရရှိပြီဆိုရင်တော့ တစ်နှစ် သုံးသီးရာသီအမီစိုက်ပျိုးနိုင်ပါပြီ။ ဒီတော့ စက်ကိရိယာတွေ အကူအညီရရှိတာ၊ မျိုးကောင်းမျိုးသန့်တွေသုံးတာ၊ နည်းစနစ်သစ်တွေကို သုံးတာတွေကြောင့် အထွက်တိုးလာမယ်။ မိရိုးဖလာနည်းမှာ အလေအလွင့်အလွန်များတာကြောင့် ရိတ်သိမ်းခြွေလှေ့စက်တွေ သုံးနိုင်ရင်တော့ အလေအလွင့်အများကြီးလျော့သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ မိရိုးဖလာနည်းနဲ့စပါးကြိတ်တဲ့အခါမှာ အကျိုးအကြေတွေများတယ်။ ဈေးကောင်းမရဘူး။ အဲ့ဒီမှာ လယ်သမားတွေနစ်နာတယ်။ ဒါကြောင့် လယ်ယာသုံးစက်ကိရိယာတွေကိုသာ အသုံးပြုလာမယ်ဆိုရင် အရည်အသွေးပိုင်းမှာလည်း အများကြီး တက်လာမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍလည်း ပိုမိုတိုးတက်လာမယ်။ အဲ့ဒီကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ပြီး အခြားသောလုပ်ငန်းတွေကိုပါတွဲဖက်လုပ်ကိုင်လာနိုင်မယ်ဆိုရင် လယ်ယာထုတ်ကုန်ဟာ အများကြီးမြင့်တက်နိုင်မယ်။ တိုင်းပြည်ရဲ့စီးပွားလည်း တိုးတက်မယ်။ လယ်သမားတွေရဲ့ စီးပွားလည်း တိုးတက်မှာဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍမှာ လက်မှုလယ်ယာမှ


ဦးဝင်းအောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်/ စက်မှု လုပ်ငန်းရှင်များ အသင်းချုပ်)

စက်မှုလယ်ယာကူးပြောင်းရေးဟာ အရေးကြီးပါတယ်။ လယ်သမားတွေလိုအပ်တဲ့ စက်ကိရိယာတွေပေးနိုင်အောင် တရုတ်နိုင်ငံက ရယူမယ့်ချေးငွေနဲ့လည်း ဆက်စပ်ပြီးတော့ ဆောင်ရွက်သွားဖို့ရှိတယ်လို့ ပြောကြားလိုပါတယ်။

**ဦးမြင့်လှိုင် (ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ဒီခရီးစဉ်ကနေ ပိုမိုတိုးတက်အောင်မြင်မှုတွေ ရရှိလာသလို အာဆီယံ(၁၀)နိုင်ငံနဲ့ ကိုရီးယားနိုင်ငံအကြား ဆက်ဆံရေးတွေ၊ စီးပွားရေးအရ ဆက်ဆံမှုတွေ၊ နိုင်ငံရေးအရ ဆက်ဆံမှုတွေ၊ နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်တဲ့ဆက်ဆံမှုတွေ၊ အလားအလာကောင်းတဲ့ အောင်မြင်မှုတွေရရှိခဲ့တယ်လို့ သုံးသပ်မိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံအကြားမှာလုပ်တဲ့ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်မှု စတဲ့အခွင့်အလမ်းတွေ ဖန်တီးနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ လယ်ယာကဏ္ဍနဲ့ပူးပေါင်းဆောင်ရွက်မှုတွေတိုးမြှင့်ပေးဖို့၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးဖို့ လုပ်ငန်းတွေအတည်ပြုနိုင်ခဲ့ပါတယ်။

လာမယ့် ၂၀၁၅-၂၀၁၆ ကနေစပြီး မြန်မာနိုင်ငံ ကျေးရွာပေါင်း ၁၀၀ ကို အမေရိကန်ဒေါ်လာ ၂၂ သန်း တန်ဖိုးရှိတဲ့ ကျေးရွာသစ်စီမံကိန်းလုပ်ရှားမှုဆိုပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများအနေဖြင့် တစ်ရာသီပြီး တစ်ရာသီ စိုက်ပျိုးထုတ်လုပ်ထွက်ရှိလာတဲ့ သီးနှံတွေကို အဆင့်မြင့်ထုတ်ကုန်တွေထုတ်လုပ်မယ်။ အဆင့်မြင့်ထုတ်ကုန်တွေကို လက်ကားဈေးကွက်တွေထူထောင်ပြီး နိုင်ငံတကာဈေးကွက်နဲ့ချိတ်ဆက်ကာ ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီကနေ အကူအညီတွေပေးဖို့အတွက် လာမယ့် ၂၀၁၅ နှစ်ဦးပိုင်းမှာပဲစတင်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတို့ရဲ့ ဆက်ဆံမှုရလဒ်အနေနဲ့ မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့အထောက်အကူဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

**ဦးရဲထွဋ်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**

ဒီနှစ်က ထူးခြားတဲ့ နှစ်တစ်နှစ်ပါ။ ဘာလို့လဲဆိုရင် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်က ၂၅ နှစ်ပြည့်တယ်။ ဒေသဆိုင်ရာဆွေးနွေးဖက်အဖွဲ့ဝင်ဖြစ်တာ နှစ်(၂၀)ပြည့်တယ်။ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ကိုရီးယားက ဝင်ရောက်ခဲ့တာက ၁၀ နှစ်ပြည့်တယ်။ အထိမ်းအမှတ် သုံးခုဆုံတဲ့ နှစ်မှာ ဆွေးနွေးခွင့်ရရှိခဲ့တယ်။

အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ငါးနှစ်သက်တမ်းလုပ်ငန်းစီမံချက်က ၂၀၁၅ မှာကုန်ပြီ။ ၂၀၁၆-၂၀၂၀မှာ ဘာတွေဆက်လုပ်မယ်ဆိုတာကို ဆွေးနွေးခဲ့ကြတယ်။ အာဆီယံနဲ့ ကိုရီးယားကြားမှာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ကြတယ်။ ၂၀၁၃ ခုနှစ် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးတုန်းက ကိုရီးယားဘက်က ဆွေးနွေးခဲ့တာရှိပါတယ်။ အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီဆိုတာ ဖွဲ့စည်းဖို့ပါ။ ဒါကတော့ ပုဂ္ဂလိက ကဏ္ဍပါ။ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကြားမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ပါ။ ထိပ်သီးအစည်းအဝေးမတိုင်ခင် ဒီဇင်ဘာ ၁၀ ရက်နေ့မှာ ညီလာခံကျင်းပပြီး ပထမဆုံးအကြိမ် အကောင်အထည်ဖော်နိုင်ပြီဆိုတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် အခွင့်အရေးတွေ အများကြီး ရရှိလာမှာပါ။ အာဆီယံမူဘောင်အတွင်းကနေ ဆောင်ရွက်ခဲ့တဲ့ကိစ္စရပ်ပါ။

အာဆီယံ-ကိုရီယားဆက်ဆံရေးက အလွန်ကောင်းမွန်ပါတယ်။ ကျွန်တော်တို့နဲ့ ကိုရီးယားဆက်ဆံရေးကလည်း ကောင်းမွန်ပါတယ်။ သမ္မတကြီးနဲ့ ကိုရီးယားသမ္မတကြီး သီးခြားတွေ့ဆုံမှုလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ၊ ဆိပ်ကမ်းနဲ့ ရေကြောင်း သွားလာရေးဖွံ့ဖြိုးမှုကဏ္ဍတွေကို ဆွေးနွေး ခဲ့ပါတယ်။

ဘူဆန်က ဒုတိယအကြီးဆုံးမြို့တော်နဲ့ စက်မှု လုပ်ငန်းတွေထွန်းကားတဲ့မြို့တော်ဖြစ်တဲ့အတွက် ဘူဆန်လုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာလာရောက် ရင်းနှီးမြှုပ်နှံဖို့ သမ္မတကြီးက တိုက်တွန်းပြောကြားခဲ့တာရှိပါတယ်။ အာဆီယံအနေနဲ့ရော မြန်မာနိုင်ငံအနေနဲ့ပါ ကိုရီးယားနဲ့ဆက်ဆံရေးမှာလည်း ရလဒ်ကောင်းတွေရရှိခဲ့တဲ့ခရီးစဉ်လို့ပြောလို့ရပါတယ်။

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*


ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီက ထုတ်လုပ်သော လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို တွေ့ရစဉ်။

ပြည်တွင်းသတင်း

# ရှမ်းပြည်နယ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၁၀ ရက်က မန္တလေးမြို့ မိဘမဲ့ကလေးပြုစုရေးဌာနသို့ ရောက်ရှိပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။ ထို့နောက် လားရှိုးမြို့သို့ ရောက်ရှိပြီး ဧလိမ်မိဘမဲ့ဂေဟာ၊ ရှမ်းမိဘမဲ့ဂေဟာနှင့် လားရှိုးလူငယ်သင်တန်းကျောင်းများသို့ သွားရောက်၍ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဒီဇင်ဘာ ၁၁ ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ ကျောက်မဲခရိုင်၊ မိုးမိတ်ခရိုင်၊ တာချီလိတ်ခရိုင်၊ ကျိုင်းတုံခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်း ( ၂၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် အလှူငွေစုစုပေါင်း ကျပ်သိန်း ၈၆၇ ဒသမ ၃၉ သိန်းတို့ကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးရာ ဂေဟာအုပ်ချုပ်ရေးမှူးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မူကြိုကျောင်း အမှတ်(၁)သို့ ရောက်ရှိပြီး ကျေးရွာ ၁၄ ရွာမှ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ် ၆၀ နှင့် မန်ဆူဘုန်းတော်ကြီးကျောင်း၌ ကျေးရွာ ၁၂ ရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် ၆၀ တို့ကို နည်းပြသင်တန်း ပို့ချနေမှုတို့အား ကြည့်ရှု၍ လူငယ်မောင်မယ်များကို အားပေးစကားပြောကြားပြီး ကျောက်မဲမြို့မူကြိုကျောင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(မြန်မာ့အလင်း)**



*စာမျက်နှာ ၉ မှ*

**ဦးဝင်းအောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်/ စက်မှုလုပ်ငန်းရှင်များအသင်းချုပ်)**

ကျွန်တော်တို့ ကုန်သည်/ စက်မှုအသင်းချုပ်အနေနဲ့ ကိုရီးယားနိုင်ငံမှာကျင်းပခဲ့တဲ့ အာဆီယံ-ကိုရီးယား ထိပ်သီးဆွေးနွေးပွဲနဲ့ ယှဉ်တွဲပြီးတော့ ကျင်းပတဲ့အခမ်းအနားနှစ်ခုကို တက်ရောက်ခဲ့တာပါ။ တစ်ခုက အာဆီယံ-ကိုရီးယားခေါင်းဆောင်များ အစည်းအဝေးနဲ့ နောက်တစ်ခုက အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီ ဆွေးနွေးညှိနှိုင်းဖွဲ့စည်းတဲ့ အခမ်းအနားတွေဖြစ်ပါတယ်။ အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ် ထိပ်သီးအစည်းအဝေးကို ပြောရရင် ကမ္ဘာ့စီးပွားရေး အလားအလာတွေနဲ့ အာရှရဲ့စီးပွားရေးမှာ ဘယ်လို ဘယ်ပုံ အင်အားရှိရှိနဲ့ ဘယ်လိုဆောင်ရွက်နိုင်မယ်ဆိုတဲ့ အပိုင်းတွေဆွေးနွေးကြပါတယ်။ နောက်တစ်ခါ အာဆီယံ-ကိုရီးယား ၂၀၁၃ က အာဆီယံခေါင်းဆောင်တွေနဲ့ ကိုရီးယားခေါင်းဆောင်တွေ ဆွေးနွေးကြတဲ့အခါမှာ ၂၀၁၄ ခုနှစ်ရောက်ရင် စီးပွားရေးလုပ်ငန်းတွေကို အာဆီယံနဲ့ကိုရီးယား ပူးပေါင်းဆောင်ရွက်ဖို့ ပိုမိုတိုးတက်ဆောင်ရွက်ဖို့အတွက် အာဆီယံမှာရှိတဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းတွေနဲ့ ကိုရီးယားစီးပွားရေးဆိုင်ရာအဖွဲ့အစည်းတွေပေါင်းပြီး အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီဖွဲ့ဖို့ဆိုပြီးတော့ အဆိုပြုခဲ့ကြတာရှိပါတယ်။ ဒါကို အာဆီယံခေါင်းဆောင်တွေကလည်း သဘောတူခဲ့ကြပါတယ်။

အဲဒီအနေအထားအရ ဒီနှစ် ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှာ အာဆီယံ-ကိုရီးယား စီးပွားရေးကောင်စီကို ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းရတဲ့ရည်ရွယ်ချက်ကတော့ အာဆီယံနိုင်ငံတွေနဲ့ ကိုရီးယားနိုင်ငံတို့ ပူးပေါင်းပြီး စီးပွားရေး ဝန်ထမ်းတွေချိတ်ဆက်ပြီးတော့ အလုပ်လုပ်ကြဖို့၊ ပိုမိုပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ ကိစ္စတွေကို စနစ်တကျဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းခဲ့တာဖြစ်ပါ တယ်။ ဖွဲ့စည်းပြီးတော့ ရှေ့ဆက်လက်ဆောင်ရွက်နိုင်ဖို့ကိစ္စတွေကို ညှိနှိုင်းပြီးမှ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ စီးပွားရေးကိစ္စရပ်တွေမှာ တိုးချဲ့ဆောင်ရွက်ဖို့ဖြစ်ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ပုဂ္ဂလိက အချင်းချင်းဖွဲ့စည်းပြီး လုပ်ငန်းရှင်ကိုရီးယားနဲ့ အာဆီယံအကြား တိုးတက်ပြီးပူးပေါင်းဆောင်ရွက်နိုင်မယ်။ စီးပွားရေးလုပ်ငန်းနဲ့ဆိုင်တဲ့ ဆောင်ရွက်ဖွယ်ဆိုင်ရာ ကိစ္စအဝဝကို နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ကြမယ်။

နောက်တစ်ခုက အာဆီယံနဲ့ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ လိုအပ်တဲ့လုပ်ငန်းစဉ်တွေ၊ ကိစ္စရပ်တွေကိုလည်း နိုင်ငံခေါင်းဆောင်တွေကို တင်ပြပြီး လိုအပ်တဲ့အချက်တွေ ဆက်လက်ဆောင်ရွက်ဖို့ ကိစ္စတွေလည်း ပါပါတယ်။ အဓိကကတော့ ကျွန်တော်တို့ အာဆီယံနိုင်ငံတွေမှာရှိတဲ့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းနဲ့ ကိုရီးယားနိုင်ငံမှအသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေ အကျိုးတူ ဘယ်လိုပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုတာကို အဓိကထားဆွေးနွေးခဲ့ကြပါတယ်။

(၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှရရှိလာသော ညှိနှိုင်းသဘောတူညီမှုများ ကတိကဝတ်များနှင့် ဆုံးဖြတ်ချက်များသည် အာဆီယံဒေသတွင်းနိုင်ငံများအတွက်သာမက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူများစွာဖြစ်စေကာ အဆိုပါ ခရီးစဉ်မှ အကျိုးရလဒ်ကောင်းများစွာ ဆောင်ယူလာနိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။



ဒီဇင်ဘာ ၁၃ ရက်က မြန်မာ့အလင်း မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ကြည့်မြင်တိုင်မြို့နယ်နေ ဦးကာစီ (မြို့နယ်စည်ပင်ဥက္ကဋ္ဌ)က အသက် ၇၀ ပြည့်မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းပွဲကို သုဝဏ္ဏမြို့နယ် ဝေဇယန္တာလမ်းရှိ Goal ဟိုတယ်၌ ကျင်းပရာ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (ရန်ကင်း)နှင့် အတွင်းရေးမှူး ဦးတင်ဝင်းလေး (ကြည့်မြင်တိုင်) တို့က လက်ခံယူကြစဉ်။

ကိုကြီးတင်



# နာဂဝိဝရာ ပဋ္ဌာန်ပင့်မာဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယ သျှားမီးပူဇော်ပွဲတော်ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၄**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၉)၊ ငါးရံ့ချောင်းကျေးရွာ ပါရမီမြတ်ကုန်းတော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော နာဂဝိဝရာ ပဋ္ဌာန်ပင့်မာဆုတောင်းပြည့် (နဂါးသက်န်းရုံ) ဘုရားကြီး တတိယ အကြိမ်မြောက် ဗုဒ္ဓပူဇနိယ သျှားမီးပူဇော်ပွဲတော်ကြီးကို ဒီဇင်ဘာ ၁၃ ရက် ည ၉ နာရီက ၄င်းကုန်းပေါ်ရှိ သျှားမီးပူဇော်ကွင်း၌ ကျင်းပသည်။ အဆိုပါ သျှားမီးပူဇော်ပွဲတော်ကို ညစဉ် ကျင်းပမည်ဖြစ်ပြီး ရှားမီးတိုင်ကြီး ခုနစ်တိုင်နှင့် မီးပုံးပျံ (ညမီးကျည်သုံးလုံး)၊ မီးပုံးပျံငယ် ၃၇၈ လုံးတို့ကို လွှတ်တင်ပူဇော်ပြီး စတုဒိသာ ကျွေးမွေးခြင်း၊ သံဃာတော် ၁၀၈ ပါး တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကံထူးရှင်ဆုမဲဖောက်ခြင်း၊ ပိုက်ကျော် ခြင်းပြိုင်ပွဲ၊ အကပဒေသာပြိုင်ပွဲနှင့် သက်ကြီးလူရွှင်တော်များ ဖျော်ဖြေပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး တစ်နေ့လုံးသျှားထင်းမီး ပူဇော်ပွဲကိုလည်း ပွဲတော်လာသူများက တစ်နေကုန် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၇)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# လျှပ်စစ်ဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့်

**ပြည် ဒီဇင်ဘာ ၁၄**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးနှင့် ဓာတ်အားခွဲရုံတို့မှ ဝန်ထမ်းများကို ဝန်ထမ်းမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၄) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပသည်။

သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ခေါင်းဆောင်မှုအတတ်ပညာ၊ ရုံးစာရေးသားနည်းများ ဟောပြောပို့ချသည်။ သင်တန်းကာလမှာ ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကြာမြင့်ပြီး သင်တန်းသားသင်တန်းသူ ၃၂ ဦးအပြင် တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်ရုံးနှင့် ဓာတ်အားခွဲရုံးတို့မှ ဌာနတာဝန်ခံများတက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

(၁၀၅)

# ဧရာဝတီတံတား(ထီးချိုင့်)သံပေါင်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ထီးချိုင့် ဒီဇင်ဘာ ၁၄**

ကသာခရိုင် ထီးချိုင့်မြို့နယ် ဧရာဝတီတံတား(ထီးချိုင့်) သံပေါင်တင်မင်္ဂလာအခမ်းအနားကို ထီးချိုင့်မြို့ ဧရာဝတီတံတား(ထီးချိုင့်)တွင် ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ကျင်းပသည်။

အဆိုပါ အခမ်းအနားအစီအစဉ်တွင် ပထမဦးစွာဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူခြင်း၊ ပရိတ်တရားနာခြင်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်သည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်စိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးစိုး၊ ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးကျော်ကျော်အုန်းတို့က မင်္ဂလာသံပေါင်ကို ရွှေမှုလီများ တပ်ဆင်ပေးကြသည်။

ထို့နောက် မင်္ဂလာသံပေါင်ကို အမွှေးနံ့သာများဖြင့်ပက်ဖျန်းပေးခဲ့ပြီး ဧရာဝတီတံတား(ထီးချိုင့်) သံပေါင်ကို စက်ကရိန်းကြီးများဖြင့် အောင်မြင်စွာ တပ်ဆင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့**အများအားဖြင့် သာယာမည်။
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့**တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

# လာမည့်မတ်လအကုန်တွင် တစ်နာရီ မိုင် ၃၀ နှုန်းသို့ တိုးမြှင့်ပြေးဆွဲရန် အုတ်ဖိုစု-သီလဝါ ရထားလမ်းပိုင်းအား ပြုပြင်ဆောင်ရွက်လျက်ရှိ

**သန်လျင် ဒီဇင်ဘာ ၁၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ ခရီးသွားပြည်သူများ လုံခြုံစိတ်ချစေရန်နှင့် ရထားသံလမ်းများ ကြံ့ခိုင်စေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရထားသံလမ်းဆက်ကြောင်းများအား ဆွဲညှိခြင်း၊ ကွန်ကရစ်ဇလီဖားတုံးအသစ်များကို တိုးမြှင့်ထည့်သွင်းခြင်းနှင့် လမ်းခင်းကျောက်များကို ကျင်းအလိုက် ထည့်သွင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိရာ အုတ်ဖိုစု-သီလဝါ ရထားလမ်းပိုင်း ပြေးဆွဲခြင်းအား လာမည့် ၂၀၁၅ ခုနှစ် မတ်လအကုန်တွင် မိုင်နှုန်းတိုးမြှင့်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ- စိုးဝင်း(SP)



အုတ်ဖိုစု-သီလဝါ ရထားလမ်းပိုင်း ဘူတာကြားရှိ ရထားလမ်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ထိုအတွက်ကြောင့် တစ်ရက်လျှင် ခရီးစဉ်အသွားအပြန် ခေါက်ရေလေးခေါက်ပြေးဆွဲပေးနေသည့် ရန်ကုန်-တိုးကြောင်ကလေး-အုတ်ဖိုစု-သီလဝါ ဘူတာရထားပြေးဆွဲရာလမ်းကြောင်းရှိ ရထားသံလမ်းခရီးအရှည် မိုင် ၈ ဒသမ ၃၃ မိုင်ရှိသော အုတ်ဖိုစုဘူတာနှင့် သီလဝါဘူတာကြားရှိ လမ်းပိုင်းရထား သံလမ်းတစ်လျှောက်အားသံလမ်းများ ဆွဲညှိခြင်းနှင့် ကွန်ကရစ်ဇလီဖားတုံးများကို ယခင် သံလမ်းအရှည် ၃၉ ပေ ၀ လက်မ ဆက်ကြောင်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖားတုံးငါးတုံးနှုန်းသုံးစွဲရာမှ ၁၆ တုံးနှုန်းအပြည့် တိုးမြှင့်ထည့်သွင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အုတ်ဖိုစု-သီလဝါ ရထားလမ်းပိုင်း လမ်းခင်းကျောက်အတွက် ရထားသံလမ်းအရှည် ၈ ဒသမ ၃၃ မိုင်ကို ၁၂၄၉ ဒသမ ၅၀ ကျင်းထည့်သွင်းရန် လျာထားလျက်ရှိပြီး မိုးရာသီ မြေနိမ့်ကျွံလမ်းပိုင်းများအတွက်လည်း သဲကြမ်းကျင်းပေါင်း ၃၀၀ ခန့် ထည့်သွင်း အသုံးပြုထားကြောင်း သိရသည်။ မြေနုံရုံများ ကျဉ်းသောနေရာများနှင့် မိုးရာသီရေဝပ်၊ ရေမထွက်သောနေရာများကို Back Hole စက်ကြီးများဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရထားလမ်းပိုင်းပြုပြင်ပြီးပါက ၂၀၁၅ ခုနှစ်မတ်လအကုန်တွင် တစ်နာရီလျှင် ၁၅ မိုင်နှုန်းအစားမိုင် ၃၀ နှုန်းသို့ တိုးမြှင့်ပြေးဆွဲပေးသွားရန်စီစဉ်ထားကြောင်း၊ ထို့အပြင် သီလဝါ စီးပွားရေးဇုန်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ဝန်ထမ်းများ အပါအဝင်လုပ်သားများ အဆိုပါရထားကို အသုံးပြု၍ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

# တက်လှီး-ဟောက်ပီး-ဇလှီးချောင်းလမ်း တာချဲ့ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**တီးတိန် ဒီဇင်ဘာ ၁၄**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ကျပ် ၁၂ သန်းဖြင့် တာဝန်ယူထားသည့်ကုမ္ပဏီမှ ဆောင်ရွက်သော တက်လှီး-ဟောက်ပီးကျေးရွာ-ဇလှီးချောင်း (တက်လှီးကျေးရွာမှ ဇလှီးချောင်းရေအားလျှပ်စစ်)အထိ သုံးမိုင်အကျယ် ၁၈ ပေ လမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုကို တီးတိန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။



လမ်းတာချဲ့ခြင်းလုပ်ငန်း ပြီးစီးပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၂၅၁ အိမ်၊ လူဦးရေ ၁၆၃၄ ဦးအတွက် အကျိုးရှိမည်ဖြစ်သည့်အပြင် ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ငါးလုပ်ငန်းဦးစီးဌာနသို့ လုပ်ငန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

**မန္တလေး ဒီဇင်ဘာ ၁၄**

JICA-Myanmar ၏ စီစဉ်မှုဖြင့် SAEP-JICA စီမံကိန်းမှ ငါးလုပ်ငန်းဦးစီးဌာနသို့ စီမံကိန်းဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် မြို့ပတ်လမ်း သရက်ကုန်းငါးလုပ်ငန်းစခန်းရှိ JICA-ငါးလုပ်ငန်းဦးစီးဌာနစီမံကိန်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် JICA-မြန်မာရုံးချုပ်မှ တတိယဌာနေကိုယ်စားလှယ် Mr.ISA Kohei နှင့် ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်တို့က အမှာစကားပြောကြားကြပြီး နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုး၍ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၅-၂၀၁၈ ခုနှစ်အထိ ငါးနှစ်စီမံကိန်းကို မူလတာဝန်ခံများနှင့်အတူပူးတွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ အပူပိုင်းဇုန် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာ တိုးချဲ့လေ့ကျင့်ပညာပေးစီမံကိန်းဝင် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ ပုသိမ်ကြီး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ ရွှေဘို၊ ရေဦး၊ ကောလင်း၊ ပင်လည်ဘူး၊ ဝန်းသို၊ စလင်း၊ ပွင့်ဖြူ၊ တောင်တွင်းကြီးစသည့် မြို့နယ် ၁၃ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတို့၌ စီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာအောင်မြင်အောင် ဆောင်ရွက်ရန်အတွက် SAEP-JICA စီမံကိန်းမှ တာဝန်ရှိသူတို့က ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးတို့ထံ ဆိုင်ကယ်အစီး ၂၀ နှင့် သုံးဘီးဆိုင်ကယ်တို့ကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ်မှ ITC ကတ်ဖြင့် အသေးစားပုဂ္ဂလိက ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိ

**မြိတ် ဒီဇင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မြန်မာ-ထိုင်းနယ်စပ် မောတောင်ဒေသတွင် အသေးစားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာဖြင့် ကုန်သွယ်မှုဆောင်ရွက်နိုင်ရန် တရားမဝင်ကုန်သွယ်မှုများကို တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိပြီး ကုန်သွယ်မှု ပမာဏတိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်အတွက် အခွန်ငွေများ တိုးတက်ရရှိစေရန်အတွက် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ်တွင် ITC ဖြင့်လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားကြောင်း သိရသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ်တွင် ITC ဖြင့် လုပ်ငန်းခွင့်ပြုမှုဖြင့် ဆောင်ရွက်လျက်ရှိသော အသေးစား ပုဂ္ဂလိကလုပ်ငန်းရှင် ၄၀ ကျော်ရှိပြီး ယခင်ခွင့်ပြုပြီးဖြစ်သော ပို့ကုန်အမျိုး ၁၆၀ နှင့်သွင်းကုန် ၂၄၃ မျိုးတို့အပြင် လိုင်စင်ရယူရန်မလိုသော HS လိုင်းအလိုက် ထုတ်ပြန်ထားရှိသည့် ပို့ကုန် ၉၈၃ လိုင်းနှင့် သွင်းကုန် ၂၀၇၉ လိုင်းတို့ကို ဆက်လက်ဆောင်ရွက်ခွင့်ပြုထားသော်လည်း ယခင် ITC ဖြင့် ခွင့်ပြုထားသည့် သွင်းကုန် ၂၄၃ မျိုးအနက် ဓာတ်မြေသြဇာတင်သွင်းခွင့်နှင့်ပတ်သက်၍ ဓာတ်မြေသြဇာတည်ဆဲဥပဒေအရ တားမြစ်ထားကြောင်း သိရသည်။

အဆိုပါမောတောင်ဒေသသည် အိမ်ခြေ ၁၀၀၀ ကျော်ခန့်ရှိ၍ ထိုင်းနိုင်ငံ ပရာကျွတ်ပြည်နယ်နှင့်တစ်ဆက်တည်းတွင် တည်ရှိပြီး မြိတ်မြို့မှ မိုင်ပေါင်း ၁၂၅ မိုင်အကွာအဝေးတွင် တည်ရှိသည်။ ဒေသတွင်း ငွေကြေးသုံးစွဲမှုမှာ ထိုင်းဘတ်ငွေဖြင့်သာ အဓိကအရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**မိုးဟိန်း(မြိတ်)**



# တရားလွှတ်တော်တရားသူကြီး ဖျာပုံအကျဉ်းထောင်စစ်ဆေး

**ဖျာပုံ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးကျော်မင်းသည် ဖျာပုံခရိုင်တရားသူကြီးဒေါ်မေလေးညိုနှင့် မြို့နယ်တရားသူကြီး ဦးတင်မောင်ဝင်းတို့လိုက်ပါလျက် ဖျာပုံအကျဉ်းထောင်ကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့အား ဖျာပုံအကျဉ်းဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသန်းက အကျဉ်းထောင် အကျဉ်းသား၊ အကျဉ်းသူ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးက လိုအပ်ချက်ကို တာဝန်ရှိသူများအား ဥပဒေနှင့်အညီ အယူခံအခွင့်အရေးအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် ခရိုင်တရားသူကြီးတို့သည် ဒေးဒရဲမြို့နယ် မြို့မရဲစခန်းသို့သွားရောက်၍ အချုပ်သူ အချုပ်သားများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ **မင်းမင်းဦး(ကျိုက်လတ်)**

# မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်နှင့် အချုပ်ခန်းများကြည့်ရှုစစ်ဆေး

**ပခုက္ကူ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမြင့်သိန်းသည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက ပခုက္ကူခရိုင် တရားသူကြီး ဦးမြင့်ဆွေကျော်၊ မြို့နယ်တရားသူကြီး ဒေါ်ဆွေဆွေဝင်းတို့လိုက်ပါလျက် ပခုက္ကူအကျဉ်းထောင်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရေစကြိုမြို့မရဲအချုပ်စခန်းသို့လည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြိုင်မြို့မရဲအချုပ်စခန်းသို့လည်းကောင်း၊ သွားရောက်ကာ အကျဉ်းသား အကျဉ်းသူများ အချုပ်တရားခံများ၊ အကျဉ်းထောင်နှင့် အချုပ်စခန်းများတွင် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ၊ ခံစားရခြင်း ရှိ/မရှိ၊ သင့်တင့်မျှတသော အစားအစာအာဟာရခံစားရမှု ရှိ/ မရှိ၊ အမျိုးသမီးအကျဉ်းသူ၊ အချုပ်သူများ အမျိုးသမီးလုံခြုံရေးအစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိ/မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ (၁၀၂)

ပြည်သူ့အကျိုးဖော်ဆောင်ဖို့
အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မြန်မာ-အင်ဒိုနီးရှား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ State Owned Enterprise မှ ဒုတိယဝန်ကြီး ဦးဆောင်မှုဖြင့် အင်ဒိုနီးရှားကုမ္ပဏီ ၂၅ခု ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် သတ္တုတွင်းထွက်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ ဓာတ်မြေဩဇာလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကြေးနန်းနှင့်ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ အကြီးစားဆောက်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်အစားအစာထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**



## တပ်ကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**တပ်ကုန်း ဒီဇင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဒီဇင်ဘာ ၁၂ရက် နံနက် ၈ နာရီက အောင်မြေရိပ်သာကျေးရွာ ရွှေ့တန်းနယ်မြေရှိ တောင်သူဦးရွှေကို၏ ဆင်းသုခစိုက်ခင်း ၄ ဒသမ ၀၀ ဧက လယ်ကွင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းရာ ဆင်းသုခစပါး တစ်ဧက ပျမ်းမျှ အစိုတင်း ၁၂၁ ဒသမ ၆၈၊ အခြောက်တင်း ၁၁၇ ဒသမ ၄၃ တင်းနှုန်း ထွက်ရှိသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## ပျဉ်းမနားမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု ကွင်းအမှတ် ၁၇၀၆ ရှိ တောင်သူ ဦးသက်ထွန်း၏ လယ်မြေ ၁ ဒသမ ၉၅ ဧကတွင် စိုက်ပျိုးထားသည့် မနောသုခစပါးမျိုးကို ရိတ်သိမ်းခဲ့ရာ တစ်ဧက ပျမ်းမျှ ၁၀၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ စာရင်းအင်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကြည်ဦး၊ နေပြည်တော် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်၊ ဒက္ခိဏခရိုင်၊ မြေစာရင်းဦးစီးဌာနမှူး ဦးတင်ထွန်း၊ ပျဉ်းမနားမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဝေလင်းထက်သွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံ ဝန်ထမ်းများ ၊နတ်သူရဲကျေးရွာအုပ်စုနှင့် သစ်လေးလုံးကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ရွှေကုက္ကို)**

## အရည်သွေးမီဆန်စက်များ နယ်မြို့များတွင် လိုအပ်လျက်ရှိ

**ရေတာရှည် ဒီဇင်ဘာ ၁၄**

ဆန်စပါးကို အဓိကစိုက်ပျိုးလျက်ရှိသည့် ပဲခူးတိုင်းဒေသကြီးအတွင်း အရည်အသွေးကောင်းမွန်သည့် ဆန်ကြိတ်ခွဲစက်များ လိုအပ်လျက်ရှိကြောင်းသိရသည်။ စပါးဝယ်ရောင်းလုပ်သူများအနေဖြင့်လည်း ဝယ်ယူပြီးစပါးများကို အချိန်မီကြိတ်ခွဲ၍ ဈေးကွက်ကိုတင်ပို့ရာတွင် အလှည့်ကျ စောင့်ဆိုင်းရမှုများရှိနေကြောင်း စပါးအရောင်းအဝယ်လုပ်သူတစ်ဦးက ပြောပြသည်။

"ကိုယ်ကြိတ်ရမယ့် အလှည့်က သုံးရက်ကနေ ငါးရက်လောက်အထိ စောင့်ရတယ်၊ ဆန်ဖြစ်မှဈေးကွက်မှာ ငွေပြန်ဖော်လို့ရတာ၊ ငွေမပေါ်ရင် စရန်ပေးထားတဲ့ တောင်သူတွေကို ငွေပေးချေဖို့ကြာရင် နောက်တစ်ခါ ဝယ်ရတာမလွယ်ဘူး" ဟု အထက်ပါ အရောင်းအဝယ်လုပ်သူကပင် ပြောပြသည်။ "အရည်အသွေးမီတဲ့ ဆန်စက်တွေက နယ်မြို့တွေမှာ အတော် နည်းပါးနေသေးတယ်၊ ကျွန်တော် အခုဒီမှာလည်နေတဲ့ စက်နှစ်လုံးက တစ်နေ့ကိုဆန်တင်း ၆၀၀ ကျတယ်၊ နောက်တည်တဲ့စက်က တစ်ရက်ဆန်တင်း ၁၂၀၀ လောက်ကျမှာဆိုတော့ ဆန်ကြိတ်ခွဲတဲ့သူတွေ စောင့်စရာမလိုတော့ဘူးပေါ့" ဟု ရေတာရှည်မြို့ရှိ ဆန်စက်လုပ်ငန်းရှင် ဦးအေးနိုင်က ပြောပြသည်။ ဆန်အရောင်းအဝယ်မှ မူဆယ်ဈေးကွက်တွင် ဝယ်လိုအားကြောင့် စပါး ဈေးဆက်လက်မြင့်တက်လျက်ရှိရာ စပါးတင်း ၁၀၀လျှင် ငွေကျပ်လေးသိန်းနှစ်သောင်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မူဆယ်ဈေးကွက်က ကောင်းပါတယ်။ ကျွန်တော်တို့ နေ့စဉ်လိုလို တင်ပို့နေရတာပဲ။ နောက်ပိုင်းမှာ ဈေးဆက်ကောင်းလိမ့်မယ်လို့လည်း ထင်တယ်" ဟု ဦးအေးနိုင်က ဆက်၍ ပြောပြသည်။

**ကိုလွင်(ဆွာ)**

## မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**ညောင်လေးပင် ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၁)ရပ်ကွက် စက်ရုံလမ်း၌ စေတနာလူမှုကူညီရေးအသင်းသည် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို မျက်စိဝေဒနာများ ကင်းဝေးစေရန် ရည်ရွယ်၍ မျက်စိကျန်းမာရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။


ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(၄) မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ အဖွဲ့ခေါင်းဆောင်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့်အဖွဲ့ဝင်များက ဘိုးဘွားရိပ်သာရှိ အဘိုး ရှစ်ဦး၊ အဘွား ၁၇ ဦး မျက်စိဝေဒနာရှင်တို့ကို စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ရန်လိုအပ်ပါက စီစဉ်ဆောင်ရွက်ပေးခြင်း၊ မျက်စဉ်းနှင့် သောက်ဆေးလိုအပ်ပါက ဆေးဝါးလှူခြင်း၊ မျက်မှန်လိုအပ်ပါက မျက်မှန်စမ်းသပ်၍ အခမဲ့လှူဒါန်းခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ဘိုးဘွားရိပ်သာရှိ ဝန်ထမ်းခုနစ်ဦးတို့ကိုပါ မျက်စိကျန်းမာရေး အခမဲ့စောင့်ရှောက်ပေးခဲ့သလို သုတရသ ဘာသာရေးစာအုပ်များကိုပါ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**









### အများသိစေရန်

ကျွန်တော်ဦးဝင်းမြင့်နှင့် ဒေါ်ထက်ထက်ခိုင်(ခ) ဒေါ်သက်သက်ခိုင်တို့သည် တရားဝင်အကြင်လင်မယားများအဖြစ် ပေါင်းသင်းခဲ့ပြီးနောက် နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းအဖြစ် အမှတ် ၅၀/ခ၊ မြမေတ္တာလမ်း၊ ၁၂၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေပေါ်ရှိ ဦးကျော်လင်းအမည်ပေါက် မြေချပါမစ်မူရင်းနှင့် အဆက်စပ်အရောင်းအဝယ်စာချုပ်မူရင်းများနှင့်အတူ ရွှေ၊ ငွေများယူဆောင်သွား၍ ကျွန်တော်ဦးဝင်းမြင့်၏ သဘောဆန္ဒမပါဘဲ ၁၀-၁၂-၂၀၁၄ ရက်တွင် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ကျွန်တော်ပိုင် ရွှေ၊ ငွေ၊ အိမ်၊ မြေကွက်များအား ရောင်းဝယ်ခြင်းမပြုလုပ်ရန်နှင့် လက်ခံထားရှိသူအား တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အတိအလင်းကြေညာအပ်ပါသည်။

**ဦးဝင်းမြင့် ၁၂/ဒဂရ(နိုင်)၀၀၂၉၂၂**
**အမှတ် ၅၆/ခ၊ မြမေတ္တာလမ်း၊ ၁၂၅ ရပ်ကွက်၊ (ဒဂုံအရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်၊ ဇရာထွန်း(ဆ/၁)ရပ်ကွက်၊ ကမ်းနားလမ်းနှင့် ခတ္တာလမ်းထောင့်၊ အမှတ် ၁၃၆နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသောင်းမြင့် ၉/ရမသ(နိုင်)၀၅၇၀၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ အင်ကြင်းမြိုင်ရပ်ကွက်၊ သဇင်လမ်းနှင့် ၁၀ လမ်းထောင့်ရှိ မြေကွက်အမှတ် ၃၈၆၊ ဦးပိုင်အမှတ် ခ/၆နှင့် ခ/၇မြေကွက်နှစ်ကွက်ကို မူလပိုင်ရှင် ဦးအောင်ဆန်းဦးထံမှလည်းကောင်း၊ ကျွန်းလှမြို့၊ အင်ကြင်းမြိုင်ရပ်ကွက်၊ သပြေလမ်းနှင့် ၁၀ လမ်းထောင့်ရှိ မြေကွက်အမှတ် ၃၈၆၊ ဦးပိုင်အမှတ် ခ/၁နှင့် ခ/၂ မြေကွက်နှစ်ကွက်ကို မူလပိုင်ရှင် ဦးလေးမောင်ထံမှလည်းကောင်း ၂၈-၆-၂၀၀၆ ရက်ကတည်းက ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ယခုအခါ သက်ဆိုင်ရာဌာနများသို့ အမည်ပေါက် မြေဂရန်လျှောက်ထားလိုပါသဖြင့် အဆိုပါမြေကွက်များနှင့်ပတ်သက်၍ စပ်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပေါက် မြေဂရန်လျှောက်ထားခြင်းကိစ္စများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ထွန်း B.Sc, R.L, D.B.L** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကိုထွန်း LL.B** — **အထက်တန်းရှေ့နေ**
**အမှတ် ၅၀၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဘဏ္ဍာရေးဝန်ကြီးဌာန
### အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MACCS System တွင် အသုံးပြုမည့် Hardware ပစ္စည်းများနှင့် Installation များ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၁၂-၂၀၁၄ ရက်မှ ၂၃-၁၂-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာများ နောက်ဆုံးလက်ခံမည့်ရက်စွဲ/အချိန်** - ၂၄-၁၂-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

(ခ) **တင်ဒါဖွင့်ဖောက်မည့်ရက်စွဲ/အချိန်** - ၂၈-၁၂-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို ၁၅-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၃၂)ရှိ အကောက်ခွန်ဦးစီးဌာနသို့ လာရောက်စုံစမ်း၍ ရယူ ဆောင်ရွက်နိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ မဟာစည်ရပ်ကွက်၊ အကွက်အမှတ်(၉/ထ-မဟာစည်)၊ မြေကွက်အမှတ် ၁၂၄၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေကွက်သည် ဗိုလ်ကြီးမြင့်ကိုကို အမည်ဖြင့် DORP/NO/၈၈/၁၉၉၃-၁၉၉၄ အရ (၄-၉-၁၉၉၇)ရက်မှ (၃-၉- ၂၀၀၇)ရက်အထိ (၁၀) နှစ် ဂရန်ရရှိထားသည့်မြေကွက်ဖြစ်ပါသည်။ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားသည့်အတွက် တရားရုံးကျမ်းကျိန်ဆိုချက်ဖြင့် မြေငှားဂရန် မိတ္တူလျှောက်ထားခြင်းအား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဗိုလ်ကြီးမြင့်ကိုကို(ငြိမ်း) ၁၂/လကန(နိုင်)၀၁၂၉၈၅**

# မိုင်းမောမြို့ဟောင်းမှတူးဖော်ထားသော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ပျက်စီးလာ၍ ဝိုင်းဝန်းစောင့်ရှောက်ရန် လိုအပ်လာ

**မြစ်သား ဒီဇင်ဘာ ၁၄**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စုတွင် ပျူလူမျိုးများ နေထိုင်ခဲ့သည်ဟု အထောက်အထားအရ ယူဆရသည့် မိုင်းမောမြို့ဟောင်းတွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်တူးဖော်ထားသော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများနှင့် ယဉ်ကျေးမှု အဆောက်အအုံ (ကုန်းတော်) များသည် သဘာဝဘေးဒဏ်နှင့် စိုက်ပျိုးမြေများအကြားတွင် တည်ရှိခြင်းအပြင် လူတို့ကြောင့် ပျက်စီးယိုယွင်းလာလျက်ရှိရာ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုလက်ရာများ မပျောက်မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့် ရှောက်ရန်လိုအပ်လာကြောင်း ဒေသခံများနှင့် ရွာဦးဘုန်းတော်ကြီး၏ ပြောကြားချက်များအရ သိရသည်။

မိုင်းမောမြို့ဟောင်းနေရာတွင် ယခုအချိန်၌ မိုင်းမော၊ ဥန္နဲဘုတ်၊ တောတွင်၊ အောင်ချမ်းသာ၊ ညောင်ပင်သာစသည့် မိုင်းမောကျေးရွာအုပ်စု ငါးရွာနှင့် ကံဆွယ်ကျေးရွာ ရွာတစ်ဝက်အဖြစ်တည်ရှိသည်။ မိုင်းမောမြို့ဟောင်း ပြန်လည်တူးခြင်းလုပ်ငန်းများ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ၆-၆-၂၀၁၀ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ၁၁-၇-၂၀၁၀ ရက်တွင် ရပ်နားခဲ့ကြောင်းသိရသည်။ တူးဖော်မှုကြောင့် ရှေးမြန်မာတို့၏ မြို့တည်ဆောက်ပုံများ၊ ရှေးဟောင်းအဆောက်အအုံ ကုန်း ၂၁ ကုန်းနှင့် အသုံးအဆောင်ပစ္စည်းများနှင့် ရှေးဟောင်း အနုပညာလက်ရာများကို တွေ့ရှိခဲ့သည်။

မိုင်းမောမြို့ဟောင်း တူးဖော်တွေ့ရှိထားသော ကုန်းများနှင့် ရှေးဟောင်းပစ္စည်းများသည် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်ထွက်ခွာချိန်တွင် ထိန်းသိမ်းစောင့်ရှောက်သူမရှိဖြစ်ခဲ့သည်။

"မြို့ဟောင်း တူးဖော်နေတုန်းက ရှေးဟောင်း သုတေသနဦးစီးဌာနကလူတွေ ငှားရမ်းနေတဲ့အိမ်မှာ ဒီပစ္စည်းတွေကိုထားတာ။ သူတို့ပြန်သွားတော့ ပစ္စည်းတွေက မိုးထဲလေထဲမှာ ထိန်းသိမ်းမယ့်သူမရှိဘူး ဖြစ်နေတယ်။ အိမ်ရှင်ကလည်း ဝိုင်းကိုရောင်းချင်တော့ ဘုန်းဘုန်းကိုလာပြီးလျှောက်တော့ ခရိုင်အုပ်ချုပ်ရေးမှူး ဒါယကာကြီး ရောက်လာတာနဲ့ တိုင်ပင်ပြီးဘုန်းကြီးရဲ့ ကျောင်းထဲမှာ ပြတိုက်ကလေးဆောက်ပြီး ကျန်တဲ့ပစ္စည်းတွေ ထိန်းသိမ်းထားတာ။ ဘုန်းဘုန်းရှေးဟောင်းသုတေသနကိုဆက်သွယ်ကြည့်တော့ ၂၀၁၅ ခုနှစ်လောက် သူတို့ပြန်တူးမယ်လို့ ကြားတယ်"ဟု မိုင်းမောကျေးရွာ ရွာဦး သုခရတနာဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးသုမန၏ မိန့်ကြားချက်များအရ သိရသည်။

"ဒီမိုင်းမောမြို့ဟောင်း တူးဖော်တွေ့ရှိတဲ့ ပစ္စည်းတွေက ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းတွေ တူးဖော်တွေ့ရှိတဲ့ ရှေးဟောင်းပစ္စည်းတွေနဲ့ဆင်တယ်။ မိုင်းမောမြို့ဟောင်းကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်သမိုင်းဝင်ဖို့ ပုဂံမြို့ဟောင်းပြီးရင် ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိတယ်၊ တွေ့တဲ့ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းတွေက တဖြည်းဖြည်းနဲ့ယိုယွင်းလာ၊ ပျောက်ပျက်လာတာနဲ့ ပြတိုက်အဆောက်အအုံလေး ဆောက်ပြီး ထိန်းသိမ်းထားတယ်။ ကိုယ်တစ်ယောက်တည်း ထိန်းသိမ်းစောင့်ရှောက်နေလို့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့ တိုက်တွန်းချင်တာ" ဟု ခရိုင်အုပ်ချုပ်ရေးမှူးလည်းဖြစ် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ပြတိုက်ငယ် တည်ဆောက်လှူဒါန်းထားသူ ဦးမြင့်နိုင်၏ ပြောပြချက်အရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ကျန်းမာရေးဆိုင်ရာ သင်တန်းဖွင့်

**ဂန့်ဂေါ ဒီဇင်ဘာ ၁၄**

မိခင်နှင့်မွေးကင်းစကလေးများ ကျန်းမာရေးစဉ်ဆက်မပြတ်စောင့်ရှောက်ခြင်းလုပ်ငန်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် မြို့ခင်းသာပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦးက သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းပြသည်။

အဆိုပါသင်တန်းတွင် ကျန်းမာရေး မြှင့်မားရေးအတွက် ကျန်းမာရေးဌာနဝန်ထမ်းများသာမက ပြည်သူများပါဝင်နိုင်ရေး၊ မိခင်နှင့် ကလေးများသေဆုံးမှုလျှော့ချနိုင်ရေးစသည့်ဘာသာရပ်များကို ပို့ချဆွေးနွေးကာ သင်တန်းသို့ ဂန့်ဂေါမြို့နယ်အတွင်းရှိ အရက်ဘက်လူမှုအသင်းအဖွဲ့ဝင်များ ၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ရက်ဖြစ်ကြောင်း သိရသည်။ (၁၀၁)

# တားမြစ်ဓာတုပစ္စည်းများထပ်မံရောင်းချပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

စားသုံးရန်နှင့်သုံးစွဲရန်မသင့်သော တားမြစ်ဓာတုဗေဒပစ္စည်းများပါဝင်သည့် စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများရောင်းချခဲ့သည့် နေပြည်တော်သပြေကုန်းဈေးရှိဈေးဆိုင်များကို ၎င်းပစ္စည်းများ ထပ်မံရောင်းချခြင်းမပြုရန် ခံဝန်ကတိပြုခိုင်းမည် ဖြစ်ပြီး လိုက်နာခြင်းမရှိပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဈေးအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ဒီဇင်ဘာ ၄ ရက်တွင် အဆိုပါသပြေကုန်းဈေးမှ ဓာတုပစ္စည်းသုံးစွဲနိုင်သည့် သံသယဖြစ်ဖွယ် အစားအသောက်နမူနာ ၁၁၄ မျိုး၊ အလှကုန် နမူနာ ၂၉ မျိုးတို့ကို ကောက်ယူစစ်ဆေးခဲ့ရာ အလှကုန်ပစ္စည်း တစ်မျိုး၊ ငါးပိ လေးမျိုးနှင့် ခေါက်ဆွဲခြောက် တစ်မျိုးတို့မှာ စားသုံးရန်မသင့်သော ခွင့်မပြုဓာတုပစ္စည်းများပါဝင်ကြောင်း ဓာတ်ခွဲစမ်းသပ် တွေ့ရှိခဲ့သည်။

"ဒီပစ္စည်းတွေကို မီးရှို့ဖျက်ဆီးဖို့ သိမ်းဆည်းထားပြီးဖြစ်ပါတယ်။ ရောင်းချတဲ့ဆိုင်တွေကိုလည်း နောက်ဒီလိုပစ္စည်းတွေ ထပ်မံမရောင်းချမိအောင် ခံဝန်ကတိတွေလုပ်ခိုင်းမှာပါ။ ထပ်မံကျူးလွန်တာမျိုးတွေ့ရင် ဆိုင်ခန်းတွေကိုပိတ်သိမ်းတာမျိုးအထိ အရေးယူသွားဖို့ ရှိပါတယ်။ စားသောက်ကုန်တွေရောင်းချတဲ့အခါမှာ ကျန်းမာရေးနှင့် ညီညွတ်အောင် ခုံတွေနဲ့ ရောင်းချဖို့၊ သားငါးတွေဆိုလတ်ဆတ်ဖို့၊ ယင်လုံဆန်ခါတွေနဲ့ အုပ်ပြီးရောင်းချဖို့ အမြဲသတိပေးဆောင်ရွက်နေပါတယ်"ဟု သပြေကုန်းဈေးအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အတူ သပြေကုန်းဈေးတွင် ရောင်းချနေသည့် ဈေးသည်တစ်ဦးက "ရောင်းချတဲ့စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေမှာ ဓာတုပစ္စည်းတွေ၊ ခွင့်မပြုဆိုးဆေးတွေပါတယ်၊ မပါဘူးဆိုတာ ကျွန်မတို့ သိဖို့ခက်ပါတယ်။ ကုန်အမှတ်တံဆိပ်ပါတဲ့ဟာမျိုးဆိုရင်တော့ ထောက်ခံချက်တွေ ပါတဲ့အတွက် စိတ်ချလို့ရပါတယ်။ စားသောက်ကုန်ပစ္စည်းတွေမှာ ဒီအသုံးမပြုသင့်တဲ့ ဓာတုပစ္စည်းတွေထည့်ပြီး ထုတ်လုပ်တဲ့သူတွေမှာ အဓိကတာဝန်ရှိပါတယ်"ဟု ပြောသည်။

သပြေကုန်းဈေး၌ ၂၀၁၃ ခုနှစ်တွင်လည်း ထိုကဲ့သို့တားမြစ်ဓာတုဗေဒပစ္စည်းများပါဝင်သည့် စားသောက်ကုန်ပစ္စည်းရောင်းချခြင်းများ တွေ့ရှိခဲ့သဖြင့် တားမြစ်ခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သူထက်**

# နတ်မောက်မြို့နယ်တွင် စပ်မျိုးနေကြာမျိုးစေ့ထုတ် လုပ်ငန်းစတင်ဆောင်ရွက်

**နတ်မောက် ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာတွင် ဒီဇင်ဘာ ၁၀ ရက်က မကွေးခရိုင် မျိုးစေ့တာဝန်ခံ ဦးမြင့်လင်းက ရေဆင်း စပ်မျိုးနေကြာမျိုးစေ့ထုတ် စိုက်ခင်းကွင်းအမှတ် (၄၆၂)၊ (၄၆၃) ရှိ တောင်သူ ဦးထိန်လင်းနှင့် ဦးသန်းဌေးလင်းတို့၏ လယ်ယာမြေသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ စိုက်ခင်းတာဝန်ခံများနှင့် ဒေသခံတောင်သူများကို မျိုးစေ့ထုတ်လုပ်ငန်း အဆင့်ဆင့်အရေးပါမှုတို့ကို စိုက်ခင်းလက်တွေ့ သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေသအတွင်း ပုဂ္ဂလိက မျိုးစေ့ထုတ်စိုက်ကွင်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်စေရန်နှင့် ဒေသ၏လိုအပ်ချက် သီးနှံမျိုးစေ့များ ပိုမိုလွယ်ကူသက်သာစွာရရှိနိုင်ရေး၊ မျိုးစေ့အရည်အသွေးမနိမ့်ကျစေရေးနှင့် တောင်သူအချင်းချင်း မျိုးသန့်ဖလှယ်နိုင်ရေး ပိုမိုထိရောက်စေနိုင်ရန်အတွက် စပါး၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်းနှင့် ကုလားပဲတို့ကို မျိုးကောင်း မျိုးသန့်အဆင့်ပွားများထုတ်လုပ်ခြင်းကို မျိုးစေ့ထုတ်စိတ်ပါဝင်စားသူ အကျိုးဆောင်တောင်သူများနှင့်အတူ ကျေးရွာများသို့ကွင်းဆင်း၍ ပူးပေါင်းဆောင်ရွက်ထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၁၃၉၅၃၊ Honda Click, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဌေး ၅/မကန(နိုင်)၀၀၅၅၃၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၃၈၀၂၊ Yadanar (CDS YDN-001)ဂျစ် (4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းအောင် ၉/မရတ(နိုင်)၀၀၄၃၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဟ/၃၄၃၇ Shineray , T/W ယာဉ်လက်ဝယ်ရှိသူ Good Brothers Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဟ/၃၄၆၃ Shineray T/W ယာဉ်လက်ဝယ်ရှိသူ Good Brothers Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၁၄၀၆၉ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းဦး ၉/ပကခ(နိုင်)၀၀၄၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၇၇၁၄၂ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်ဘရိန် ၁/မမန(နိုင်)၀၂၈၂၀၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖန်းမော်)၊ ဖန်းမော်မြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဃ/၉၂၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၈/ခမန(နိုင်)၀၄၆၅၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၈၄၂၇၃၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းပို ၉/မရမ(နိုင်)၀၀၉၀၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/3462၊ Nissan AD.VY 12၊ S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၁၂/ဗတထ(နိုင်)၀၂၁၈၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း**

ကျွန်မ ဒေါ်ဇင်မီမီသိန်းနှင့် ဗိုလ်ကြီးဇော်ထက်ကျော်တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၉-၁၀-၂၀၁၄ရက်တွင် မုံရွာမြို့ ခရိုင်တရားရုံး၌ ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင် ဗိုလ်ကြီးဇော်ထက်ကျော်နှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်းနှင့် မည်သို့သောကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းနိုင်ပါသည်)**

**ဒေါ်ဇင်မီမီသိန်း (မိုးကုတ်မြို့)**

**နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း**

ဦးနွေမောင်မောင်လွင် ၉/အမဇ(နိုင်)၀၀၄၆၇၉နှင့် ကျွန်မ ဒေါ်ဇင်မာလင်း ၁၃/လရန(နိုင်)၁၁၆၇၁၇ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၇-၁၁-၂၀၁၄ ရက်၌ နှစ်ဦးသဘောတူလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာလင်း ၁၃/လရန(နိုင်)၁၁၆၇၁၇**

**ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း**

ကျွန်တော် ဦးကျော်အောင်အောင် ၁၃/ကတန(နိုင်)၀၀၀၅၈၀၏ဇနီး နန်းရွှေပွင့် ၁၃/ကတန(နိုင်)၀၁၄၁၂၆ သည် ၃-၁၀-၂၀၁၄ ရက်တွင် နေအိမ်မှ မိမိဆန္ဒအလျောက် ထွက်သွားပါသဖြင့် ကျွန်တော်နှင့် သူမ၏အုပ်ထိန်းသူများသည် အကြိမ်ကြိမ် ရှာဖွေပါသော်လည်း လုံးဝအဆက်အသွယ်မရပါသဖြင့် ၎င်း နန်းရွှေပွင့်နှင့်ပတ်သက်၍ နောင်ဖြစ်ပေါ်လာမည့် မည်သည့်အကြောင်းကိစ္စမဆို ကျွန်တော်နှင့် လုံးဝမပတ်သက်တော့ပါကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်အောင်အောင်**

# သံကူကွန်ကရစ်တံတားသစ်အဖြစ် တည်ဆောက်

**တပ်ကုန်း ဒီဇင်ဘာ ၁၄**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၏ အရှေ့ဘက်ရှိ ဆင်သေချောင်းကူး နွယ်ရစ် သစ်တားတံတားတစ်စင်းရှိရာ ထိုတံတားသည် မကြာခဏပျက်စီးနေသဖြင့် ရာသီဥတုမရွေး တပ်ကုန်းနှင့် အနီးဝန်းကျင် မြို့များသို့ ဖြတ်သန်းသွားနိုင်ရန် သံကူကွန်ကရစ် တံတားသစ်ကို နွယ်ရစ်ကျေးရွာမှ ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုန္ဒရဦးဆောင်၍ ကျေးရွာပြည်သူများနှင့် စေတနာရှင်ပြည်သူအများ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီတံတားက နွယ်ရစ်၊ ဇရပ်ကြီးကုန်း၊ လေးအိမ်စုကျေးရွာတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတွေ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်အရေးပါတယ်။ ဒီဒေသခံ ကျောင်းသား ကျောင်းသူတွေ တံတားပေါ်ကဖြတ်သန်းပြီး တပ်ကုန်းမြို့ အထက(၁)၊ အထက(၂)သို့ သွားရောက်ပညာသင်ယူနေရပါတယ်။ ပန်းငါးဖီ၊ ငါးဖီထုပ်၊ အာလူး၊ ကြက်သွန်၊ ငရုတ်၊ မုန်လာဥ၊ ဖရဲ၊ ပန်း၊ ခရမ်း၊ ခရမ်းချဉ်စတဲ့ ရာသီအလိုက် ထွက်ကုန်သီးနှံတွေကို တပ်ကုန်းမြို့မဈေး၊ ပျဉ်းမနားမြို့ ကင်ပွန်းတန်း ဈေးတွေကိုသွားပြီး ရောင်းချရာမှာ ဒီတံတားက ဖြတ်သန်းရတာဖြစ်ပါတယ်။ ဒီလိုပဲ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေအတွက်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ လိုအပ်တာမို့ ဒီတံတားကို သစ်သားတံတား ကနေ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်တာပါ။ သစ်သားတံတားထက် သံကူကွန်ကရစ်တံတားက ကြာရှည်ပိုမိုကြံ့ခိုင်တော့ ကျွန်တော်တို့ဒေသခံတွေအတွက် အဆင်ပြေပါတယ်"ဟု တံတားတည်ဆောက်ရေးကော်မတီဝင်တစ်ဦးကပြောသည်။

ရွာဦး ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုန္ဒရဦးဆောင်၍ ကျေးရွာပြည်သူများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်သည့် သံကူကွန်ကရစ်တံတားမှာ လက်ရန်းပါရှိကာ အလျားပေ ၁၂၀၊ မြေအဝင် ၁၄ ပေ၊ အနံ ၁၄ ပေနှင့် ရေပြင် အမြင့် ၁၁ပေ၊ တိုင်ထိပ်ဝ သုံးပေပေါ်တွင် ဘင့်တုံး၊ သံပေါင်များပေါ် သံချည်သံကွေးနှစ်ထပ်နှင့် စလပ်ကိုးလက်မအထူရှိသည်။ ယင်းတံတားတည်ဆောက်မှုကို ပြင်ပသံဂဟေဆက်ပညာရှင်များ ငှားရမ်းပြီး ကျန်တည်ဆောက်မှုကို ကျေးရွာပြည်သူများနှင့် ကျေးရွာအတွင်းမှ ပညာရှင်များ၊ စေတနာရှင်များဖြင့် ဝိုင်းဝန်းတည်ဆောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-တင်စိုးလွင်**

**ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)**

# ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတို စာမူပြိုင်ပွဲ၏ ဆုရရှိသူများအမည်စာရင်းကို စာမူစိစစ်ရွေးချယ်ရေးအဖွဲ့မှ ဒီဇင်ဘာ ၈ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဒေါ်မြင့်မြင့်အေး (စိမ်းရွက်လွှာ)က စပါးရေးတဲ့ဖူးစာ စာမူဖြင့် လည်းကောင်း၊ ဒုတိယဆုကို ဒေါ်မြင့်မြင့်သန်း(မေကျော်-ပြန်/ဆက်)က ကံလှရွာမှာ စံမြရှိတယ် စာမူဖြင့် လည်းကောင်း၊ တတိယဆုကို ဦးအောင်သန်း (သင်းအောင်သန်း)က ပဲ့တင်သံ စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဦးစံရွှေမင်း (ကျော်ဖြိုးလွင်)က မေတ္တာသာ ပခာနပေမို့ စာမူဖြင့် လည်းကောင်း၊ ဦးမျိုးတင့် (မျိုးတင့်-ညောင်လေးပင်)က ခေတ်ပြောင်း ချိန်စာမူဖြင့် လည်းကောင်း၊ ဦးခင်မောင်ရွှေ (တောမြင့်မြေ-ကျွန်းလှယဉ်)က ကျွန်းလှယဉ်ရွာသားဖြစ်ခွင့်ပေးပါ စာမူဖြင့်လည်းကောင်း၊ ဦးသောင်းရွှေ (ကေတုမောင်ညိုလင်း)က ထင်းဖောင်သမားစာမူဖြင့် လည်းကောင်း၊ ဦးဇော်လွင်ဦး (ဇော်လွင်ဦး-ဟသ်ာတ)က တစ်နှံ့ကိုဆယ်ပြည်ထွက်တယ် စာမူဖြင့် လည်းကောင်း အသီးသီးဆုရရှိခဲ့ကြသည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား မိမိတို့နေထိုင်သည့် ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**(ပြန်/ဆက်)**



# စဉ့်ကူးမြို့နယ်တွင် ၁၆ ခုတင်ဆံ့ ဆေးရုံတည်ဆောက်

**စဉ့်ကူး ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ ယက္ကန်းစင်တောင် သာသနာ့နယ်မြေတွင် ဘိုးဘွားရိပ်သာဓမ္မစင်တာနှင့်ဝန်ထမ်းအိမ်ရာအပါအဝင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ ဘိုးဘွားရိပ်သာနှင့်တိုက်နယ်ဆေးရုံတို့ကို ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ ဦးစီးတည်ထောင်သော ဒယာနန္ဒဖောင်ဒေးရှင်း ဒေသကျန်းမာပညာမြှင့်တင်ရေးအစီအစဉ်မှဆောက်လုပ်ကြောင်း သိရသည်။

ယက္ကန်းစင်တောင်ဒေသသည် အရှေ့ဘက်၌ တောင်စင်တောင်တန်းများရှိပြီး အနောက်ဘက်တွင် ဧရာဝတီမြစ်အနီးရှိကျွန်းမြေများ၊ ကျွန်းမြေပေါ်တွင်တည်ရှိသော ရွာစဉ်ရွာတန်းများရှိသည်။ ကျွန်းမြေပေါ်တွင် နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် သက်ကြီးရွယ်အိုဘိုးဘွားများ စိတ်အေးချမ်းသာစွာ နေနိုင်ရေးအတွက် ရည်ရွယ်၍ဘိုးဘွားရိပ်သာများတည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ရွှေရိုး(မန္တလေး)**



**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့၌ ဒီဇင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည့် သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးကို တွေ့ရစဉ်။** (သီတဂူဆရာတော်ကြီး ဦးဆောင်မှုဖြင့် အင်္ဂလန်နိုင်ငံမှ အထူးကုဆရာဝန်များနှင့် သီတဂူဆရာဝန်များအဖွဲ့က မျက်စိဝေဒနာရှင်များနှင့် သွားရောဂါဝေဒနာရှင်များအား ဒီဇင်ဘာ ၁၉ ရက်မှ ၂၇ ရက်အထိ လူမျိုးမရွေး ဘာသာမရွေး အခမဲ့ စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။) **မျိုးဝင်းညို(ကျွန်းလှ)**

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (၁၁)ကြိမ်မြောက် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး(၂၀၁၄)**

Central Hotel၊ ရန်ကုန်၊ အစည်းအဝေးခန်းမ

(၂၁-၁၂-၂၀၁၄)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/4102၊ Toyota Alphard, M/B (4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/ဗတထ(နိုင်)၀၁၂၀၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅င/၁၂၈၁၊ Toyota Kluger, MCU 25 S/W(4×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လိန်လိန် ၁၃/ကတန(နိုင်)၁၁၃၃၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/3090 KZL Light Truck(DSK 07), Pick Up(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင် ၁၂/တမန(နိုင်)၀၇၀၄၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အထကညောင်ကိုင်း၊ အဋ္ဌမတန်းမှ မကျော့ကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ကြည် ၅/ကလန(နိုင်)၀၃၂၃၂၃ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ကြည်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အထက ညောင်ကိုင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ မမိုးစန္ဒာအောင်နှင့် နဝမတန်း(B)မှ မခင်စန္ဒာတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းစိုး ၅/ကလန(နိုင်)၀၄၁၈၈၅ ဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းစိုး**

**ဖခင်အမည်မှန်**

ဘားအံပညာရေးကောလိပ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ပဉ္စမတန်းမှ မနန်းသဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သူဖြစ်ပါကြောင်း။

**ဦးကျော်သူ ၃/ဘအန(နိုင်)၂၆၀၈၇၉**

**မိဘအမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် အထက ညင်းထွေး နဝမတန်းမှ မောင်ထင်လင်းမောင်၏ မိဘအမည်မှန်မှာ ဦးသက်ထွန်း၊ ဒေါ်မေသန်းဖြစ်ပါကြောင်း

**ဒေါ်မေသန်း ၆/ရဖန(နိုင်)၀၁၉၈၁၆**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/4140, (၂၈/၄၁၄၀)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈စ/၇၀၇၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၇၂၈၁၄ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေတုတ် ၁၀/မဒန(နိုင်)၁၀၀၉၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

**မိဘအမည်မှန်**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက ရေဆင်း နဝမတန်း(ဂ)မှ မခင်သော်တာဝင်း၏ မိဘအမည်မှန်မှာ ဦးကျော်ရွှေ ၉/ပမန(နိုင်)၀၉၈၈၉၃နှင့် ဒေါ်ဝင်းစိန် ၉/ပမန(နိုင်)၀၉၈၅၈၅ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးတင်ကြိုင်-ဒေါ်ခင်ဖြူသန့်တို့၏သား မြင်းခြံမြို့ အထက၄ သတ္တမတန်းမှ မောင်ကျော်စွာဟိန်းအား မောင်ကျော်စွာစိုးဟုလည်းကောင်း၊ တတိယတန်းမှ မောင်ဖြိုးပြည့်ဟိန်းအား မောင်ဖြိုးပြည့်နိုင်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်စွာစိုး၊ မောင်ဖြိုးပြည့်ဟိန်း**

**မိဘအမည်မှန်**

နမ့်လန်မြို့၊ အထက(၁)ဆဋ္ဌမတန်း(B)မှ မဝိုင်းသုဏ်ချစ်သည် ဦးလှအောင်၊ ဒေါ်ခင်မြင့်တို့၏ မွေးဖြစ်၍ ဦးစိန်မင်း ၅/ငဇန(နိုင်)၀၅၆၅၈၉၊ဒေါ်မိုးသီတာခိုင် ၁၃/သပန(နိုင်)၀၄၄၀၉၇တို့၏သမီးဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၇၃၂၂၂၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရေး ၁၀/ရမန(နိုင်)၀၁၁၇၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၁ယ/၉၃၃၄၄၊ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆန် ၁၃/ကလတ(နိုင်)၀၁၀၈၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၂၇ယ/၉၈၉၃ ဟွန်ဒါ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မနှင်းနွယ် ၁၃/တကန(နိုင်)၁၄၉၉၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈င/၉၃၃၃ (8C/9333) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်၁/မညန(နိုင်)၀၇၆၁၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိုးညှင်း)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဖျာပုံခရိုင်အတွင်းရှိ ကျွန်းပတ်တာနှင့် ရေတံခါးများ

သပြေထွန်း

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း မြို့နယ်လေးခုရှိရာ ရေငန်တားဆီးကာကွယ်ရေးနှင့် ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေး၊ စိုက်ပျိုးသီးနှံ အောင်ရေရရှိစေရေးစသည့်ကဏ္ဍများအတွက် အဓိကရည်ရွယ်၍ တည်ဆောက်ထားသော ကျွန်းပတ်တာနှင့် ရေတံခါးများ၊ ရေထုတ်ပြွန်များကို မြို့နယ်များ၏ ဒေသလိုအပ်ချက်များအလိုက် စနစ်တကျထိန်းသိမ်းထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျွန်းပတ်တာနှင့် ရေတံခါးများသည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ အမျိုးမျိုးသော အကြောင်းများကြောင့် ရှိရင်းစွဲ တောင့်တင်းခိုင်မာမှုနှင့် မူလတန်ဖိုးများလျော့နည်းလာကာ ကနဦးအခြေအနေများ ပြောင်းလဲလာသဖြင့် အချိန်မီ ထိန်းသိမ်းပြုပြင်မှုများ ပြုလုပ်နိုင်ရန် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ဦးစားပေး လုပ်ငန်းများအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ခရိုင်အတွင်း ဆောင်ရွက်ရန်ရှိသည့် အဆိုပါ ကျွန်းပတ်တာနှင့် ရေတံခါးများ၊ ရေထုတ်ပြွန်များ၊ ရေဆွဲမြောင်းမကြီးများနှင့် လက်တံမြောင်းငယ်များ၊ ချောင်းကော၊ မြစ်ကောများ အသစ်ထပ်မံ ဆောက်လုပ်ရမည့် ရေတံခါးနှင့် ဆက်စပ်လုပ်ငန်းများ အစရှိသော တာတမံဆိုင်ရာလုပ်ငန်းများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်၏ ကြီးကြပ်မှုဖြင့် ဒေသအလိုက် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံတစ်ခရိုင်လုံး အတိုင်းအတာနဲ့ ယေဘုယျပြောရမယ်ဆိုရင် တာတမံအလျား စုစုပေါင်း ၃၅၅ ဒသမ ၆၆မိုင်ရှိပြီး ကာကွယ်ဧကအနေနဲ့ ၂၆၁၃၂၈ ဧက ရှိပါတယ်။ ကျွန်တော်တို့က နှစ်အလိုက် ရန်ပုံငွေရရှိမှုနဲ့ ခွင့်ပြုမိန့်ရရှိတဲ့အပေါ် ဒေသအလိုက် အဓိကလိုအပ်တဲ့ အခြေအနေအပေါ် မူတည်ပြီး ဦးစားပေးအလိုက် ပြင်ဆင်ထိန်းသိမ်းမှု၊ ထပ်မံမွမ်းမံမှုနဲ့ အသစ်တည်ဆောက်မှုလုပ်ငန်းတွေကို ညွှန်ကြားချက်၊ လမ်းညွှန်ချက်တွေနဲ့အညီ စေတနာပါစိုက်ထည့်ပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု အရာထမ်းတစ်ဦးက ပြောသည်။

ဖျာပုံမြို့နယ်အတွင်းရှိ ရေတံခါးများဖြစ်သည့် သဲအိမ်၊ ကျုံသူအရှေ့၊ မထော်၊ ကွင်းဝိုင်း၊ ထလွန်၊ ကုလားပဲ၊ အခြံ၊ ဇင်းဘောင်၊ ကျွဲကူး၊ ကိုဖေကြီး၊ ဘုရားကလေး၊ ကွန်ဒိုင်ကြီး၊ ထိတန်၊ ကမာအောင်၊ ဘန့်ဒွေး၊ ဘားလား၊ ဖလက်၊ဝါးချောင်း၊ရပ်ဖရုံ၊ ကဇောင်းမ၊ အောက္ကဘာ၊ ဗလီရိုး၊ ဗောဓိမ၊ အဝကွင်း၊ မြို့ချောင်း၊ စစ်ကဲဒီ၊ အဖောင်၊



ကျိုက်လတ်မြို့နယ်၏ ထန်းပင်ပျိုရေတံခါးကို (ယခင်နှစ်)က တွေ့ရစဉ်။

စံပုလဲ၊ သကံအစရှိသည့် ရေတံခါးများကိုလည်းကောင်း၊ ကျိုက်လတ်မြို့နယ်အတွင်းရှိ ထန်းပင်ပျိုရေတံခါး၊ ထန်းပင်ပျိုလှေဝင်/ထွက် ရေတံခါး၊ ကျောက်တိုင်စုရေတံခါး၊ လေလံပင်လှေဝင်/ထွက် ရေတံခါးများကိုလည်းကောင်း၊ ဘိုကလေးမြို့နယ်အတွင်းရှိ စက်ဆန်း၊ မြစ်ကျိုး၊ ကဿပေါင်း၊ အစိကလေး၊ သဲချောင်း၊ ကုလားကြီး၊ ရေကျော်တိုး၊ ရပ်ဖရုံ၊ ဖိုးညို၊ မငဲ့ကြီး၊ မငဲ့လေး၊ ပုဏ္ဏရိပ်၊ သပြေကုန်းနှင့် ကမကလူ ရေတံခါးများကိုလည်းကောင်း လိုအပ်ချက်အလိုက် ပြုပြင်မွမ်းမံထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က ဒီကြက်ဖမွေးဇောင်းကျွန်းထဲမှာ စပါးဧက ၉၀ ကျော်စိုက်ပါတယ်။ အောင်လည်းအောင်မြင်ပါတယ်။ အလွန်အကျွံမိုးများပြီး ရေကြီးတဲ့နှစ်မျိုးဆိုရင်တော့ စိုက်ဧကတွေ ထိခိုက်မှုအနည်းအကျဉ်းတော့ ကြုံရပါတယ်။ ကျွန်တော်တို့ လယ်သမားတွေရဲ့ အဓိကလိုအပ်ချက်က ကျွန်းတွင်း ရေငန်မဝင်ဖို့နဲ့ မိုးတွင်းရေကြီးချိန် ရေပိုလျှံတွေ အချိန်မီထုတ်နုတ်နိုင်ဖို့ အဓိကပဲ။ အဲ့ဒါရွှေနဲ့တောင် မလဲနိုင်တဲ့ကိစ္စပါ။ သက်ဆိုင်ရာက လိုအပ်တာတွေကို ပြုပြင်တည်ဆောက်ပေး၊ မြောင်းတွေတူးပေးတဲ့အတွက် ဝမ်းလည်းအလွန်သာ၊ ကျေးဇူးလည်း တင်ပါတယ်ဗျာ"ဟု ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာမှ လယ်သမားကြီး ဦးစိုးမြင့်ဝင်းက ပြောသည်။

> **စိုက်ပျိုးရေး ရေခံမြေခံကောင်းများ ရရှိလာစေရေး အတိုင်းအတာတစ်ခုအထိ အကျိုးကျေးဇူးရရှိစေနိုင်မည်**

ဖျာပုံမြို့နယ်အတွင်းရှိ တာတမံများဖြစ်သည့် ဘန့်ဘွေးစုကျွန်းပတ်တာ၊ ဇင်းဘောင်ကျွန်းပတ်တာ၊ လက်ပံပင်ကျွန်းပတ်တာ၊ ကြက်ဖမွေးဇောင်းကျွန်းပတ်တာ၊ ဒေးဒလူကျွန်းပတ်တာ၊ မြို့ကုန်းကျွန်းပတ်တာ၊ ဒေါင်ငြိမ်းကျွန်းပတ်တာ၊ ငါးကြီးရိုးတာ၊ ဘုရားကြီးရိုးတာ၊ သမ္ဘာန်အေး-ကျိုက္ကဘာတာများကိုလည်းကောင်း၊ ကျိုက်လတ်မြို့နယ်အတွင်းရှိ မအူပင်ကျွန်းမြောက်ပိုင်းတာ၊ မအူပင်ကျွန်းတောင်ပိုင်းတာ၊ သုံးခွကျွန်းတာ စသော တာတမံများကိုလည်းကောင်း၊ ဘိုကလေးမြို့နယ်အတွင်းရှိ ဒေါင့်ကြီးကျွန်းပတ်တာ၊ ဒေါင့်ကြီးအရှေ့ကျွန်းပတ်တာ၊ ဒေါင့်ကြီးအနောက်ကျွန်းပတ်တာ၊ ဒေါင့်ကြီးအထက်ကျွန်းပတ်တာများကိုလည်းကောင်း၊ ဒေးဒရဲမြို့နယ်အတွင်းရှိ တမာတကော ပင်လယ်ရေကာတာ၊ မြစိမ်းကန်ပင်လယ်ရေကာတာ၊ သံဒိမြစ်ဘေးတာ၊ လှည်းဆိပ်ချောင်းကြီးတာ၊ ကျုံစုတ်တာနှင့် ဆူးကလပ်ဘီလူးမတာ အစရှိသော တာတမံများကိုလည်းကောင်း လိုအပ်သည့်အပိုင်းအလိုက် လိုအပ်သည့်နေရာများကို နှစ်စဉ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပွင့်လင်းရာသီလုပ်ငန်းများ ခရိုင်အတွင်း ဆောင်ရွက်အကောင်အထည်ဖော်ပေးခြင်းအားဖြင့် စပါးအပါအဝင် စိုက်သီးနှံ အောင်မြင်ဖြစ်ထွန်းရေး၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရေးနှင့် စိုက်ပျိုးရေး ရေခံမြေခံကောင်းများ ရရှိလာစေရေး အတိုင်းအတာတစ်ခုအထိ အကျိုးကျေးဇူး ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

## သရေခေတ္တရာ ပျူရှေးဟောင်းမြို့တော်သို့ လာရောက်လည်ပတ်သူများ၏ ဒေသခံလှည်းသမားများအဆင်ပြေ

တောင်ငူ ဒီဇင်ဘာ ၁၄

ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရသော ပျူမြို့ဟောင်းသုံးမြို့အနက်မှ တစ်မြို့ဖြစ်သည့် သရေခေတ္တရာပျူရှေးဟောင်းမြို့တော်သို့ နိုင်ငံခြားခရီးသွားဧည့်သည်များအပြင် နိုင်ငံအတွင်းမှ ခရီးသွားဧည့်သည်များ၊ လေ့လာရေးလာရောက်ကြသော ကျောင်းသားကျောင်းသူများ ပေါများလာသဖြင့် ဒေသခံ လှည်းအငှားလိုက်သူများ အဆင်ပြေနေကြကြောင်း သိရသည်။

ဒေသခံလှည်းအငှားသမားများ အနေဖြင့် ယခင်နှစ်များက တစ်ရက်လျှင်တစ်ခေါက်ခန့်ပင် ပုံမှန်အငှား မလိုက်ရဘဲ ယခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းမှာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်သည့်အချိန်မှ စတင်၍ လူအများ စိတ်ဝင်စားခြင်းခံရကာ လာရောက်လည်ပတ်ကြသူ ခရီးသွားဧည့်သည်များ ပိုမိုများပြားလာသဖြင့် တစ်ရက်လျှင် အနည်းဆုံး နှစ်ခေါက်ခန့် အငှားလိုက်ရကြောင်း၊ တစ်ခေါက်လျှင် ခရီးသည်တစ်ဦးမှ လေးဦးအထိ စီးနင်းလိုက်ပါနိုင်ပြီး လှည်းငှားခ နှုန်းထားအနေဖြင့် ငွေကျပ် ၆၀၀၀ ဖြစ်ကြောင်း၊ လှည်းအငှားအသင်းဖွဲ့ထားပြီး ခရီးသည်အလိုက် လိုအပ်လျှင် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေသခံ လှည်းသမားအဖွဲ့ခေါင်းဆောင်တစ်ဦးထံမှ သိရသည်။

ကိုလွင်(ဆွာ)

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်အတွင်းရှိ အရာတော်မြို့နယ်မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအထူးပြင်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မုံရွာ-သာစည်-နောင်ကြီးအိုင်လမ်း မိုင်၂၉/၆-၃၇/၄အတွက်လိုအပ်သောလမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသ ဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူလိုသည့်လမ်းခင်းကျောက်များ၏ အရေအတွက်အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မုံရွာခရိုင်တွင် ၁၅-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၃)၊၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်

၁။ **တင်ဒါပိတ်သည့်ရက်/အချိန်** - ၂၉-၁၂-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၉-၁၂-၂၀၁၄ရက် ညနေ ၃း၀၀နာရီ

၃။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မုံရွာခရိုင်၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၁၀၁၆

၄။ အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

### သာသနာရေးဝန်ကြီးဌာန
### ရုံးအမှတ် ၃၁၊ နေပြည်တော်
### လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် ဒုတိယဦးစီးမှူး ရာထူး ၄ နေရာနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ဒုတိယဦးစီးမှူးရာထူး ၃၇ နေရာ (လစာနှုန်း ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) လစ်လပ်လျက်ရှိပါသည်။

၂။ ရွေးချယ်ခံရသူများသည် (လစာနှုန်း ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)တွင် ကနဦးလစာ ၉၉၀၀၀/-ကျပ်ကို အလုပ်သင်အဖြစ် စတင်ခံစားရပါမည်။ အရာထမ်းငယ်အခြေခံသင်တန်းသို့ ပြီးဆုံးအောင်မြင်တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပြီး နှစ်တိုးလစာကို ခံစားခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-
   (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အမျိုးသားဖြစ်ရမည်။
   (ခ) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ စာရင်းအင်းပညာဘွဲ့ B.Econ (Stats)၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ(သို့မဟုတ်)မော်စရိယဘွဲ့ရရှိပြီးသူ ဖြစ်ရပါမည်။
   (ဂ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ်နှင့် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက အသက်(၄၀) အထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဖြစ်သည်။ စာမေးပွဲအစီအစဉ်ကို သီးခြားထပ်မံအကြောင်းကြားပါမည်။

၅။ ဝင်ကြေး(ကျပ် ၅၀၀)ကို ငွေပို့လွှာ၏ အောက်ဆုံးအကွက်တွင် "ဒုတိယဦးစီးမှူးဝန်ထမ်းရာထူးအတွက် စာမေးပွဲဝင်ကြေး"ဟု ဖော်ပြလျက် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန၊ ငွေစာရင်းအမှတ်၊ အမ်ဒီ ၀၁၀၄၁၉ သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာတွင်-
   (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့) အမျိုးသားမှတ်ပုံတင်အမှတ်
   (ခ) မွေးနေ့သက္ကရာဇ်
   (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
   (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
   (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့)အမျိုးသားမှတ်ပုံတင်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
   (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
   (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ
   (ဇ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
   (ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ
   (က) လိုင်စင်ဓာတ်ပုံ (၁×၁.၅)လက်မ ၃ပုံ
   (ခ) ဘွဲ့လက်မှတ်မိတ္တူ
   (ဂ) တက္ကသိုလ်ဝင်တန်းတွင် ရရှိသော အမှတ်စာရင်းမိတ္တူ
   (ဃ) ဝင်ကြေးပေးသွင်းချလန်မူရင်း
   (င) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
   (စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ထံမှ ၁-၁၂-၂၀၁၄ ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၈။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-
   (က) ရုံးအဖွဲ့မှူး၊ သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော်သို့ လိပ်စာတပ်ရမည်။
   (ခ) လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ ရေစစ္စတြီပြုလုပ်၍သော်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ ၃၁-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့နိုင်သည်။

၉။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာမှ တစ်ဆင့် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ ၃၁-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ကလေးဝမြို့နယ်၌ တံတားသစ်နှစ်စင်း တည်ဆောက်ပြီးစီး

**ကလေးဝ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်အတွင်း ဆည်ကြီး-ဂဇက်-ယုဇလယ်ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ဆည်ကြီး သံကူကွန်ကရစ်တံတားနှင့် ဆီဆုံကုန်းသံကူကွန်ကရစ်တံတားနှစ်စင်းကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အရှည်ပေ ၂၄၀၊ အကျယ် ၁၄ ပေရှိ ဆည်ကြီး သံကူကွန်ကရစ်တံတား၏ ကုန်ကျငွေမှာ ငွေကျပ်သန်း ၁၆၀ ဖြစ်ပြီး အရှည်ပေ ၇၀၊ အကျယ် ၁၆ ပေရှိ ဆီဆုံကုန်းသံကူကွန်ကရစ်တံတား၏ကုန်ကျငွေမှာ ငွေကျပ် ၆၉ ဒသမ ၇၅ သန်းဖြစ်ကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေမှ အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။ တံတားများကို Royal Great Construction ကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က စတင်တည်ဆောက်ခြင်းဖြစ်သည်။ တံတားနှစ်စင်း တည်ဆောက် ပြီးစီးမှုများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းနှင့် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်တို့က ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

တံတားများတည်ဆောက်ပြီးစီးပြီးဖြစ်ရာ ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ ကျေးရွာပေါင်း ၅၀ ကျော်မှ ပြည်သူ ၂၂၀၀၀ ကျော်တို့၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သန်းရောင်းဝယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုနေပြီဖြစ်သည်။ **ဂျူနိုင်း**

# မြန်မာနိုင်ငံ၏ အကြီးဆုံးဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ၏ နာမည်ကြီးဂီတပညာရှင်နှင့် အဆိုတော်ဦးရေ ၁၆၀ ခန့် ပါဝင်ဖျော်ဖြေကြမည့် မြန်မာနိုင်ငံတွင် အကြီးဆုံးဂီတဖျော်ဖြေပွဲကြီးကို ပြင်ဦးလွင်မြို့ ကန်တော်ကြီးအမျိုးသားဥယျာဉ်၌ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အရင်ကတော့ ချယ်ရီမြေက ဂီတပွဲတော်လို့ အမည်ပေးခဲ့တာပါ။ ၂၀၀၄ ခုနှစ်က စတင်ခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့တာ အခု ၁၀ နှစ်ပြည့်ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ နာမည်ကျော် ဂီတအနုပညာရှင်တွေ စုစုပေါင်း ၁၆၀ ကျော် လာရောက်ဖျော်ဖြေကြမှာဖြစ်လို့ မြန်မာနိုင်ငံမှာတော့ အကြီးဆုံး ဂီတပွဲတော်တစ်ခုပါပဲ"ဟု ဂီတပွဲတော်ကို စီစဉ်သည့် Event Master မှ ကိုအိုက်မန်းက ပြောသည်။

ပြင်ဦးလွင်မြို့၏ အေးချမ်းသောရာသီဥတုနှင့် ငြိမ်းချမ်းသောမြို့ပြတည်ရှိမှုတို့ကြောင့် စည်ကားသိုက်မြိုက်သော ဂီတပွဲတော်ကြီးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ယခုဂီတပွဲတော်တွင် ထူးခြားမှုများမှာ မန္တလေးမြို့မ တေးဂီတအဖွဲ့ကလည်း မြို့မတေးဂီတအဖွဲ့တည်ထောင်မှုသက်တမ်းနှစ် ၉၀ ပြည့် အထိမ်းအမှတ်အဖြစ် လာရောက်ဖျော်ဖြေမည်ဖြစ်သည်။

ထို့အပြင် နာမည်ကြီး တေးဂီတအဖွဲ့ဖြစ်သည့် အင်ပါယာတေးဂီတအဖွဲ့ကလည်း နှစ် ၃၀ ပြည့်အထိမ်းအမှတ်အဖြစ် တိုက်ဆိုင်စွာ ဂီတပွဲတော်ကို လာရောက်ဆင်နွှဲမည်ဖြစ်သည်။ တစ်ဖန် နိုင်ငံကျော် အဆိုတော်အများအပြားကလည်း ဖျော်ဖြေရန် ရောက်ရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြီးဆုံးဂီတပွဲတော်အဖြစ် ခြိမ့်ခြိမ့်သဲဆင်နွှဲရန် စီစဉ်ထားပြီဖြစ်သည်။ အသေးစိတ် အချက်အလက်များကို ဖေ့စ်ဘွတ်ခ်၌ ပန်းပွဲတော်နှင့်ဂီတပွဲတော်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် အကြီးဆုံးဂီတပွဲတော်နှင့်အတူ ပန်းပွဲတော်လည်း ဆင်ယင်ကျင်းပမည်ဖြစ်ရာ လှပသော ပန်းများ၊ မွှေးပျံ့သောရနံ့များကို ခံစားရင်း ဂီတအနုပညာရသကို အပြည့်အဝခံစားနိုင်ကြမည်ဖြစ်သည်။

၂၀၀၄ ခုနှစ်က စတင်ကျင်းပခဲ့သော ဂီတပွဲတော်မှသည် ယခုအချိန်အထိ လာရောက်ဖျော်ဖြေခဲ့ကြသော အနုပညာရှင်များမှာ စုစုပေါင်း ၁၀၀၀ ကျော်ရှိနေပြီဖြစ်သည်။ ယင်းအနုပညာရှင်များတွင် ဂီတလုလင်မောင်ကိုကိုအပါအဝင် နိုင်ငံကျော် အနုပညာရှင်များ၊ နာမည်ကြီးတေးဂီတအဖွဲ့များဖြစ်သည့် IC၊ အင်ပါယာစသည့် တီးဝိုင်းမျိုးစုံနှင့် Punk၊ under ground၊ Rock စသည့် ဂီတနှင့် အကအဖွဲ့များ လာရောက်ဖျော်ဖြေခဲ့ကြရာ ဂီတအနုပညာရှင်များ အများအပြား စုဝေးဖျော်ဖြေခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် မကြာမီ ကျင်းပမည့် အကြီးဆုံးဂီတပွဲတော်ကြီးနှင့်အတူ ပရိသတ်များ ပါဝင်ဆင်နွှဲနိုင်ကြတော့မည်ဖြစ်သည်။

**တိမ်ဦးဝေ**

# မြစိမ်းရောင်ကျေးရွာများ၌ ဆောင်ရွက်နေသောစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်မှုကွင်းဆင်းကြည့်ရှု

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော ဗြိစင်အင်းကျေးရွာနှင့် သစ်တိန်းကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လည်ပတ်အသုံးချနေမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များက ဒီဇင်ဘာ ၁၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များသည် ဗြိစင်အင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာလည်ပတ်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများ စနစ်တကျစာရင်းပြုစုထိန်းသိမ်းရေးနှင့် ကျေးရွာအတွင်း သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှုများဆောင်ရွက်ရန် ဟောပြောဆွေးနွေးခဲ့ကြသည်။ ထို့နောက် သစ်တိန်းကျေးရွာ၌ ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်းဆိုင်ရာကိစ္စများနှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စများကို မြို့နယ်တာဝန်ရှိသူများက ဟောပြောဆွေးနွေးကြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များသည် ကျေးရွာအတွင်းရှိ မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေကြသော အဖွဲ့ဝင်များ၏ ဆိတ်၊ ဝက်မွေးမြူရေးလုပ်ငန်းများနှင့် ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေမှုများအား လှည့်လည်ကြည့်ရှုကြပြီး လုပ်ငန်းအခြေအနေများကိုမေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးမောင်တာ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းတင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စီမံကိန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေအောင်(iprd)**



စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော မွေးမြူရေးခြံတစ်ခု။

## မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်းဆိုင်ရာ ဟောပြော

**ကသာ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ မြို့နယ်စာရေးဆရာအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၂ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကသာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက အမှာစကားပြောကြားခဲ့ပြီး ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ရွှင်က မှုခင်းဖြစ်စဉ်များ၊ ကသာမြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ဆုံးမသြဝါဒစကားများ၊ မူးယစ်တပ်စု(၆) ကသာမှ ဒုတိယရဲမှူးရန်နိုင်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်လှိုင်က ဥပဒေအကြောင်းသိကောင်းစရာများ၊ မြို့နယ်စာရေးဆရာများအသင်းနာယက ဦးချစ်မြိုင်က ကျောင်းသား ကျောင်းသူများ စည်းကမ်းလိုက်နာရေး၊ ခရိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ရဲတပ်ကြပ်ကြီးအောင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ **ဦးရဲ(ကသာ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၅)၊ မန္တလေးတိုင်းဒေသကြီးရုံး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါတည်နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းရှင်များကို လိုအပ်ပါသည်။

| စဉ် | မြို့နယ် | ကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
|---|---|---|
| ၁။ | ပြင်ဦးလွင်မြို့နယ်၊ ထုံးကြီးကျေးရွာ | |
| ၂။ | စဉ့်ကူးမြို့နယ်၊ ဆည်သည်ကျေးရွာ | |
| ၃။ | စဉ့်ကူးမြို့နယ်၊ ကြာဉယျာဉ်ကျေးရွာ | |
| ၄။ | စဉ့်ကူးမြို့နယ်၊ စားကျက်ကျေးရွာ | |
| ၅။ | စဉ့်ကူးမြို့နယ်၊ လက်ပံကုန်းကျေးရွာ | |
| ၆။ | မတ္တရာမြို့နယ်၊ မိုးကြိုးကျေးရွာ | |
| ၇။ | မတ္တရာမြို့နယ်၊ မွေထိန်ပင်၊ မွေကတို့ဆိပ်နှင့် မွေပုသိမ်ရွာများ | |
| ၈။ | မတ္တရာမြို့နယ်၊ သဖန်းကိုင်းကျေးရွာ | |
| ၉။ | အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ | |
| ၁၀။ | မြင်းခြံမြို့နယ်၊ လက်ာဒီပကျေးရွာ | |
| ၁၁။ | ညောင်ဦးမြို့နယ်၊ သူကောင်းတည်ကျေးရွာ | |
| ၁၂။ | စဉ့်ကူးမြို့နယ်၊ စည်ပင်ကျွန်းကျေးရွာ | |
| ၁၃။ | မတ္တရာမြို့နယ်၊ တံငါကျေးရွာ၊ တံငါချောင်းရေတိုက်စားမှု | |
| ၁၄။ | တောင်သာမြို့နယ်၊ ရဘဲကျေးရွာ | |
| ၁၅။ | အမရပူရမြို့နယ်၊ ဘနော်ကျေးရွာ | |
| ၁၆။ | အမရပူရမြို့နယ်၊ ဖရဲကျွန်းအရှေ့နှင့် အနောက် | |
| ၁၇။ | အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံအုပ်စု၊ သပိတ်တန်းကျေးရွာ | |
| ၁၈။ | စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်သာကျေးရွာ | |
| ၁၉။ | စဉ့်ကိုင်မြို့နယ်၊ အင်းလျားနှင့် ကင်းလတ်ကျေးရွာ | |
| ၂၀။ | မတ္တရာမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ ဒေါင်းကျွန်းကျေးရွာ | |
| ၂၁။ | မတ္တရာမြို့နယ်၊ ရေလယ်ကျွန်း(ပျဉ်ကာ)ကျေးရွာ | |
| ၂၂။ | မတ္တရာမြို့နယ်၊ သဲကျွန်းကျေးရွာအုပ်စု၊ ရွာတန်းရှည်ကျေးရွာ | |
| ၂၃။ | မတ္တရာမြို့နယ်၊ မြွေစွန်းကျေးရွာအုပ်စု၊ ဘိုးကြီးကျွန်းကျေးရွာ | |
| ၂၄။ | စဉ့်ကူးမြို့နယ်၊ ဟသ်ာမကျေးရွာအုပ်စု၊ မြစ်ကမ်းကြီးကျေးရွာ | |

**တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး၊ ဂေါဝိန်၊ ကျောက်ကွေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

**တင်ဒါပုံစံယူရမည့်ရက်** - ၁၅-၁၂-၂၀၁၄ ရက်မှ ၂၉-၁၂-၂၀၁၄ ရက်ထိ၊ ရုံးချိန်အတွင်း

**တင်ဒါပိတ်မည့်ရက်** - ၃၀-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂:၀၀ နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃၁-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၀၀ နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၆၀၂၃၇ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### ဘားအံမြို့-ပြည်နယ်ပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများ ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။ FDA အသိအမှတ်ပြုဆေးဝါးများသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်ရက်-** ၁၈-၁၂-၂၀၁၄ ရက်မှ၁၃-၁-၂၀၁၅ ရက်အထိ

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁-၂၀၁၅ ရက်၊ ညနေ ၁၆:၀၀ နာရီ
သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၂၅၁**



### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ရေရရှိရေးအတွက် (၈)လက်မ စက်ရေတွင်း (၂)တွင်း တူးဖော်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၂-၁၂-၂၀၁၄ ရက် (တနင်္လာနေ့) ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ နယ်မြေအင်ဂျင်နီယာဌာန ဖုန်း-၀၉-၄၉၂၀၁၀၅၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**



### စိုက်ပျိုးရေးဦးစီးဌာန
### မြေပဒေသာဥယျာဉ်(ပညာပေးဇုန်)တွင်
### အခြေခံစိုက်ပျိုးနည်းပညာပေး
### ရက်တိုသင်တန်းများဖွင့်လှစ်မည်

၁။ **ပန်းမန်စိုက်ပျိုးနည်း** - ၂၂-၁၂-၂၀၁၄ ရက်မှ ၂၄-၁၂-၂၀၁၄ ရက်အထိ
၂။ **သစ်ခွစိုက်ပျိုးနည်း** - ၃၀-၁၂-၂၀၁၄ ရက်မှ ၁-၁-၂၀၁၅ ရက်အထိ
၃။ **ကိုင်းကူးကိုင်းဆက် စိုက်ပျိုးနည်း** - ၆-၁-၂၀၁၅ ရက်မှ ၈-၁-၂၀၁၅ ရက်အထိ

**ဆက်သွယ်ရန်** - ခြံဦးစီးမှူးရုံး၊ မြေပဒေသာဥယျာဉ်၊ ဇဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၉၇၃၀

## သတင်းတိုများ

### မိုးပွင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ**

ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာအုပ်စု ကျွဲတိကျေးရွာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိန်နှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက် ပေးခဲ့ရာ ဒေသခံပြည်သူ ၁၃၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မင်းကံကြီး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ကိုးရွာမှ အသက် ၁၀နှစ်နှင့် ၁၈နှစ်ပြည့်ပြီးသူ ၃၀၀ အတွက် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ဦးစီးဌာနမှူး ဦးစိုင်းမြင့်အောင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းမျိုးတို့ ဦးဆောင်သော ဝန်ထမ်းများက ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တွင် ကွင်းဆင်းထုတ်ပေးခဲ့ပြီး အခြားကျေးရွာများသို့လည်း ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

**လောင်းလုံ**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ဇလွတ်ကျေးရွာအုပ်စု၌ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်နှင့် ဝန်ထမ်းများက Norway Refugee Council အဖွဲ့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ဒေသခံပြည်သူ ၇၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

### ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ညောင်အုပ်ကျေးရွာအုပ်စု မြို့ကုန်းကျေးရွာဆည်ရေသောက်တွင် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့ရာ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးမင်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဝင်းကိုကိုနှင့် ဒေသခံတောင်သူများက လေ့လာကြည့်ရှုခဲ့ကြပြီး တစ်ဧကအထွက်နှုန်း ၁၂၉ ဒသမ ၁၃ တင်းထွက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

### မင်းပြားမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၈ရက်က မင်းပြားအထက ကျိန်းရိပ်မင်္ဂလာခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းတို့ တက်ရောက်အားပေးချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲများ၌ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ညသူ**



## ကိုရီးယား-မြန်မာချစ်ကြည်ရေး ဖျော်ဖြေပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၄**

အာဆီယံ-ကိုရီးယားဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကိုရီးယား-မြန်မာချစ်ကြည်ရေး ယဉ်ကျေးမှုဖျော်ဖြေပွဲကို မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးကစီစဉ်၍ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသည်။

ဖျော်ဖြေပွဲတွင် တောင်ကိုရီးယားနိုင်ငံသံရုံးမှ ဒုတိယသံအမတ်ကြီး မစ္စတာ ဘတ်ဂျယ်ဂရောင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတက္ကသိုလ်မှ ကိုရီးယားဘာသာရပ် ကျောင်းသူတစ်ဦးက ကိုရီးယားနိုင်ငံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများက တိုက်ကွမ်ဒိုအားကစားနည်းစနစ်များ၊ တယောပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ကိုရီးယားဂီတဖြစ်သော Kpop သီချင်းနှင့် အကများ၊ ကိုရီးယားမြန်မာဝတ်စားဆင်ယင်မှု ဖက်ရှင်ရှိုး၊ ကိုရီးယားယဉ်ကျေးမှုသရုပ်ဖော်အကများနှင့် မြန်မာတေးသံရှင် နီနီခင်ဇော်၊ စန္ဒီမြင့်လွင်နှင့် နွေးနွေးချစ်ဖွယ်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အနုပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့မှ တိုက်ကွမ်ဒိုအားကစားသမားများနှင့် မန္တလေးမြို့ခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**လပွတ္တာ ဒီဇင်ဘာ ၁၄**

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကုန်းကြီးကျေးရွာအုပ်စု လေယာဉ်ကွင်းကျေးရွာ၌ အောက်တိုဘာလအတွင်းက ပင်လယ်ဒီရေမြင့်တက်မှုကြောင့် နေအိမ်များပြိုကျပျက်စီးခဲ့သော မိသားစုများအား ကယ်ဆယ်ရေးပစ္စည်းများအား ပြင်စလူမြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၈ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် ပြင်စလူမြို့အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦးက သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပင်လယ်ဒီရေမြင့်တက်ခြင်းကြောင့် နေအိမ်များပြိုကျပျက်စီးခဲ့သည့် လေယာဉ်ကွင်းကျေးရွာရှိ အိမ်ထောင်စုကိုးစုကို ကယ်ဆယ်ရေး ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေများနှင့် ဆန်ရိက္ခာဝယ်ယူရန် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## စေတုတ္တရာမြို့ စတိုးဆိုင်များ၌ ကျင်းထုံခြင်ဆေးခွေ မရောင်းချရန် စစ်ဆေးပညာပေး

**စေတုတ္တရာ ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ စတိုးဆိုင်များ၊ အိမ်ဆိုင်များတွင် ရောင်းချခြင်းမပြုရန် နိုင်ငံတော်က တားမြစ်ထားသော ကျင်းထုံခြင်ဆေးခွေများ ရောင်းချမှုမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက စစ်ဆေးမှုနှင့် အသိပညာပေးဆောင်ရွက်မှုများ ဒီဇင်ဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

စေတုတ္တရာမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များတွင် ကျင်းထုံခြင်ဆေးခွေများ ရောင်းချနေကြောင်း သတင်းများ ထွက်ပေါ်နေသဖြင့် စေတုတ္တရာမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသိန်းဝင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှထွေးအောင်၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်စိုး၊ အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဟန်တို့က ကန့်သတ်ခြင်ဆေးခွေများ ရောင်းချခြင်းမပြုရန်အတွက် ဒေသခံပြည်သူများ၏ အိမ်ဆိုင်၊ စတိုးဆိုင်များတွင် ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးခြင်းများ ပြုလုပ်ခဲ့သည်။

ခြင်အန္တရာယ်ကာကွယ်ရာတွင် ရေဆိုးမြောင်းများတူးဖော်ခြင်း၊ ပတ်ဝန်းကျင်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အိမ်တိုင်း မိသားစုတိုင်း မိမိတို့ပတ်ဝန်းကျင်ရှိ ရေအိုး၊ ရေကန်၊ ပန်းအိုးများကို ခြင်မပေါက်ပွားနိုင်အောင် ဂရုတစိုက်စစ်ဆေးခြင်းများသည်သာလျှင် ထိရောက်သော ကာကွယ်နည်းဖြစ်ကြောင်း၊ ကျင်းထုံခြင်ဆေးခွေမှာ နိုင်ငံတော်၏ သတ်မှတ် စည်းမျဉ်း၊စည်းကမ်းများနှင့် မညီညွတ်သဖြင့် ရောင်းချမှုကို ကန့်သတ်ထားရခြင်း ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခြင်အန္တရာယ်ကြောင့် ခြင်ဆေးခွေ၊ ခြင်ဖျန်းဆေး၊ လိမ်းဆေး၊ ခြင်ထောင်စသည့်အသုံးအဆောင် ပစ္စည်းများမှာ မဖြစ်မနေသုံးစွဲနေရသော လိုအပ်ချက်များဖြစ်သော်လည်း ခြင်ဆေးခွေမှ ထွက်လာသော အငွေ့များ၏ ဆိုးကျိုးများမှာ အသက်အရွယ် ကြီးရင့်သူများအပါအဝင် ကလေးငယ်များအပေါ် သက်ရောက်လျက်ရှိရာ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခြင်ဆေးခွေများ ရောင်းချသုံးစွဲခြင်း မပြုရေး ဆောင်ရွက်နေခြင်း ဖြစ်သည်။ **ဇေယျာတု(မကွေး)**

### သတ္တုတွင်းဝန်ကြီးဌာန
### မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရေယာဉ်သုံးပစ္စည်း(၆)မျိုးနှင့် မီးသတ်ဆေးဘူး(၃၁)ဘူး | 1 Lot |

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၆-၁-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၁၇-၁၂-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၂၊ မြေကွက်အမှတ် ၁၃၀၆၊ မြေကွက်တည်နေရာအမှတ်(၁၃၀၆)၊ (၁၆၈/၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် [ဗိုလ်ကြီးခင်ဦး(ငြိမ်း)] အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဗိုလ်ကြီးခင်ဦး(ငြိမ်း) ထံမှ မေတ္တာဖြင့်ပေးကမ်းစာချုပ်ဖြင့်ရရှိသူ ဒေါ်မူမူထွန်း ၁၂/လမန(နိုင်)၁၁၃၀၇၉ မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ် (၃)အဆန် (၄)အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ အမှတ် (၅)အဆန် (၆)အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ အမှတ် (၁၁)အဆန် (၁၂)အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ ရန်ကုန်-ပုဂံလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ် (၆၁) အဆန် (၆၂)အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ် (၅၇)အဆန် (၅၈)အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ အမှတ် (၃၃)အဆန် (၃၄)အစုန်ရထားတွင် စားသောက်တွဲ (၁) တွဲ စုစုပေါင်းစားသောက်တွဲ (၁၁)တွဲကို ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသို့ သက်တမ်းကာလ (၁)နှစ် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံအဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာကို စာအိတ်(ခ)ဖြင့်လည်းကောင်း ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြနိုင်ရေးအတွက် မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၃)မန္တလေးရုံးနှင့် မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇)ရန်ကုန်ရုံးတို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပါငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ (စီးပွားရေး)သို့ ၂၆-၁၂-၂၀၁၄ရက် ၁၂း၀၀ နာရီ နောက်ဆုံးထားပေးပို့သွားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၆၆၇၆၄၊ ၀၁-၃၉၃၄၂၈၊ ၀၆၇-၇၇၀၈၃၊ ၀၆၇-၇၇၁၂၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မာမတ်အီဆတ် KMW -၁၄၅၄၆၆ ၏ Psno-(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၂၈၁၃၉၆**

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ပေးမည့်ရက်-** ၁၇-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်-** ၃၀-၁၂-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၅၁၁၊ Ext-၁၀၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ် (၂)လမ်း၊ အမှတ် ၁၇၈-ကဟု ခေါ်တွင်သော အလျားပေ(၆၀)×အနံပေ(၂၀) ဦးရဲထွန်း အမည်ပေါက် ပါမစ်မြေကွက်ကို ဆက်စပ်စာချုပ်အဆင့်ဆင့်နှင့် ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးနွယ် ၁၄/ပသန(နိုင်)၀၀၄၆၃၆ ထံမှ ကျွန်မ ဒေါ်အေးမိမိခိုင် ၁၃/မဆတ(နိုင်)၀၄၃၄၉၁ က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်အေးမိမိခိုင်**
**ဖုန်း-၀၉-၄၂၁၁၂၈၄၈၈၊ ၀၉-၉၇၄၈၈၂၇၉၇**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဟင်းသီးဟင်းရွက်နှင့် သီးနှံများ ပြည်ပတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်တွင်းမှ စိုက်ပျိုးရေးကုမ္ပဏီများနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူများ အနေဖြင့် ထုတ်ကုန်များကို ယခုထက်ပိုမို ဈေးကောင်းရရှိစေရန် ပြည်ပတင်ပို့ရောင်းချ နိုင်ရေးအတွက် အသိအမှတ်ပြုလက်မှတ်များ ကို ၂၀၁၅ ခုနှစ်အတွင်း စတင်ထုတ်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးကုမ္ပဏီများနှင့် တောင်သူများ အား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ(Good Agricultural Practices-GAP) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး GAP လက်မှတ်ရရှိသူများ အနေဖြင့် စိုက်ပျိုးထုတ်လုပ်သော ဟင်းသီး ဟင်းရွက်နှင့် သီးနှံများကို ပြည်ပတင်ပို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)၌ ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသော GAP လက်မှတ်ထုတ်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက အာဆီယံနိုင်ငံများအချင်းချင်း လွတ်လပ်သော ကုန်သွယ်ရေးစနစ်ကို ၂၀၁၅ ခုနှစ်တွင် စတင်ဖော်ဆောင်မည်ဖြစ်ရာ နိုင်ငံတကာနှင့် လွတ်လပ်စွာကုန်သွယ်မှု ပြုနိုင်ရေးအတွက် စားသုံးသီးနှံများတွင် GAP အသိအမှတ်ပြု ထောက်ခံချက် လက်မှတ်ရရှိရန် လိုအပ်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်နှင့် ထုတ်ကုန်ပစ္စည်းများ တွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သီးနှံများ အရည်အသွေးကောင်းမွန်ရေးအတွက် GAP လုပ်ငန်းများကို ဗဟို GAP အကောင်အထည် ဖော်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးအဖွဲ့၊ ကွင်းဆင်း စစ်ဆေးရေးအဖွဲ့၊ ပညာပေးရေးအဖွဲ့၊ ဓာတ်ခွဲစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေး ကုမ္ပဏီများနှင့် တောင်သူများ အနေဖြင့် GAP လက်မှတ်လျှောက်ထားပါက စိုက်ပျိုးမည့်မြေနေရာ၏ မြေနမူနာ၊ ရေ နမူနာများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်း ဆင်းစစ်ဆေးမည်ဖြစ်ပြီး မြေနှင့် ရေသည် GAP စနစ်ဆောင်ရွက်ရန် သင့်တော်မှသာ လျှောက်လွှာကို အတည်ပြု၍ ဆက်လက် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဆောင် ရွက်ခွင့်ရသူများအနေဖြင့်လည်း GAP ဆိုင် ရာ လုပ်ငန်းစဉ်များ၊ ပိုးသတ်ဆေးအသုံးပြု နည်းများ စသည့်သင်တန်းများကို တက် ရောက်ရမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး ကုမ္ပဏီများ၊ တောင်သူများအနေဖြင့်လည်း လုပ်ငန်းစဉ်အတိုင်း သီးနှံများစိုက်ပျိုးထုတ်လုပ် မှု ရှိ မရှိကို တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရ သည်။ သီးနှံများစိုက်ပျိုးထုတ်လုပ်မှုအဆင့် တွင်သာမက ပြည်ပတင်ပို့ရာတွင် ထုပ်ပိုးမှု အဆင့်အထိကိုပါ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန်လည်း စစ်ဆေးသွားမည်ဖြစ် ကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

# မြို့ချောင်း-ရွှေပြည်သာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အဆင့်မြှင့်တင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ချောင်း-ရွှေပြည်သာ သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းကို စွမ်းအင် ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းက ခေတ်မီပြီး ခံနိုင်ရည်မြင့်ပိုက်လိုင်းအသစ်များဖြင့်



မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အသစ်သွယ်တန်းမည့် ပိုက်များ။

အစားထိုးဆောင်ရွက်မှုများ ပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် နိုင်ငံတစ်ဝန်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအား ခေတ်နှင့်အညီ လိုအပ်သလိုအစား ထိုးပြုပြင်ပြောင်းလဲ အဆင့်မြှင့်တင် မှုလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက် ရှိရာ အဆိုပါ မြို့ချောင်း-ရွှေပြည် သာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို လည်း ခံနိုင်ရည်အမြင့် ၁၂ လက်မ ပိုက်လိုင်းသစ်များဖြင့် လဲလှယ်သွား မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (B-၁၂)(101)၊ ရွှေကမ္ဘာအိမ်ရာနေ(ဦးဘသော်-ဒေါ်စောခင်)တို့၏သား၊ ဒေါ်မြသန်း၏ခင်ပွန်း၊ ဦးအောင်မြတ်-(ဒေါ်ဆွေဆွေရီ)၊ ဦးတင်ငွေ-ဒေါ်သင်းသင်းရီ၊ ဦးသက်ရီ-ဒေါ်သက်သက်မာ၊ ဦးမျိုးရီ-ဒေါ်စံပယ်ဦးတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၄-၁၂-၂၀၁၄ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာဦးစိုးဝင်း
**ဆေးရုံအုပ်ကြီး(အငြိမ်းစား)**
**(မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး)**
**အသက်(၈၃)နှစ်**

(ဦးသိန်းတန်-ဒေါ်စောတင်)၊ (ဦးစံရ-ဒေါ်မြခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မဟာဗန္ဓုလအိမ်ရာ၊ တာဝတိံသာလမ်း၊ တိုက် B၊ အခန်း ၄၀၁နှင့် ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းထောင့်နေ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ဒေါ်ခင်စန်းဝင်း(မူ/ပြ၊ ငြိမ်း၊ အထက-၄၊ ဗိုလ်တထောင်)-ဦးခင်မောင်စန်း(နက္ခတ္တဗေဒပညာရှင်)၊ (ကိုခင်မောင်ဝင်း)၊ ဒေါ်မြမြဝင်း(လ/ထညွှန်မှူး၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါ်မြမြသင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ ကျန်းမာရေးစီမံကိန်း)၊ ဒေါ်အေးအေးဝင်း(ဒု/ညွှန်မှူး၊ အကောက်ခွန်ဦးစီး)-ကပ္ပတိန် ဦးဝင်းထွန်းထွန်း(CSL Shipping)၊ ဒေါ်ကြည်ကြည်ဝင်း(စွန်းရှင် ရတနာရွှေဆိုင်)-ဦးသိန်းဝင်း(MD ငွေရည်ဖြိုး၊ Engineering Service ကုမ္ပဏီ)၊ ဒေါက်တာသန်းစိုး(ခ)မျိုးမင်းထိုက်(အယ်/ချုပ်၊ Venus News၊ တွဲ/အတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း)၊ ဒေါက်တာညွန့်ဝင်း(ခေတ္တဂျမေကာ)-ဒေါက်တာသန္တာဇော်(ခေတ္တ-USA)တို့၏ဖခင်၊ မောင်ကောင်းမြတ်သူ(ဒီဇင်ဘာ ကားပစ္စည်းအလှဆင်ဆိုင်)၊ မောင်ထက်အောင်ကျော်(ဒါရိုက်တာ၊ ငွေရည်ဖြိုးကုမ္ပဏီ)၊ မပင်ကီထွန်းထွန်း(Clark University ခေတ္တ-USA)၊ မစုဇန်ထွန်းထွန်း (Secondary 3 ILBC)၊ မမြတ်ဖူးနွယ် (Gread-10-I၊ အထက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၆း၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးတင်အောင် အသက်(၈၁)နှစ်
**သိမ်ကြီးဈေးနှစ်ပြားတန်ဆောင်းစောင့်ရှောက်ရေးအဖွဲ့နာယကကြီး**
**(ယခင် ဦးတင်အောင်၊ ဒေါ်ခင်ထွေးထွေးပွဲရုံ၊ ၂၄လမ်း)**

ရန်ကုန်မြို့ (သိမ်ကြီးဈေးပွဲစားကြီး ဦးဘဖေ-ဒေါ်ဒေါ်လှ)တို့၏သားကြီး၊ မြင်းခြံမြို့ (ရုံပိုင်ကြီးဦးမျှင်-ဒေါ်ဒေါ်ကြည်)တို့၏သားသမက်၊ (ဒေါ်ခင်ထွေးထွေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဘမောင်)-ဒေါ်ခင်ဆွေဟန်၊ ဦးမြင့်သန်း-ဒေါ်မြင့်မြင့်မိုးတို့၏အစ်ကိုကြီး၊ (ဦးသောင်းနိုင်စိုး)၊ ဦးငွေအောင်မိုး-ဒေါ်ဝင်းဝင်းလင်းတို့၏ဖခင်၊ မောင်ရဲအောင်မင်း၊ မောင်ဖွဲ့ထွဋ်ဝင်း၊ မောင်အောင်သန့်မြတ်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၂၉၊ ၂၄လမ်း နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ဇရပ် ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)
**ကြည်း-၁၀၂၈၅၊ O.T.S- 30**
**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အာဇာနည်လမ်းသွယ်၊ ခြံအမှတ် ၁၆/၂၈နေ ဒေါ်ခင်မေတင့်၏ခင်ပွန်း၊ ဦးညွန့်လွင်ဦး၊ ဗိုလ်မှူးကြီးမြင့်ကျော်ထွန်း-ဒေါ်ချောစုစုလွင်၊ ဒေါ်မြမာလာသီ-ဦးပြည့်စိုး၊ ဒေါ်စောသန္တာသီ-ဦးအောင်ဝင်းသိန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်တင့်ထွေး(ငြိမ်း)-ဒေါ်ဖြိုးပပထွန်းတို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၁၄-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**(ဓမ္မဒူတ ဝေယျာဝစ္စ)**
## ဖွားဝ(ခ)ဒေါ်တင်အေး
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်းမ၊ အမှတ် ၄၄နေ ဦးဆောင်းတင်၏ဇနီး၊ ကိုသောင်းမြင့်-မစန်းစန်းငွေ၊ ကိုခင်ဝင်း-မတင်တင်သိန်း၊ ကိုသိန်းဇော်-မစန်းစန်းအေး၊ ကိုနေဝင်း-မသင်းသင်းမွန်၊ (ကိုမြင့်ငွေ)၊ ကိုခင်မောင်ထွေးတို့၏မိခင်၊ မောင်အောင်သိန်းမြင့်-မမြတ်မိုးမိုးသိမ့်၊ မောင်ရှင်းသန့်ထွဋ်၊ မမေမြတ်နိုးပွင့်တို့၏အဘွားသည် ၁၄-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၂း၄၄နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၄ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးကျော်
**ပြည်တွင်းရေကြောင်း**
**ပို့ဆောင်ရေး(ငြိမ်း)**
**အသက်(၆၀)**

ရန်ကုန်မြို့နေ (ဦးတင်အေးကျော်)-ဒေါ်ဆွေဆွေတို့၏သားကြီး၊ (ဦးစံရွှေ)-ဒေါ်မာလာဦးတို့၏သားသမက်၊ရန်ကုန်မြို့၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၄၂ (ပထမထပ်)နေ ဒေါ်သီတာဦး(အတာ)၏ချစ်လှစွာသောခင်ပွန်း၊ သားကြီး ကိုလင်းပြည့်ဖြိုး(Maersk line, 2nd Mate)-မအေးမြကြွယ်၊ သားငယ် ကိုကျော်ဇင်သန့် (Maersk line, 2nd Mate)တို့၏ချစ်လှစွာသောဖခင်၊ Baby လင်းပြည့်ဖြိုး၏ဘိုးဘိုးကြီး၊ဦးလွင်မောင်မောင်-ဒေါ်အေးအေးဆွေ၊ ဒုရဲမှူး မျိုးမော်(နေပြည်တော်၊ တပ်ကုန်း)-ဒေါ်နွယ်နွယ်ကြိုင်၊ ဦးမျိုးဇော်၊ ဦးမျိုးသော်(ခ)ဦးညီညီကျော်(USA)တို့၏အစ်ကိုကြီးသည် ၁၂-၁၂-၂၀၁၄ရက် မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရလဒ်ကောင်းများစွာရရှိခဲ့သည့် ကိုရီးယားခရီးစဉ်

တွေ့ဆုံမေးမြန်းခြင်း
ကျော်သူဝင်း
(မြန်မာ့အလင်း)

နေပြည်တော်　ဒီဇင်ဘာ　၁၄

ကိုရီးယားသမ္မတနိုင်ငံ၌ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပခဲ့သော (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်၊ စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့နှင့် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှအပြန် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည်-

**ဦးဝဏ္ဏမောင်လွင်(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**

အစည်းအဝေးမှာ အာဆီယံနိုင်ငံအကြီးအကဲတွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေအနေနဲ့ ၂၀၁၄ မြန်မာနိုင်ငံမှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် အောင်မြင်စွာထမ်းဆောင်နိုင်တဲ့အတွက် ဂုဏ်ပြုချီးကျူးမှုတွေ ပြောကြားခဲ့တာရှိတယ်။

အာဆီယံနဲ့ ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာစီမံကိန်းတွေကို ဆွေးနွေးကြပြီး စီမံကိန်းရေးဆွဲတဲ့အခါ ၂၀၁၁ ကနေ ၂၀၁၅ အထိ ငါးနှစ်စီမံကိန်းပြီးဆုံးတဲ့ကာလမှာ ၂၀၁၆ ကနေ ၂၀၂၀ အထိ ဆက်လက်ပြီး အာဆီယံနဲ့ကိုရီးယားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့ဆောင်ရွက်သွားဖို့ရှိပါတယ်။ ရာသီဥတုပြောင်းလဲမှု၊ လေထုညစ်ညမ်းမှုတွေအပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှု စတဲ့ကိစ္စရပ်တွေအပြင် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်တွေကို

စာမျက်နှာ ၉ ကော်လံ ၁ ❍



အာရှချန်ပီယံလိဂ်ပြိုင်ပွဲဝင်မည့်ရတနာပုံအသင်း။

## မြန်မာကလပ်အသင်းများ၏ ခြေလှမ်းသစ်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်

**မြန်မာ့ဘောလုံးပရိုစနစ်ကူးပြောင်းပြီးနောက်ပိုင်း ခြောက်နှစ်ကျော်အကြာတွင် မြန်မာကလပ်အသင်းများအနေဖြင့် အာရှအဆင့်ကလပ်အသင်းပြိုင်ပွဲများတွင် နေရာတစ်ခုရရှိခဲ့သည်။ ယခင်က AFC Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရနေရာမှ ၂၀၁၅ ခုနှစ်တွင် အာရှအဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။**

၂၀၁၅ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို Play-off အဆင့်မှ ရတနာပုံအသင်း၊ AFC Cup ပြိုင်ပွဲကို နှစ်သင်း ယှဉ်ပြိုင်ခွင့်ရရှိထားသည်။ ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ် နောက်ဆုံးအဆင့်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရခဲ့ပါက ရတနာပုံအသင်းအစား ရန်ကုန်အသင်းက ရောဝတီအသင်းနှင့်အတူ AFC Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ရတနာပုံအသင်းသည်ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရပါက AFC Cup ပြိုင်ပွဲ၌ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲများကို ဖေဖော်ဝါရီလတွင် စတင်မည်ဖြစ်သည်။ မြန်မာကလပ်များဖြစ်သည့်

စာမျက်နှာ ၇ ကော်လံ ၁ ✪

### ယနေ့ ⇄ မာတိကာ


မန်ယူတို့ လီဗာပူးကို ဂိုးပြတ်နိုင်
စာမျက်နှာ - ဂ

စပိန်ဘုရင့်ဖလား (၃၂)သင်း ရှုံးထွက်ပွဲစဉ်တွေလာပြီ
စာမျက်နှာ - ၁၄

မိုင်းမောမြို့ ဟောင်းမှတူးဖော်ထားသော ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများ ပျက်စီးလာ၍ ဝိုင်းဝန်းစောင့်ရှောက်ရန် လိုအပ်လာ
စာမျက်နှာ - ၁၅


# သဘာဝအလှတို့ပြည့်စုံနေပြီး ရေငှက်နှင့်ဆောင်းခိုငှက်တို့ပျော်မြူးရာ ပလိပ်ရေတိမ်အင်း

သက်နိုင်(ပြင်ဦးလွင်)

**မြန်မာနိုင်ငံသည် သဘာဝတောတောင်ရေမြေ ပင်လယ်သမုဒ္ဒရာများ စုံလင်သည့်အပြင် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း အဓိကမြစ်ကြီးများနှင့် ယင်းတို့နှင့် ဆက်စပ်နေသော ရေတိမ်ဒေသအမျိုးမျိုးပေါများသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။**

တစ်နည်းအားဖြင့် ရေသယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး နိုင်ငံ၏ အဓိက စီးပွားရေးများဖြစ်သော စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းအမျိုးမျိုးတို့ကို နိုင်ငံတွင်းရှိ ရေသယံဇာတအပေါ် မှီခိုကာ လုပ်ကိုင်လျက်ရှိနေသည်။

ပေါများလှသည့် ရေသယံဇာတများထဲတွင် ကုန်းတွင်းရေတိမ်ဒေသများလည်း ပါဝင်လျက်ရှိရာ ထိုရေတိမ်ဒေသများထဲတွင် သာယာလှပပြီး ဆောင်းခိုငှက်များ ပျော်မြူးကျက်စားရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပလိပ်ရေတိမ်အင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပလိပ်ရေတိမ်အင်းသည်မန္တလေးမြို့၏ အနောက်တောင်ဘက် ၉ မိုင် ၃ ဖာလုံအကွာ နာမည်ကျော် ပလိပ်မြွေဘုရားအနီး၌ တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် ၈၉ မီတာတွင်တည်ရှိ၍သဘာဝရေတိမ်အင်းတစ်ခုလည်းဖြစ်သည်။ ကန်အရှည် အလျား ၂ ဒသမ ၃ ကီလိုမီတာ၊ အကျယ် ၂ ဒသမ ၁ ကီလိုမီတာရှိပြီး မိုးရာသီတွင် ကန်ရေပြင်သည် ၃၂၇ ဒသမ ၇၆ ဟက်တာကျယ်ဝန်း၍ နွေရာသီတွင် ၄၀ ဒသမ ၄၇ ဟက်တာကျယ်သည်။ (တစ်ဟက်တာ ၁၀၀ မီတာပတ်လည်) အင်းအတွင်း ရေဝင်ရေထွက်ကိုအနီးရှိဒုဋ္ဌဝတီမြစ်

စာမျက်နှာ ၃ ကော်လံ ၃ ❖









mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

Canter 10' 2006 Model
3000 CC Auto ဒီဇယ်
4 × 4 ယာယီ
09799244561
0933334383



**သမဝါယမရေးရာ** **သမဝါယမရေးရာ** **သမဝါယမရေးရာ**



# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၂)

**ကြိုးစားတိုးပွား**

❖ အလုပ်ကြိုးစားတိုးပွားဥစ္စာ၊
❖ လိုအပ်တာသုံး အပိုမဖြုန်းနဲ့၊
❖ ကျင့်သုံးသေချာစုဆောင်းပါက၊
❖နောင်မှာတစ်နေ့ ချမ်းသာပေလိမ့်။

သမဝါယမစနစ်သည် မြန်မာနိုင်ငံတွင် (၁၉၀၅) ခုနှစ်က စတင်ခဲ့သဖြင့် ယခုအခါ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီးဖြစ်ပါသည်။ ခေတ်အဆက်ဆက် စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ပြီး အောင်မြင်မှုများ၊ အောင်မြင်သည့် ကာလများ ရှိသကဲ့သို့ မအောင်မြင်မှုများ၊ ဆုံးရှုံးသည့်ကာလများလည်း ရှိခဲ့ပါသည်။ အတိတ်ကာလရှိ မြန်မာ့သမဝါယမ၏ မအောင်မြင်မှု၊ ဆုံးရှုံးမှုများသည် သမဝါယမစနစ်၏ အားနည်းချက်ကြောင့်မဟုတ်ဘဲ အကောင်အထည်ဖော်သည့် လုပ်နည်းလုပ်ဟန်နည်းစနစ်နှင့် လုပ်ကိုင်ဆောင်ရွက်သူများ၏ အားနည်းချက်ကြောင့်သာဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်ပါ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အောက်ပါပြုပြင်ပြောင်းလဲရေး မူ(၄)ချက်၊ ဦးတည်ချက် (၂)ရပ်၊ လုပ်ငန်းစဉ် (၅)ရပ်ဖြင့် မူဝါဒများချမှတ်၍ စီမံဆောင်ရွက်လျက်ရှိပါသည်-

## ပြုပြင်ပြောင်းလဲရေး မူ(၄) ချက်

- ❖ အတိတ်ကအားနည်းချက်၊ ချို့ယွင်းချက်များကိုလေ့လာပြီး အလားတူမဖြစ်အောင် ပြုပြင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ❖ သမဝါယမစနစ်အောင်မြင်နေသည့် နိုင်ငံများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကိုလေ့လာပြီး မိမိအခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ကျင့်သုံးဆောင်ရွက်ခြင်း၊
- ❖ သမဝါယမဝန်ထမ်းများ၊ အသင်းများ၊ အမှုဆောင်များနှင့် အသင်းသားများ၏ ပကတိအခြေအနေအမှန်ကို သိအောင်လုပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊
- ❖ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူ့သဘာဝ စိန်ခေါ်ချက်များကို လေ့လာပြီး တားဆီးကာကွယ်ကျော်လွှားနိုင်အောင် စီမံဆောင်ရွက်ခြင်းစသည်တို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် သမဝါယမဝန်ကြီးဌာနသည် အောက်ပါ ဦးတည်ချက်၊ လုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်-

## သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက် (၂) ရပ်

- ❖ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်။
- ❖ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သမဝါယမစီးပွားရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက်အကူပြု ဆောင်ရွက်ပေးရန်။

## သမဝါယမဝန်ကြီးဌာန၏ လုပ်ငန်းစဉ် (၅) ရပ်

- ❖ အခြေခံသမဝါယမအသင်းများဖွဲ့စည်းပြီး ပြည်သူများလိုအပ်နေသော အရင်းအနှီးရရှိစေရေးအတွက် အသေးစားချေးငွေ Microfinance လုပ်ငန်းဆောင်ရွက်ပေးရန်နှင့်
- ❖ အသေးစားချေးငွေလုပ်ငန်းအတွက် လိုအပ်သော အရင်းအနှီးများ ရရှိစေရေးအတွက် Microfinance Bank ထူထောင်ဆောင်ရွက်ရန်၊ Aids, Grant နှဲ့ Concessional Loan များ ရယူဆောင်ရွက်ရန်၊
- ❖ လူမှုစီးပွားဘဝမြင့်မားစေရေး အထောက်အကူပြုရန်နှင့် တိုင်းပြည်စီးပွားရေးကို ထိရောက်စွာအထောက်အကူပြုနိုင်ရန်အတွက် သမဝါယမအသင်းများကို ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော သမဝါယမအသင်းများအဖြစ် အဆင့်မြှင့်တင်ရန်၊
- ❖ သမဝါယမတက္ကသိုလ်/ ကောလိပ်များမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော သမဝါယမစီးပွားရေးပညာတတ်များ မွေးထုတ်ပေးရန်၊
- ❖ သမဝါယမသင်တန်းကျောင်းများမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးရန်။

## ဦးတည်ချက် (၂)ရပ်၊ လုပ်ငန်းစဉ် (၅)ရပ်၏ ဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း(၇)ရပ်

၁။ **အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများ ရောင်းချပေးခြင်းလုပ်ငန်း။** အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများ ရောင်းချပေးခြင်းလုပ်ငန်းကို သမဝါယမလုပ်ငန်းအားလုံး၏ အခြေခံအဖြစ် ဆက်လက်တိုးမြှင့်ဆောင်ရွက်ပါမည်။

၂။ **သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများ တိုးမြှင့်သင်ကြားခြင်း။** သမဝါယမအသင်းများကို ကုန်ထုတ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်သည့် အသင်းများဖြစ်လာအောင် ဆက်လက်အဆင့်မြှင့်တင်ပါမည်။ ထို့အတူ ပြည်သူများအတွက်လိုအပ်သော အသက်မွေးဝမ်းကျောင်းပညာများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်သင်ကြားသွားပါမည်။

၃။ **ငွေကြေးအရင်းအမြစ် (Financial Network) တည်ဆောက်ခြင်း။** သမဝါယမအသင်းများနှင့် အသင်းသားများ အရင်းအနှီးငွေ အလွယ်တကူရရှိစေနိုင်မည့် ငွေကြေးအရင်းအမြစ် (Financial Network) ကို အခြေခံသမဝါယမ အသင်းများနှင့် အသင်းသားများ၏စုဆောင်းငွေများကို အခြေခံထားပြီး သမဝါယမဘဏ် နှင့် Microfinance Bank တို့နှင့်ပေါင်းစပ်ချိတ်ဆက် တည်ဆောက်သွားပါမည်။

၄။ **နည်းပညာ၊ သွင်းအားစုနှင့် သတင်းအချက်အလက် အရင်းအမြစ် (Technology, Material and Information Network) တည်ဆောက်ခြင်း။** အသင်းသားများအတွက် လိုအပ်သောနည်းပညာ၊ မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်ကိရိယာစသည့် သွင်းအားစုများနှင့် သတင်းအချက်အလက်များ အလွယ်တကူရရှိစေနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများကို အခြေခံထားပြီး ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်တည်ဆောက်ပါမည်။

၅။ **ကုန်ထုတ်ခြင်း၊ အရည်အသွေးစစ်ဆေးထုပ်ပိုးခြင်း၊ ထိုက်တန်သောဈေးရရှိအောင် ဈေးကွက်တည်ဆောက်ခြင်း၊ ဈေးကွက်သို့တင်ပို့ရောင်းချခြင်းလုပ်ငန်းစဉ် (Production, Quality Grading, Packaging, Marketing and Selling Network) ကိုတည်ဆောက်ခြင်း။** နိုင်ငံတော်သမ္မတက ညွှန်ကြားထားသည့် မျိုးစေ့ထုတ်လုပ်သည်မှ စားသုံးသည့်အဆင့်အထိ လုပ်ငန်းစဉ် (Integrated Supply Chain) ပင်ဖြစ်ပါသည်။ ၎င်း Network ကို သမဝါယမအသင်းသားများ၏ထုတ်လုပ်မှု၊ မြို့နယ်သမဝါယမအသင်းများ၏ဝန်ဆောင်မှု၊ မြို့ကြီးများရှိ သမဝါယမအသင်းစုချုပ်များ၏ ဈေးကွက်တည်ဆောက်ရောင်းချမှု (Wholesale Market) တို့ကို စုစည်းပြီး Retail ရောင်းချသူများ၊ Super Market များ၊ ဟိုတယ်များ၊ ပြည်ပတင်ပို့မှုများနှင့်ဆက်စပ်ကာ တည်ဆောက်ပါမည်။

၆။ **ဆုံးရှုံးမှု (သို့မဟုတ်) စွန့်စားရမှုကို အကာအကွယ်ပေးနိုင်မည့် (Risk Management) စနစ်တည်ဆောက်ခြင်း။** နိုင်ငံတကာ၏ဆောင်ရွက်မှုများကို လေ့လာပြီး မိမိအခြေအနေနှင့်ကိုက်ညီအောင် တည်ဆောက်ပါမည်။ ကျယ်ပြန့်သောလုပ်ငန်းစနစ်ဖြစ်၍ အချိန်ယူတည်ဆောက်ရပါမည်။

၇။ **အခြားဆက်စပ်သောကဏ္ဍ (Components) များတည်ဆောက်ခြင်း။** ဤလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး (သို့) သမဝါယမလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် မပါမဖြစ်ဆက်စပ်ဆောင်ရွက်ရမည့် ပညာပေးခြင်းနှင့် စိတ်ဓာတ်ပြုပြင်ခြင်း၊ သတင်းမီဒီယာကဏ္ဍတည်ဆောက်ခြင်း၊ သင်တန်းများပေးခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီထိန်းကျောင်းခြင်း၊ စာရင်းစစ်ဆေးခြင်း၊ သုတေသနပြုခြင်းတို့ကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားပါမည်။ ၎င်းလုပ်ငန်းများအတွက် ကုန်ကျမည့်ငွေကြေးကို အသေးစားချေးငွေလုပ်ငန်းက ရရှိသောဝန်ဆောင်ခ (အတိုး)များမှ မူဝါဒချမှတ်သုံးစွဲသွားရန် လျာထားပါသည်။

## အနာဂတ်မျှော်မှန်းချက်

- ❖ သမဝါယမလုပ်ငန်းများ၏ အနာဂတ်အောင်မြင်မှုအတွက် လိုအပ်သောအခြေခံများကို၂၀၁၅ ခုနှစ်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန် လျာထားပါသည်။
- ❖ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်အောင် ဆောင်ရွက်သွားရန် လျာထားပါသည်။
- ❖ ချေးငွေရယူထားပြီးသော အသင်းသားဟောင်းများ၏ လုပ်ငန်းကိုစိစစ်၍ ချေးငွေကို ကျပ် (၁) သိန်းမှ (၅) သိန်းအထိ တိုးမြှင့်ထုတ်ချေးပေးရန် လျာထားပါသည်။
- ❖ အောင်မြင်နေသော အခြားနိုင်ငံများ၏ သမဝါယမများကဲ့သို့ မြန်မာနိုင်ငံသမဝါယမအသင်းများနှင့် အသင်းသားများကိုလည်း Sustainable Development ဖြစ်အောင် ဆောင်ရွက်သွားရန် လျာထားပါသည်။

**တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

စာမျက်နှာ ၃ သို့

စာမျက်နှာ ၂ မှ



# အသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) လုပ်ငန်း၏ ရည်ရွယ်ချက်

ပြည်သူများ ပြင်ပမှ အတိုးကြီးပေး၍ ငွေချေးနေရမှု လတ်တလောသက်သာစေရန် နောင် (၄/၅) နှစ် ကြာသည့်အခါတွင် ပြင်ပမှ ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေးဖြင့် မိမိဘာသာ ရပ်တည်လာနိုင်စေရန် (Self Reliance) နှင့် ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အခြေအနေသို့ရောက်ရှိစေရန် မျှော်မှန်းဆောင်ရွက်နေခြင်း ဖြစ်ပါသည်။



## သမဝါယမအသင်းအဖြစ် ဖွဲ့စည်းပေးခြင်း

- ➢ သတ်မှတ်သည့် အစုငွေကို ထည့်ဝင်စေခြင်း၊
- ➢ စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူအသင်းသားအချင်းချင်း အနည်းဆုံး (၅) ဦးမှ အများဆုံး (၁၀) ဦးထိ ပါဝင်သော ဝိုင်းကြီးချုပ်အဖွဲ့များ ဖွဲ့စည်းပေးခြင်း၊
- ➢ ဝိုင်းကြီးချုပ်များပါဝင်သော သမဝါယမအသင်းအဖြစ် ဖွဲ့စည်းပေးခြင်း၊
- ➢ အသင်းသားများ၏ ဆန္ဒအရ ဒီမိုကရေစီနည်းဖြင့် အသင်းအမှုဆောင်များ ရွေးချယ်စေခြင်းနှင့် အသင်း စည်းကမ်းကို ရေးဆွဲပြုစုခြင်း၊

## ဝိုင်းကြီးချုပ်အဖွဲ့ဝင်များ လိုက်နာရမည့် စည်းကမ်း(၃)ချက်

(၁) အဖွဲ့ဝင်များကချေးငွေကို အလွဲသုံးစားမပြုစေရန် အချင်းချင်းထိန်းကျောင်းပေးခြင်း၊

(၂) ချေးယူရရှိသောငွေကို မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ အမှန်တကယ် ထိရောက်စွာအသုံးပြုစေရေး အဖွဲ့ဝင်အချင်းချင်း ထိန်းကျောင်းပေးခြင်း၊

(၃) သတ်မှတ်ကာလတွင် ချေးငွေနှင့် ဝန်ဆောင်စရိတ်အတိုးကို ပြန်လည်ပေးဆပ်ရန် အချင်းချင်းထိန်းကျောင်းခြင်း၊ အဖွဲ့ဝင်တစ်ဦးက ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ကျန်အဖွဲ့ဝင်များက တာဝန်ယူပေးဆပ်ရခြင်း။


## ဝန်ထမ်းများနှင့် အသင်းအမှုဆောင်များလိုက်နာရမည့် သံမဏိစည်းကမ်း (၂)ချက်

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့်သာ လုပ်ငန်းစရိတ်သုံးစွဲပြီး အခြေခံသမဝါယမ အသင်းထံမှသော်လည်းကောင်း၊ ငွေချေးယူကြသည့် အသင်းထံမှသော်လည်းကောင်း၊ တစ်စုံတစ်ရာငွေကြေး ဖြတ်တောက်ခြင်း မပြုရ။

(၂) ချေးငွေနောက်တစ်ကြိမ် ထုတ်ချေးသည့်အခါ အဆပ်ပြု၍ ပြန်လည်ထုတ်ချေးခြင်းမပြုရ၊ အမှန်တကယ် ပေးဆပ်ပြီးမှသာ ထပ်မံထုတ်ချေးရမည်။

## China EXIM Bank ချေးငွေ USD သန်း (၁၀၀) အပါအဝင် သမဝါယမအသင်းများက အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်း (၂၀၀၉၂၁.၂၀၅) အား အသင်းသားပြည်သူများသို့ ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်သည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်ပေါင်း | အသင်း/ကျေးရွာ | အသင်းသား | အစုငွေ(ကျပ်သန်း) | စုဆောင်းငွေ(ကျပ်သန်း) | ထုတ်ချေးငွေ(ကျပ်သန်း) |
|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီ | ၈ | ၅၀၆ | ၆၀၇၆၈ | ၃၂၇.၈၆၂ | ၁၄၄၄.၂၄၄ | ၃၅၉၁.၆၂၀ |
| ၂ | ကချင် | ၁၁ | ၃၉၂ | ၂၅၅၂၁ | ၃၂၂.၃၂၁ | ၁၈၂၁.၈၃၀ | ၃၄၅၁.၀၉၈ |
| ၃ | ကယား | ၆ | ၁၄၆ | ၁၃၇၇၄ | ၆၅.၉၂၃ | ၄၅၉.၇၆၃ | ၁၈၂၅.၈၄၆ |
| ၄ | ကရင် | ၇ | ၃၀၉ | ၁၇၈၈၅ | ၁၃၃.၂၅၆ | ၈၁၀.၂၈၅ | ၁၆၇၀.၅၂၃ |
| ၅ | ချင်း | ၉ | ၂၇၅ | ၁၃၅၁၂ | ၉၉.၄၄၇ | ၄၇၄.၉၈၁ | ၁၃၀၃.၂၄၄ |
| ၆ | စစ်ကိုင်း | ၃၅ | ၅၃၀၇ | ၃၃၀၅၉၂ | ၁၉၃၅.၄၁၉ | ၆၀၈၆.၃၉၈ | ၃၂၈၃၉.၁၉၃ |
| ၇ | တနင်္သာရီ | ၁၀ | ၁၀၇ | ၁၄၇၇၇ | ၁၀၇.၂၄၇ | ၁၂၆၂.၈၀၂ | ၂၃၃၀.၄၄၄ |
| ၈ | ပဲခူး | ၂၈ | ၃၉၂၀ | ၂၅၁၂၅၆ | ၁၃၄၉.၃၃၁ | ၄၅၁၁.၀၇၇ | ၂၆၁၅၂.၁၆၂ |
| ၉ | မကွေး | ၂၅ | ၂၁၆၇ | ၁၅၈၉၁၂ | ၁၁၂၅.၅၈၈ | ၃၄၉၃.၆၅၆ | ၁၆၃၇၁.၆၆၀ |
| ၁၀ | မန္တလေး | ၂၈ | ၃၁၁၀ | ၄၁၄၃၈၂ | ၂၂၆၈.၈၅၂ | ၈၇၁၄.၉၄၀ | ၄၀၉၇၅.၀၉၂ |
| ၁၁ | မွန် | ၁၀ | ၄၀၇ | ၃၃၁၆၀ | ၂၇၈.၆၁၈ | ၁၈၄၈.၁၈၈ | ၅၂၃၈.၅၀၀ |
| ၁၂ | ရခိုင် | ၁၇ | ၄၉၂ | ၂၉၂၅၈ | ၃၁၀.၈၁၃ | ၁၅၄၅.၅၁၉ | ၂၃၅၂.၉၀၄ |
| ၁၃ | ရန်ကုန် | ၄၄ | ၁၂၅၀ | ၁၆၈၆၉၉ | ၇၉၂.၄၇၆ | ၅၄၃၁.၅၃၈ | ၁၅၁၃၃.၁၆၉ |
| ၁၄ | ရှမ်း | ၄၃ | ၁၅၀၂ | ၁၃၂၅၂၄ | ၁၈၀၉.၂၈၉ | ၁၀၀၃၅.၇၁၆ | ၁၉၃၉၅.၈၂၅ |
| ၁၅ | ဧရာဝတီ | ၂၆ | ၃၂၁၂ | ၂၈၄၄၃၀ | ၁၅၅၀.၇၃၀ | ၈၈၈၆.၂၆၁ | ၂၈၂၈၉.၉၂၅ |
| | စုစုပေါင်း | ၃၀၇ | ၂၃၁၀၂ | ၁၉၄၉၄၅၀ | ၁၂၄၇၇.၁၇၂ | ၅၆၈၂၇.၁၉၈ | ၂၀၀၉၂၁.၂၀၅ |





နှစ်အလိုက်အသင်းအရေအတွက်နှင့်ချေးငွေ တိုးတက်ဆောင်ရွက်ပေးနိုင်မှုအခြေပြဂရပ်

## အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကြောင့် တစ်လလျှင်အတိုး ကျပ်သန်း (၁၆၃၆၆.၂၄) သက်သာလျက်ရှိ

ယနေ့သမဝါယမက ဖော်ဆောင်ပေးလျက်ရှိသော အသေးစားအရင်းအနှီးချေးငွေ (Microfinance) လုပ်ငန်းဖြင့် ပြည်သူများသို့ ကျပ်ဘီလီယံ (၂၀၀) ကျော် ထုတ်ချေးထားပြီးဖြစ်ပါသည်။ ယင်းသို့ ထုတ်ချေးရာတွင် ကျပ် (၁၂၉၇၁၄. ၇၀၅) သန်းအား အတိုးနှုန်း ဝိ - ၅ဝါး ဖြင့်လည်းကောင်း၊ ကျပ် ( ၇၁၂၀၆. ၅၀၀ ) သန်းအား အတိုးနှုန်း ၂ိ - ၅ဝါး ဖြင့်လည်းကောင်း ထုတ်ချေးထားခြင်းဖြစ်ပါသည်။ ထိုချေးငွေပမာဏသည် မိသားစုတစ်စုချင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်လုပ်ငန်းများတွင် မဖြစ်မနေလိုအပ်ငွေများဖြစ်၍ သမဝါယမမှ ထုတ်မချေးပါကလည်း ပြည်သူများအနေဖြင့် မရပ်တည်နိုင်ဘဲ ချေးငွေရရှိနိုင်သည့် ငွေရှင်၊ ကြေးရှင်များထံမှ ချေးယူကြရမည်ဖြစ်ပါသည်။ ထိုသို့ချေးယူရပါက ပြင်ပတွင် ရွှေပေါင်၊ အိမ်ပေါင်၊ မြေပေါင်ထားလျှင် အတိုးနှုန်း ၅/- တိုး အထိချေးယူရပြီး အပေါင်မထားပါက ၁၀/- တိုးမှစ၍ ၂၀/- တိုး၊ ၂၅/- တိုးအထိ အတိုးကြီးပေးကာ ချေးယူရသဖြင့် ရွှေ၊ အိမ်၊ ခြံ၊ မြေများ ဆုံးရှုံးကာ ဆင်းရဲဒုက္ခရောက်လျက်ရှိကြောင်း နေ့စဉ်တွေ့မြင်ကြားသိနိုင်ပါသည်။ ချေးငွေကျပ်ဘီလီယံ (၂၀၀) ကို ပြင်ပအတိုးနှုန်း ပျမ်းမျှ ၁၀/- အတိုးနှုန်းနှင့်တွက်လျှင်ပင် ပြည်သူများက ငွေရှင်၊ ကြေးရှင်များသို့ တစ်လအတိုး ကျပ်သန်း (၂၀၀၉၂ . ၁၂ ) ပေးရပါမည်။ သမဝါယမက (ဝိ-၅ဝါး/၂ိ - ၅ဝါး ) အတိုးနှုန်းဖြစ်၍ သမဝါယမသို့ တစ်လပေးရမည့် အတိုးငွေမှာ ကျပ်သန်း ( ၃၇၂၅. ၈၈ ) သာဖြစ်ပါသည်။ သို့ပါ၍ ပြည်သူများအနေဖြင့် လစဉ် အတိုးကျပ်သန်း (၁၆၃၆၆. ၂၄ ) ကျော် သက်သာလျက်ရှိကြောင်း အောက်ပါဇယားအရ သိရှိရပါသည် -

| စဉ် | အကြောင်းအရာ | အသင်း | အသင်းသား | ထုတ်ချေးငွေ (ကျပ်သန်း) | အတိုး(၁လစာ) (ကျပ်သန်း) | | |
|---|---|---|---|---|---|---|---|
| | | | | | ၁၀ကျပ်တိုး | ၁.၅/၂.၅ကျပ်တိုး | သက်သာမှု |
| ၁ | ၁.၅ ကျပ်တိုး | ၁၈၉၉၆ | ၁၃၉၉၆၈၀ | ၁၂၉၇၁၄.၇၀၅ | ၁၂၉၇၁.၄၇၁ | ၁၉၄၅.၇၂၁ | ၁၁၀၂၅.၇၅၀ |
| ၂ | ၂.၅ ကျပ်တိုး | ၄၁၀၆ | ၅၄၉၇၇၀ | ၇၁၂၀၆.၅၀၀ | ၇၁၂၀.၆၅၀ | ၁၇၈၀.၁၆၃ | ၅၃၄၀.၄၈၈ |
| | စုစုပေါင်း | ၂၃၁၀၂ | ၁၉၄၉၄၅၀ | ၂၀၀၉၂၁.၂၁ | ၂၀၀၉၂.၁၂ | ၃၇၂၅.၈၈ | ၁၆၃၆၆.၂၄ |




ချေးငွေကျပ်ဘီလီယံ (၂၀၀)တွင် သမဝါယမနှင့် ပြင်ပ တစ်လအတိုးကျသင့်ငွေ ကွာခြားမှုပြဂရပ်

တစ်လလျှင် (၁၆၃၆၆. ၂၄) သန်း၊ (၁) နှစ်လျှင် ( ၁၉၆၃၉၄. ၈၈ ) ကျပ်သန်း အတိုးသက်သာမည်ဖြစ်၍ ၎င်းငွေများကို ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားမိမိတို့၏ လူမှုလုပ်ငန်းများတွင် အသုံးပြုကြခြင်းဖြင့် မဝေးတော့သည့် အနာဂတ်တွင် ကျေးလက်ဒေသများ ဆင်းရဲမှုလျော့ကျလာနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝအမှန်ပင်မြင့်တက်လာမည်ဖြစ်ပေသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါးများ ပြည်တွင်းသတင်းနှင့်ဆောင်းပါးများ ပြည်တွင်းသတင်းနှင့်ဆောင်းပါးများ

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် အခွန်တိုးမြှင့်ကောက်ခံမည်

**နေပြည်တော်　ဒီဇင်ဘာ　၁၄**

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ် လျှော့ကျနိုင်ရေးအတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအခွန်ကောက်ခံခြင်းဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုများပြားလာသည့် အခြေအနေများကို စီးကရက်စျေးနှုန်း ၁၀ ရာခိုင်နှုန်း တိုးမြှင့်လိုက်ခြင်းဖြင့် စီးကရက်ဝယ်ယူသောက်သုံးမှု ၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ လျှော့ကျစေနိုင်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်ကထုတ်ဝေခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာ့ဆေးရွက်ကြီးကပ်ရောဂါ အစီရင်ခံစာတွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် အခွန်တိုးမြှင့်ကောက်ခံရန် အကြံပြုထားသည်။

"မြန်မာနိုင်ငံဟာ ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှာ အတည်ပြုလက်မှတ်ထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၁ ရက်မှာ အဖွဲ့ဝင်နိုင်ငံဖြစ်လာပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၂၄ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၆ ခုနှစ် ထုတ်ပြန်ခဲ့တဲ့ဥပဒေမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အခွန်တိုးမြှင့်ကောက်ခံဖို့ ဖော်ပြထားခြင်းမရှိသေးပါဘူး။ ကွန်ဗင်းရှင်းမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း အခွန်အကောက်ဆိုင်ရာ မူဝါဒများရေးဆွဲပြဋ္ဌာန်း ကျင့်သုံးဖို့နဲ့ ဆေးလိပ်သောက်သုံးမှုလျှော့ချရေးဆိုင်ရာ ကျန်းမာရေးရည်မှန်းချက်များနှင့်အညီ ဆေးရွက်ကြီးထွက်ပစ္စည်းအပေါ် စျေးနှုန်းမူဝါဒ သတ်မှတ်ပြဋ္ဌာန်းနိုင်ဖို့၊ ဒါ့ပြင် အကောက်အခွန်လွတ် ဆေးရွက်ကြီးထွက်ပစ္စည်းများ နိုင်ငံတကာခရီးသည်များသို့ ရောင်းချခြင်း သို့မဟုတ် ခရီးသည်များက တင်သွင်းလာတာကို တားမြစ်ကန့်သတ်ဖို့အတွက် ဆောင်ရွက်သွားကြရမှာပါ" ဟု ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က နှီးနှောဖလှယ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

"မြန်မာနိုင်ငံမှာ လူမှုစီးပွားရေးနဲ့ လူနေမှုပုံစံ (life-style) ပြောင်းလဲလာပါတယ်။ ပြောင်းလဲမှုတွေကြောင့် ကြီးထွားလာတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုတွေ၊ အရက်နှင့် ဆေးလိပ်သောက်သုံးမှု၊ ယာဉ်အန္တရာယ်နဲ့ ကျန်းမာရေး ပြဿနာများကိုထိန်းချုပ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးပြဿနာများထဲမှာ အဓိကကတော့ တစ်ကမ္ဘာလုံးအနေနဲ့လည်း နှစ်စဉ် လူငါးသန်း သေဆုံးစေတဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုကြောင့်ပါ" ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက "များပြားလာတဲ့ ကင်ဆာရောဂါဖြစ်ပွား သေဆုံးမှုတွေရဲ့ အဓိကတရားခံက ဆေးရွက်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်များ သုံးစွဲခြင်းကြောင့်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ကင်ဆာကြောင့် သေဆုံးမှုတွေဟာ ၈ ဒသမ ၂ သန်းကနေ ၁၃ သန်းထိ များပြားလာလိမ့်မယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကင်ဆာရောဂါ သုတေသနအေဂျင်စီက ဖော်ပြထားပါတယ်။ ဆေးလိပ်နဲ့ဆေးရွက်ကြီး ထွက်ပစ္စည်းများသုံးစွဲခြင်း လျှော့ကျဖို့အတွက် အခွန်ကောက်ခံမှုတွေကို နိုင်ငံအလိုက်၊ ဒေသအလိုက် အမျိုးမျိုးတွေ့ရှိရပါတယ်။ များသောအားဖြင့် ဆေးလိပ်အခွန်ကို ရောင်းချတဲ့တန်ဖိုးအပေါ် ကောက်ခံတဲ့အခွန်ရယ် အရေအတွက်နဲ့ အမျိုးအစားအပေါ် ကောက်ခံတဲ့အခွန်ရယ် ဆိုပြီး ကောက်ခံတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီလိုအခွန်တွေကို လက်ရှိရောင်းစျေးရဲ့ ၇၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံခြင်းဖြင့် ဆေးလိပ်သောက်သုံးမှု လျှော့ကျသွားသလို ရောဂါဖြစ်ပွားသေဆုံးမှုတွေလည်း လျှော့ကျသွားမယ်လို့ လေ့လာတွေ့ရှိရပါတယ်"ဟု ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ရုရှစင်တာ ဖွင့်လှစ်မည်

**ရန်ကုန်　ဒီဇင်ဘာ　၁၄**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ရုရှဘာသာဌာန၏ သင်ကြားမှုတိုးတက်ရေးနှင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေးကို အထောက်အကူဖြစ်စေရန် ရုရှစင်တာကို လာမည့်နှစ်အတွင်း ဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါ စင်တာဖွင့်လှစ်ရန် ရုရှနိုင်ငံရှိ ရူစကီးမီရ်ဖောင်ဒေးရှင်းနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကို ဒီဇင်ဘာ ၁၂ ရက်က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ရုရှဘာသာစကားလေ့လာရေးကို အထောက်အကူဖြစ်စေနိုင်မည့် စာအုပ်စာတမ်းများ၊ အီလက်ထရွန်နစ်ပုံစံနှင့် စာအုပ်ပုံစံ စာပေလက်ရာများ၊ အနုပညာသမိုင်းဆိုင်ရာ စာအုပ်နှင့် ရည်ညွှန်းစာအုပ်များ၊လက်စွဲစာအုပ်များ၊ ဖတ်စာအုပ်များနှင့် အီလက်ထရွန်နစ်ဆိုင်ရာ အရင်းအမြစ်များ၊ ဓါတ်ခွဲခန်းသုံးဆိုင်ရာ စက်ကိရိယာများ စသည့်သင်ထောက်ကူပစ္စည်းများ ပါဝင်မည်ဖြစ်သည်။

"ရုရှဘာသာစကား လေ့လာလိုက်စားမှု အရင်ကထက်ထွန်းကားလာမှာဖြစ်ပြီး သင်ကြားရေးသင်ယူရေးတွေကို အထောက်အကူပြုတဲ့အတွက် ပိုမိုအကျိုးဖြစ်ထွန်းလာစေမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်လွင်လွင်စိုးက ပြောသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကို ၁၉၆၄ ခုနှစ်တွင် Institute of Foreign Languages နိုင်ငံခြားဘာသာသိပ္ပံဟူ၍ စတင်တည်ထောင်ခဲ့သည်။ နှစ်နှစ်အကြာတွင် ဂျာမန်၊ ပြင်သစ်၊ ဂျပန်၊ ရုရှ လေးဘာသာ စတင်သင်ကြားပေးခဲ့သည်။ ၁၉၉၆ ခုနစ်တွင် တက္ကသိုလ်အဆင့်တိုးမြှင့်ခဲ့ပြီး ယခုအချိန်တွင် ဂျပန်၊ တရုတ်၊မြန်မာ၊ ထိုင်း၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမန်၊ ရုရှားနှင့် အင်္ဂလိပ် ဘာသာစကားကြီး ကိုးခုကို သင်ကြားပို့ချလျက်ရှိသည်။ရုရှဘာသာစကားသင်ယူနေသော ကျောင်းသား ကျောင်းသူ ၂၅၀ ခန့်ရှိပြီး ယခု ၂၀၁၄-၁၅ ပညာသင်နှစ်အတွက် ရုရှားဘာသာ တက်ရောက်ရန် ကျောင်းသား ကျောင်းသူ ၁၀၀ ဝန်းကျင်ခန့် ဝင်ခွင့်ရထားသည်။

**နန္ဒာဝင်း**











## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၂၊ မြေကွက်အမှတ် ၅၄ မြေကွက်ရရှိထားသူ ဦးစိုးမြင့် ၁၂/ရကန(နိုင်)၀၃၂၅၉၁ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၇)**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၂၊ မြေကွက်အမှတ် ၁၈၇ မြေအမည်ပေါက် ဦးစိုးအောင် L/RGN 123770 က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# မြန်မာ့အလင်း

ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်။ တနင်္လာနေ့

**Advertisement**


**မောင်းမကန်**

**အိမ်၊ ခြံ၊ မြေ**

ဒဂုံမြို့သစ်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၅၀၉၂၈၁၅၊ ၀၉-၄၃၀၂၅၅၃၀

**Air-Con**

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။

ကိုမောင်မောင်တင်

**ဖုန်း-၀၉-၇၃၀၉၅၉၅၀၊ ၀၉-၂၅၄၀၇၇၀၇၅**

---

**ပြည်ထဲရေးဝန်ကြီးဌာန**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ချင်းပြည်နယ်၊ ဟားခါးမြို့**

## ရုံးသုံးယာဉ်ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ မော်တော်ယာဉ် (၂၉)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) Land Cruiser (၁)စီး (Model, 2010 ခုနှစ်အထက်)-၁၃၃ သန်း

(ခ) Prado (၁)စီး (Model, 2010 ခုနှစ်အထက်) -၈၇.၅သန်း

(ဂ) Extra Cab (၂၇)စီး (Model, 2005 ခုနှစ်အထက်)-၈၁၀ သန်း

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၅-၁၂-၂၀၁၄ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။အိတ်ဖွင့်တင်ဒါများကို ၁၄-၁-၂၀၁၅ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၀-၂၂၃၆၃ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဟားခါးမြို့**

---

## ချစ်သားလေးရီထွန်းမျိုး၏ မွေးနေ့ဆုတောင်း

ချစ်တီတီ၊ ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ အချစ်ဆုံးသားလေး ရီထွန်းမျိုး၏ ၁၅-၁၂-၂၀၁၄ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ နှောင်နှစ်ပေါင်းရာကျော်သည့်တိုင် အသက်ရာကျော်ရှည်၍ ချမ်းမြေ့သာယာခြင်း၊ ရှင်းသန့်ဖြူစင်ခြင်း၊ ဉာဏ်ရည်ထူးချွန်ထက်မြက်ခြင်းနှင့် အောင်မြင်မှုများဖြင့် ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်သော တတ်သိလိမ္မာသော သားကောင်းသားမြတ်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

| | | |
|---|---|---|
| **ချစ်တီတီ** | - | ဒေါ်အေးအေးမူ (ခေတ္တ၊ ဂျပန်နိုင်ငံ) |
| **ချစ်ဖေဖေ** | - | ဦးထွန်းထွန်းဦး (ဒုတိယညွှန်ကြားရေးမှူး) |
| | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| **ချစ်မေမေ** | - | ဒေါ်ငွေးငွေးရီ |
| **ချစ်မမများ** | - | မကြီး၊ မသူ၊ အူဝဲ |

---

## အများသိစေရန်ကြေညာချက်

ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)အတွင်းရှိ လမ်းများကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် စက်မှုလုပ်ငန်းရှင်များ၏ အများထည့်ဝင်ငွေများ ကွန်ကရစ်လမ်းများ ခင်းလျက်ရှိပါသည်။

သို့အတွက် ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)အတွင်း ဝင်ထွက်သွားလာနေကြသည့် မော်တော်ယာဉ်များ၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များ အားလုံးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ သတ်မှတ်နှုန်းထားဖြင့် လမ်းဝင်/ထွက်ကြေးများ ကောက်ခံမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စီမံခန့်ခွဲရေးကော်မတီ**

**ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)**

---

## အလှူငွေများထည့်ဝင်နိုင်ရေးနှိုးဆော်ခြင်း

၂၀၁၄ခုနှစ် ဒီဇင်ဘာ၂၂ရက်၊ စိုက်ပျိုးရေးတက္ကသိုလ်၏ နှစ် (၉၀)ပြည့် နဝရတ်ရတုသဘင် အထိမ်းအမှတ်အခမ်းအနားနှင့် (၁၆)ကြိမ်မြောက် အငြိမ်းစား ဆရာကြီးဆရာမကြီးများ ပူဇော်ကန်တော့ပွဲအတွက် ဒေါက်တာချိုချိုစံ ၁၂/ကမန(နိုင်)၀၃၂၉၁၄၊ KBZ Bank Account 0651-122000-3737 ပျဉ်းမနားမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း**

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

---

## M.E.H.S, အထက (၁) ဒဂုံကျောင်းသား ကျောင်းသူဟောင်းများ (၁၉၅၄-၁၉၈၀)၏ (၁၈)ကြိမ်မြောက်

## အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၇ရက် (စနေနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၉:၀၀နာရီ |
| **ကျင်းပမည့်နေရာ** | - | အထက (၁)ဒဂုံ၊ ဒဂုံသီရိခန်းမ |
| **ဆက်သွယ်ရန်ဖုန်း** | - | Albert (09-5008750) Henry Lee (09-5009093) |
| | | Ruby (09-5094665) Selwyn (09-31589886) |
| | | Tin May Lwin (09-73242986) Peggy (09-5068564) |
| | | ထူးအောင်ကြီး (09-254193144) |
| | | ဝေမာဝင်း (09-73201267) |
| | | စန်းစန်း (09-5017196) မြတ်စိုးဝင်း (09-5126775) |
| | | သီရိမာ (09-5021241) အေးအေး (09-5063840) |
| | | Evening Session (Reunion Dinner) |
| **Date & Time** | : | 17th January, 2015 (Saturday) 6:00 Pm onwards |
| **Venue** | : | Royal Garden Restaurant |
| | | Kandawgyi Park, Nat Mauk Road, Yangon. |
| **Price** | | 30000/- Perticket |

---

## သက်ကြီးပူဇော်ပွဲအတွက်ဆက်သွယ်ရန်

(၃၅)ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာသွားဘက်ဆိုင်ရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းတို့၏(၁၆)ကြိမ်မြောက် ပူးတွဲအစည်းအဝေးကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၇ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ပါသည်။ ညီလာခံနှင့်အတူ ၇-၁-၂၀၁၅ ရက် နံနက် ၉နာရီတွင် သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်သော သက်ကြီးသွားနှင့်ခံတွင်း ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများသည် အောက်ပါဖုန်းနံပါတ်များကို ၂၄-၁၂-၂၀၁၄ ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပါရန် လေးစားစွာ အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

**ဒေါက်တာစိန်ရွှေ ဖုန်း-၀၉-၅၀၀၇၅၀၃**

**ဒေါက်တာခင်မောင်လေး ဖုန်း-၀၉-၅၁၁၅၆၃၆**

**ဒေါက်တာဝင်းဇော်ဖုန်း ဖုန်း-၀၉-၂၀၂၄၂၁၉**

---

## မြေရောင်းရန်။ 50' × 60'

- ဆပ်သွားတော၊ မော်ဘီ (50' × 60')၊ ကျပ် ၂၁၅ သိန်း။
- ပြည်လမ်းမ၊ အထက (၂)စမ်းချောင်းဘေး (၀ဒသမ၃၉ကေ) သိန်းခြောက်သောင်းခွဲ
- ပုဂံ ၅ကေ

ဖုန်း-၀၉-၄၂၃၆၆၀၆၀၂၊ ၀၉-၇၉၅၃၅၉၂၀၆

---

## နှစ်(၉၀) ပြည့် နဝရတ်ရတုသဘင်နှင့် (၁၆)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကန်တော့ပွဲအခမ်းအနားနှင့် AUAA ၏ အစီအစဉ်များ

| စဉ် | နေ့ရက် | အစီအစဉ် | နေရာ | အချိန် |
|---|---|---|---|---|
| ၁။ | ၂၃-၁၂-၂၀၁၄မှ ၂၄-၁၂-၂၀၁၄ | စိုက်ပျိုးရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ | Auditorium YAU | နံနက် ၈:၀၀နာရီ |
| ၂။ | ၂၇-၁၂-၂၀၁၄(စနေ) | ကွယ်လွန်သွားသောဆရာကြီးဆရာမကြီးများနှင့်ဘွဲ့ရကျောင်းသား၊ကျောင်းသူဟောင်းများအားရည်စူး၍ အရဟန်ဆွမ်းကပ်လှူဒါန်းခြင်း | စိန်ရတုခမ္မာရုံ YAU | နံနက် ၆:၀၀နာရီ |
| ၃။ | ၂၇-၁၂-၂၀၁၄(စနေ) | နှစ်(၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ်အခမ်းအနား | ဘွဲ့နှင်းသဘင်ခန်းမ YAU | နံနက် ၉:၀၀နာရီ |
| ၄။ | ၂၇-၁၂-၂၀၁၄(စနေ) | AUAA အသင်းနှစ်ပတ်လည်အစည်းအဝေး | စိန်ရတုခန်းမ၊ YAU | နံနက် ၁၀:၃၀နာရီ |
| ၅။ | ၂၇-၁၂-၂၀၁၄(စနေ) | မျိုးဆက်သစ် မျိုးဆက်ဟောင်းကျောင်းသားများ၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့်ဘက်စကတ်ဘော ပြိုင်ပွဲများကျင်းပခြင်း | အားကစားကွင်း၊ YAU | ညနေ ၄:၀၀နာရီ |
| ၆။ | ၂၇-၁၂-၂၀၁၄(စနေ) | တေးဂီတစင်တင်ဖျော်ဖြေပွဲ | ဘွဲ့နှင်းသဘင်အဓိပတိရင်ပြင် YAU | ည ၆:၀၀နာရီ |
| ၇။ | ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေ) | (၁၆)ကြိမ်မြောက် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်း | စိန်ရတုခမ္မာရုံ YAU | နံနက် ၈:၀၀နာရီ |
| ၈။ | ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေ) | ဆရာကြီး ဆရာမကြီးများအားဂုဏ်ပြုညစာစားပွဲ | ဘွဲ့နှင်းသဘင်အဓိပတိရင်ပြင် YAU | ည ၆:၀၀နာရီ |
| ၉။ | ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေ) | အငြိမ်းစားဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ | ပတ္တမြားခန်းမ YAU | မွန်းလွဲ ၂:၀၀နာရီ |
| ၁၀။ | ၂၉-၁၂-၂၀၁၄ (တနင်္လာ) | နေရပ်သို့ပြန်လည်ထွက်ခွာခြင်း | Guest house YAU | နံနက် ၈:၀၀နာရီခန့် |

---

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ ဂုဏ်ရည်လမ်း၊ မြောက်ဘက်ခြမ်းရှိ ရွှေမြယာ(၂) အဆင့်မြင့်အိမ်ရာစီမံကိန်းမှ အောက်ဖော်ပြပါ တိုက်ခန်းများအား လက်ရှိဒေသပေါက်ဈေးအတိုင်း ကြိုတင်ရောင်းချပေးရန်ရှိပါသဖြင့် ဝယ်ယူလိုသူများအနေဖြင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ မြေညီထပ်တွင် လျှောက်လွှာများအား ၁၆-၁၂-၂၀၁၄ ရက်မှ ၁၅-၁-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ၁၀:၀၀နာရီမှ မွန်းလွဲ ၂:၀၀နာရီအတွင်း လျှောက်ထားနိုင်ပါသည်-

(က) Building-A ဓာတ်လှေကား နှစ်စင်းပါသော Basement + ရှစ်ထပ် အဆောက်အအုံ

- Basement - အများသုံး Carparking
- ပထမထပ်မှ သတ္တမထပ်အထိ - ၂၂၀၃ စတုရန်းပေရှိ အခန်း ၂၈ ခန်း

(ခ) Building-B ဓာတ်လှေကား နှစ်စင်းပါသော Basement + ကိုးထပ်အဆောက်အအုံ

- Basement - အများသုံး Carparking
- မြေညီထပ် - အများသုံး Carparking
- ပထမထပ်မှ အဋ္ဌမထပ်အထိ - ၂၆၈၃.၅ စတုရန်းပေရှိ အခန်း ၄၈ ခန်း

၂။ အထက်ပါတိုက်ခန်း ၇၆ ခန်းအား အမှန်တကယ်နေထိုင်မည့်သူမှ ဝယ်ယူလျှောက်ထားနိုင် ပြီး တိုက်ခန်းများအား မဲဖောက်ရောင်းချသွားမည်ဖြစ်ပါသည်။ တိုက်ခန်းမှာ ဓာတ်လှေကား ပါဝင်သဖြင့် သတ်မှတ်ဈေးနှုန်းတူညီ၍ အထပ်အနိမ့်အမြင့်အလိုက် ရွေးချယ်မှုမပြုဘဲ မဲပေါက်သည့်တိုက်ခန်းအား ဝယ်ယူရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း တိုက်ခန်းဖိုးငွေအကျေပေးသွင်းနိုင်သူဖြစ်ရမည်ဖြစ်ပြီး ပေးသွင်းခြင်းမရှိပါက တိုက်ခန်းဝယ်ယူခွင့်ကို ပယ်ဖျက်ပြီး အခြားဝယ်ယူမည့်သူတစ်ဦးသို့ ဆက်လက်ရောင်းချသွားမည်ဖြစ်ပါသည်။ အဆောက်အအုံ များမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ၁၀ ထပ်ရုံး၊ ရှစ်လွှာ၊ ဖုန်း-၀၁-၃၇၄၃၆၆သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ လျှောက်လွှာနမူနာပုံစံနှင့် ငွေပေးချေမှုစနစ်အား ၁၀ ထပ်ရုံး၊ မြေညီထပ် ကြော်ငြာဘုတ်တွင် ကပ်ထားပေးပါမည်။

**ဌာနမှူး**

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

---

# အထူးကျေးဇူးတင်ရှိခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်တက္ကသိုလ်၌ နိုဝင်ဘာ၃၀ရက်နှင့် ဒီဇင်ဘာ ၁ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သော ဘွဲ့နှင်းသဘင်အဆောက်အအုံသစ်ဖွင့်ပွဲ၊ ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံတက္ကသိုလ် University of Tsukuba တို့၏ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲနှင့် ပထမအကြိမ် မြန်မာ-ဂျပန် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားအတွက် နိုဝင်ဘာ ၂၄ ရက်တွင် ကြွရောက်၍ လမ်းညွှန်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၊ အခမ်းအနားနေ့ရက်များတွင် တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုပညာရေးဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စာတမ်းဖတ်ကြားပေးခဲ့ကြသော ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနများအောက်ရှိ ပညာရှင်များနှင့် ဂျပန်နိုင်ငံ တက္ကသိုလ်များမှ ပညာရှင်များ၊ ဤပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အရှေ့ဦးဆောက်လုပ်ရေးကုမ္ပဏီ၊ ရွှေဗိမ္မာန် ဆောက်လုပ်ရေးကုမ္ပဏီ၊ စံမိသားစုဆောက်လုပ်ရေးကုမ္ပဏီ၊ ငွေထီးဓာတ်ပုံလုပ်ငန်း(ပုသိမ်)၊ ပုသိမ် တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအားလုံးကို အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးမော်ကွန်းတင်အပ်ပါကြောင်း။

**ပုသိမ်တက္ကသိုလ်**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ






## မုံရွာမြို့ အစိုးရစက်မှုလက်မှုသိပ္ပံနှင့်နည်းပညာ ကောလိပ်ကျောင်းသား/သူဟောင်းများ၏ ၁၁ ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

မုံရွာမြို့ အစိုးရစက်မှုလက်မှု သိပ္ပံနှင့်နည်းပညာကောလိပ် ကျောင်းသား/သူ ဟောင်းများ၏ ၁၁ ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ကျောင်းသား/သူဟောင်း သူငယ်ချင်းများအားလုံး အတူတကွ ပူဇော်ကန်တော့နိုင်ရန်နှင့် မိတ်ဆုံစားပွဲတက်ရောက်နိုင်ရန် အချိန်မီ နှိုးဆော်တိုက်တွန်းဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲနေ့ရက် – ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း (၆)ရက် ၂၆.၁၂.၂၀၁၄ (သောကြာနေ့)
အချိန်နှင့်နေရာ – ညနေ(၆း၀၀)နာရီ၊ မြစ္ဆာခန်းမ၊ မုံရွာမြို့။
မိတ်ဆုံစားပွဲနေ့ရက် – ၂၆.၁၂.၂၀၁၄
အချိန်နှင့်နေရာ – ညနေ(၆း၀၀)နာရီ မှ ည (၁၁း၀၀)နာရီထိ မြစ္ဆာခန်းမ၊ မုံရွာမြို့။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ



## GTC/GTU ကျောင်းသားများနှင့် Physics Major(ရူပဗေဒဘာသာရပ်)ဘွဲ့ရများအတွက် Solar Photovoltaic (PV) System (ဆိုလာအသုံးချလျှပ်စစ်စွမ်းအင်စနစ်) အခြေခံသင်တန်း

(ပ) သင်တန်းကြေး – ...
(ဆ) သင်တန်းဖွင့်လှစ်မည့်နေ့ရက် – ...
(ဃ) သင်တန်းဖွင့်လှစ်မည့်နေရာ – ...
(င) သင်ကြားမည့်ဆရာများ – ... M.Sc, B.Sc. Physics, Diploma in apply Physics (D.A.P Electronic)
– ... Ph.D (Renewable Energy) Naresuan University, Thailand



## မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

အင်းဝ



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6122 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)



Quality Products UPT Serving People

အမျိုးသားစေတနာရှင်ကြီး

## ဦးဖေသိန်း

B. Sc. Engg. Electrical

ရုပ်ကွက်ကျေးရွာစက်ရုံသုံး ထရန်(စ)ဖေါ်မာကြီးများထုတ်လုပ်ရောင်းချနေတာ ၁၄ နှစ်ရှိခဲ့ပါပြီ။ သင်္ဘော(စ)လုံးကျိုင်လောင်ပြီးပြန်လာတာမရှိသေးပါဘူး။ 6.6/0.4 KV, 11KV/ 0.4 KV, 33/0.4KV အရွယ်စုံထုတ်လုပ်နေပါတယ်။ ရောင်းချတဲ့အလုံးတိုင်း အင်အားပြည့်ထွက်ရှိကြောင်း ဝယ်ယူသူရှေ့မှာ နာရီများစွာ စမ်းပြပေးပါတယ်။ ၁၀%ဝန်ပိုပြီးလည်းစမ်းပြပါတယ်။ 50 KVA မှ 1500 KVA အတွင်း ပြုပြင်ပေးပါတယ်။ ထရန်(စ)ဖေါ်မာ အကြိမ်ကြိမ်လောင်တဲ့နေရာကိုကွင်းဆင်းလေ့လာပြီး ပြဿနာရဲ့အကြောင်းအရင်းကို စစ်ဆေးဖေါ်ထုတ်ပြုပြင်ပေးတယ်။

Tel. 01-561868, 577404, 374407



## 21 AD @ BILLBOARD ADVERTISING

ရန်ကုန် ... SAKURA ...
... TOLL GATE ...
www.21advertising.net
... TOLL GATE ... TOLL GATE

☎ 377093 ☎ 373036 09 73043672 09 73200189



## OXFORD MYANMAR MEDICAL COLLEGE



တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးသူများ HND Health & Social Care မှ ကိုယ်ရည်သွေးရာ ဆေးပညာ၊ ကျန်းမာရေးဆောင်ရွက်နိုင်ရန် ကျောင်းစတင်အပ်နှံနိုင်ပါပြီ။

ကျောင်းဝင်ခွင့်နှင့်ပတ်သက်သောအသေးစိတ်များကို ကျောင်းသားရေးရာဌာန၌ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁-၁-၂၀၁၅)တွင် စတင်သင်ကြားပါမည်။



## အမြန်ပြန်လာပါ

သားကျော်ဆန်းလင်း၊ သမီးသင်းသင်းလှိုင် ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မိခင်စိတ်ပူနေပါသည်။

ဦးသန်းညွန့်-ဒေါ်ကြည်ရွှေ



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၆၀၁၄၅ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင် ၈/မတန(နိုင်)၀၀၀၅၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်တွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သရက်)၊ သရက်မြို့

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်
ပညာနန်းတော်
အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း၊ အထူးအဆင့်မြင့်ဘော်ဒါ
ရွှေ နေ့ကျောင်းကြီး
မူလတန်း၊ အလယ်တန်း၊ အထက်တန်း

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

TOP TEN
VIP-1
Aircon

ဘော်ဒါကို ၈တန်း၊ ၉တန်း၊ ၁၀တန်းသာ လက်ခံပါသည်။

ရန်ကုန်မြို့အနီး ကျောင်းတည်ရှိသည် မြေအမှတ် 118 A/B VIP-1 ဖုန်း 01-577 605, 09 470 74649

မန်းရာဇာ
အသည်းအားဆေး

‘ထွန်း’ ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်အမှတ်-ကက-၁၃/၄၀/၁၀၂
အမှတ် 29(B-1) ... ရန်ကုန်တိုင်းဒေသကြီး။ Ph - 01 503607, 01 504012, 09 5141139, 09 5202597

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း ထိ
2015- 2016 ပညာသင်နှစ်အတွက် ကြိုတင်ကျောင်းအပ်လက်ခံပြီ။
အထက်တန်း ဘော်ဒါလက်ခံသည်။

Nature-Q10®
Coenzyme Q10-30mg
နှလုံးဆေး
FAME
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

Normosin®
Anti-hypertensive
သွေးတိုးကျဆေး
FAME
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## တိုက်ခန်းရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ၄၇ လမ်းထိပ်၊ ပထမထပ် ပေ(၁၅×၅၅)၊ အမြင့် ၁၄ပေ၊ ထပ်ခိုး (၅၀%)ရေမီး ကိုယ်ပိုင်၊ အရှုပ်အရှင်းကင်း။

ဖုန်း-၀၉-၃၀၀၆၃၁၄၁

### မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အလက(ခွဲ) နတ်တွင်း၊ ဆဋ္ဌမတန်းမှ မကြည်စင်သော်၏ မိဘအမည်မှန်မှာ ဦးဝင်းနိုင်-ဒေါ်ဝေမြင့် ဖြစ်ပါကြောင်း။

ဒေါ်ဝေမြင့် ၆/ရဖန(နိုင်)၀၀၇၀၃၆

အကောင်းဆုံးကိုရွေးချယ်အပ်နှံတတ်သောမိဘများကြောင့်
ကျောင်းသားအင်အားအများဆုံးနှင့်သင်ကြားမှုအကောင်းဆုံးပုဂ္ဂလိကတက္ကသိုလ်
VICTORIA UNIVERSITY COLLEGE
"၂၀၁၅ - ကျောင်းသား၊ ကျောင်းသူသစ်များကို ကြိုဆိုပါသည်။"

1. Civil Engineering
2. Electrical and Electronic Engineering
3. Mechanical Engineering
4. Mechatronic Engineering
5. Business (HR / Management / Finance / Marketing / Hotel & Tourism)
6. Computing
7. Health & Social Care (HND မှ MBBS)

- တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများသည် အထက်ဖော်ပြပါ ဘာသာရပ်များအနက် နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (Level 5 Degree) ရရှိရန် ၂ နှစ်ခွဲကြာ သင်ယူရမည်။
- Victoria University College မှ HND ရရှိသူတိုင်း B.E(Hons:), B.Sc (Hons:), B.A (Hons:)ဘွဲ့ကို ဗြိတိန်အခြေစိုက် University of Wolverhampton မှ မြန်မာနိုင်ငံ Victoria University College သို့ လာရောက်သင်ကြားမည့် Top Up Degree တန်းတွင် (၁)နှစ်သာ ဆက်လက်သင်ယူရမည်။ ယင်းတက္ကသိုလ်မှဘွဲ့ချီးမြှင့်မည်။
- University of Wolverhampton အပါအဝင် နိုင်ငံတကာ တက္ကသိုလ်များသို့သွားရောက်သင်ယူလိုလျှင်လည်း Victoria University College ကျောင်းသားတိုင်း အထူးအခွင့်အရေးရှိပါသည်။
- HND ရရှိပြီး MMB ဘွဲ့ရယူလိုသူများသည် (၄) နှစ်ကြာ ဆက်လက် ဆည်းပူးရမည်။ ၂၀၁၅ ဇန်နဝါရီတန်းခွဲသစ်များ သို့ တက်ရောက်ရန်အတွက် - ဝင်ခွင့်လျှောက်လွှာနှင့် အတူ အောင်မြင်ကြောင်း အထောက်အထား မှရင်းနှင့် မိတ္တူ၊ ပတ်(စ်)ပို့ဓါတ်ပုံ (၃)ပုံ နှင့်အတူ တင်လျှောက်ထားနိုင်ပါသည်။

ကျောင်းသားရေးရာဌာန -
အမှတ်(၁၆၆)အထက်ပန်းဆိုးတန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- 01-383132, 383133, 095104748, 09259271094

